http://www.

ဤစာအုပ်၌ နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲတွင်
၁၃၁၅ – ခုနှစ်မှ ၁၃၆၉ – ခုနှစ်အထိ မေးခဲ့ဖူးသော
ဘိက္ခုနီ ပါတိမောက်ဆိုင်ရာ
မေးခွန်းဟောင်းများကို စနစ်တကျ ဖြေဆိုထားသဖြင့်
စာသင်သားတိုင်း အားရပါးရ၊ အားရှိပါးရှိ ကျက်မှတ်ရတော့မည့်
စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမျက်နှာ ညွှန်းသော အက္ခရာဝလိပါဝင်သည်။

ဝိနည်းမေးကွက် (အတွဲ-၃)
အရှင်စန္ဒဇောတိ

နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ
ဝိနည်းဘာသာအတွက် အထူးထုတ်

# ဝိနည်းမေးကွက်

(အတွဲ-၃)

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

သိမ်ဆောင်ဇီဇဥ်ပုဂ္ဂနိုလ်သည်။

http://www.dhammadownload.com

နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ
ဝိနည်းဘာသာအတွက် အထူးထုတ်

# ဝိနည်းမေးကွက်

(အတွဲ-၃)

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

http://www.dhammadownload.com

# နိဒါန်း စကားမွှန်

## သာသနာ့ အသက်

ဘုရားရှင်သည် သာဝကများအတွက် သီလပြည့်စုံ၍ သာသနာတော် အရှည်ခံပြီး တည်တံ့စေရန် ဝိနည်းကျင့်စဉ်များကို မှုများ ဘောင်များ ချမှတ်ကာ ပြည့်ညတ်တော်မူခဲ့သဖြင့် ဝိနည်းဘာသာသည် သာသနာ့တော်အတွက် အရေးပါလှသော ဘာသာရပ်ဖြစ်သည်။ စာမေးပွဲဖြေဆိုသည်ဖြစ်စေ မဖြေဆိုသည်ဖြစ်စေ၊ ရှင်ရဟန်းများအနေဖြင့် ဝိနည်းဘာသာရပ်ကို မဖြစ်မနေသိအောင် လေ့လာသင်ယူရမည်သာ။ ထို့ကြောင့် **သာသနာ့အသက် ဝိနည်း မမွှစက်**ဟု ပြောစမှတ်ပြုကြလေသည်။

### ဝိနည်းစာမေးပွဲများ ကျင့်ပြခြင်း

မြန်မာနိုင်ငံ သာသနာတော်၌ နေအသွင်လတစ်ပါး ထင်ရှားတော်မူသော ဆရာတော်ကြီးများကလည်း သာသနာတော် တည်တံ့ပြန့်ပွားစေရန် မိမိတို့မြို့ရွာများနှင့် ကျောင်းတိုက်

http://www.dhammadownload.com



များ၌ ဝိနည်းစာပြန်ပွဲနှင့် စာမေးပွဲများ ကျင်းပပေးလျက်ရှိရာ တပည့် အဆက်ဆက်တို့မှာ ဝိနည်းနားလည်ကြပြီး လာဘ်လာဘ များလည်း အထိုက်အလျောက် ရရှိကြသဖြင့် **ကုသိုလ်လည်းရ ဝမ်းလည်းဝ**သော ဆောင်ရွက်ချက်ဟု **ဆို**ရပေမည်။ ထို့ကြောင့် ဝိနည်း ဘာသာရပ်သည် သာသနာတော်အတွက် အရေးကြီးဆုံး သာသာရပ်တစ်ခုဖြစ်ပေသည်။

## ဝိနည်းကို ဦးစားပေးခြင်း

တိပိဋကဓရ ရွေးချယ်ပွဲကြီး၊ **အစိုးရ**နိကာယ်စာမေးပွဲ စသော နိုင်ငံတော်အစိုးရက ကျင်းပလျက်ရှိသော အထင်ကရ စာမေးပွဲကြီးများ၌လည်း ဝိနည်း ပိဋကကိုသာ အစဦးဆုံးဖြေဆို ရန် ပြဋ္ဌာန်းထားသဖြင့် သာသနာ့ထိတ်ခေါင်တင် ဆရာတော်ကြီး များက ဝိနည်းကို အဘယ်မျှ တလေးတစား အရေးထားကြောင်း ပြောစရာလိုမည်မထင်ပေ။

ထို့အပြင် အစိုးရပါဠိပထမပြန်စာမေးပွဲ၌လည်း ဝိနည်း ဘာသာကိုသာ ပထမဦးဆုံးဖြေဆိုရန် ပြဋ္ဌာန်းထားသဖြင့် ဝိနည်း ဘာသာ၏ သာသနာတော်အတွက် အရေးပါအရာရောက်ပုံမှာ အထူးပြောစရာမလိုပေ။

http://www.dhammadownload.com



## ဝိနည်းမေးကွက်ပေါ်ခြင်း

စာရေးသူသည် ဝိနည်းမေးကွက် စာအုပ်များမရေးမီ သဒ္ဒါမေးကွက်စာအုပ်များနှင့် သင်္ဂြိုဟ်မေးကွက်စာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ စာသင်သားများက တခဲနက် ဝယ်ယူ အားပေးကြသည်။ လေ့လာသုံးသပ်ကြသည်။ ထို့ကြောင့် မေးကွက်ဟူသော အမည်မှာ စာပေလောက၌ နေရာတစ်နေရာ ရရှိသွားလေသည်။

စာရေးသူကလည်း စာအုပ်များ၌ ဝိနည်းမေးကွက်စာအုပ်များ ရေးသားထုတ်ဝေမည်ဖြစ်ကြောင်း ကြေညာထားရာ စာသင်သားများက ဝိနည်းမေးကွက် စာအုပ်များ မထွက်သေးဘူးလားဟု မကြာခဏ လာရောက်မေးမြန်းကြသဖြင့် မေးဖော်ရကြသော စာသင်သားများအား ကျေးဇူးတင်ရသကဲ့သို့ စာအုပ်ထွက်နောက်ကျနေသဖြင့် အားနာလည်း အားနာလှပေသည်။

## မေးကွက်များ၏ထူးခြားချက်

မေးကွက်စာအုပ် မထွက်ပေါ်သေးမီ ဝိနည်း ဘာသာ၊ သဒ္ဒါဘာသာ၊ သင်္ဂြိုဟ်ဘာသာစသော ဘာသာရပ်များ၏ ပုစ္ဆာဟောင်းများကို အဖြေရှာရာ၌ အဖြေစုံများနှင့် အခြားကျမ်းပေါင်း (၃၀) ကျော်တို့ကို လေ့လာကြည့်ရှုနိုင်မှသာ အဖြေစုံ ရရှိနိုင်ပေမည်။ သို့သော်လည်း တစ်အုပ်တည်း တစ်နေရာတည်း၌ ကြည့်ရှု၍မရဘဲ ကျမ်းပေါင်းစုံကို လေ့လာမွှေနှောက်နေရသဖြင့် အချိန်

http://www.dhammadownload.com



ကုန် လှူပန်းလှသည်။ စာအုပ်များစွာ ဝယ်ရသဖြင့် ငွေကြေး ကုန်ကျမှုလည်း များလှပေသည်။ ယခုအခါ မေးကွက်စာအုပ်များ ပေါ်ထွက်လာသဖြင့် အဖြေများကို တစ်နေရာတည်း၌ စုစုစည်း စည်း ရရှိကြ၍ အချိန်ကုန်လှူပန်း သက်သာသည့်အပြင် ငွေကြေး ကုန်ကျမှုလည်း သက်သာလှသည်။

## ပါဝင်သောနှစ်များ

အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပုဒ်စာဟောင်းများကို ရရှိနိုင်သမျှ စုဆောင်း၍ ဖြေဆိုထားရာ အောက်ပါအတိုင်း အတန်းအလိုက် တွေ့မြင်နိုင်ပေသည်။

(က) အခြေပြုတန်း၌ ၁၃၄၅–ခု ၄၈–ခုအထိ
၁၃၅၀–ခုမှ ၁၃၅၄–အထိ
၁၃၆၁–ခု

(ခ) ပထမငယ်တန်း၌ ၁၃၂၉–ခုမှ ၁၃၃၉–ခုအထိ
၁၃၄၆–ခုမှ ၁၃၅၇–ခုအထိ
၁၃၆၁–ခု၊ ၁၃၆၃–မှ ၁၃၆၈–ခုနှစ်အထိ

(ဂ) ပထမလတ်တန်း၌
၁၃၂၃–ခုမှ ၄၁–ခုထိ
၁၃၆၁–ခုမှ ၆၄–ခုထိ၊ ၁၃၆၇–ခု

http://www.dhammadownload.com



(ဃ) ပထမကြီးတန်း

၁၃၁၈–ခုမှ ၂၇–ခုအထိ၊ ၁၃၄၈–ခုမှ ၅၇–ခုအထိ

၁၃၆၀–ခုမှ ၆၆–ခုအထိ

## ဝိနည်းဟောင်းလေးအိုးကြီး

ဤစာအုပ်ကို အစိုးရပါဠိပထမပြန်စာမေးပွဲပုစ္ဆာဟောင်းများကို အခြေခံ၍ ဒွေမာတိကာပါဠ်၊ ဦးဖုဇ်မှူ ဒွေမာတိကာနိဿယ၊ ပါတိမောက်ဘာသာဋီကာ၊ ဝိနည်းဝိသဇ္ဇနာ ဝရဇိန်၊ ပါဠိပထမပြန် စာမေးပွဲပုစ္ဆာ အဖြေစုံများနှင့် ရန်ကုန်မြို့၊ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဆရာစဉ်ဆက် ပို့ချခဲ့သော အာစရိယဝါဒ အဆုံးအဖြတ်များကို မှီငြမ်းကိုးကားကာ စီစဉ်ထားပါသည်။ ထို့အပြင် အဆိုပါ ကျမ်းစာများ၌ ကျက်မှတ်လွယ်ကူစေရန် ရေးသားထားသော ကဗျာ၊ လင်္ကာ၊ တေးထပ်များကို ထုတ်နှုတ်၍ သုံးစွဲထားရာ စာသင်သားများအတွက် ဝိနည်းဟောင်းလေးအိုးကြီး တစ်အိုးနှင့် တူလှပေသည်။

## ကျေးဇူးတုံ့ပြန်ပူဇော်ရန်

ဤကျမ်းစာအုပ်ဖြင့် စာရေးသူ ပညာရည်နို့သောက်စို့ခဲ့၍ ကျေးဇူးရှင်ကြီးများ ဖြစ်ကြသော နေပြည်တော် တပ်ကုန်းမြို့နယ် အင်ပင်တောင်ကျောင်း ဆရာတော် ဦးကုသလ၊ ရန်ကုန်မြို့

http://www.dhammadownload.com



ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D. တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ (Ph.D. အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) စသော ကျေးဇူးရှင်ဆရာသမား အပေါင်းအား ဦးနှိမ်ကော်ရော် ပူဇော်အပ်ပါသည်။

**အရှင်စန္ဒဇောတိ**

**(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)**

**အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြု**

**အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်**

**ဓမ္မသုခကျောင်းတိုက်**

**ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း (၀၁) ၃၈၀၈၇၅၊ ၃၈၃၄၂၇**

http://www.dhammadownload.com



# ဝိနည်းမေးဖြေ

# ( အတွဲ-၃ )

# ဘိက္ခုနီပါတိမောက်မေးဖြေ

## နိဒါန်းမေးဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ❑ ဘိက္ခု၊ ဘိက္ခုနီ နိဒါန်းလာ ဩဝါဒတို့၏ ခြားနားချက်

ဘိက္ခုနီနိဒါန်းလာ ဩဝါဒကား ဘိက္ခုနီတို့၏ ဩဝါဒခံယူလိုပါကြောင်း ခွင့်တောင်းမှုကို လျှောက်ထားခြင်း၊

ဘိက္ခုနီ နိဒါန်းလာ ဩဝါဒကား ဘိက္ခုနီတို့ထံ အဆုံးအမခံဖို့ရန် လျှောက်ထားခြင်း၊ ဤသို့ထူးပါသည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုဂဏနာ စ ဩဝါဒေါ, ဘိက္ခုနိဂဏနာ စ ဩဝါဒေါတို့၌ ပါသောဩဝါဒ(၂)မျိုး၏ အဓိပ္ပါယ်ကိုပြ၍ ၎င်းဩဝါဒ ပျက်သော ဘိက္ခုနီမအား သင့်သောအာပတ်ကိုလည်း ဆိုင်ရာသိက္ခာပုဒ်အမည်မှ ညွှန်ပြဖြေဆိုပါ။**

ဘိက္ခုဂဏနာ စ ဩဝါဒေါ၌–ဘိက္ခုနီတို့၏ ဩဝါဒ ခံလိုပါသောကြောင့် ခွင့်တောင်းမှုကို သံဃာတော်အား လျှောက်ထားခြင်းကို ဩဝါဒဟုဆိုသည်။

ဘိက္ခုနိဂဏနာ စ ဩဝါဒေါ၌–ဘိက္ခုနီတို့က ဘိက္ခုတို့အထံ အဆုံးအမခံဖို့ရန် ခွင့်ပန်လျှောက်ထားခြင်းကို ဩဝါဒဟု ဆိုသည်။ ဤသို့ထူးသည်။

၎င်းဩဝါဒပျက်သော ဘိက္ခုနီမအား အာရာမဝဂ်– ဩဝါဒသိက္ခာပုဒ်, ဩဝါဒူပသင်္ကမန သိက္ခာပုဒ်များအရ ပါစိတ် အာပတ်သင့်ပါသည်။ (၁၃၂၉–ခု ၊ ၁၃၆၂–ခု အကြီးတန်း)

* * *

http://www.dhammadownload.com

# ပါရာဇိကမေးကွက်

## မေထုနဓမ္မသိက္ခာပဒ

### ❑ ဘိက္ခုနီပါရာဇိက သိက္ခာပုဒ်များ၌ သိက္ခာသာဇီဝသမာပန္နာ စသည်ဖြင့် မဆိုအပ်ဘဲ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ ဟုဆိုရခြင်း၏ အကြောင်း

ဘိက္ခုနီမများ၌ (ရဟန်းယောကျ်ားတို့လို) သိက္ခာချဖွယ် မလိုသောကြောင့် ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံစသည်ဖြင့် ဟောတော်မူပါသည်။

(၁၃၆၀-ခု ၊၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၅-ခု အကြီးတန်း)

### ❑ ဘိက္ခုနှင့် ဘိက္ခုနီ ပထမပါရာဇိက ပါဠိတော်(၂)ရပ်၏ ထူးခြားပုံ

ဘိက္ခုနီတို့သည် လူထွက်လိုသောအခါ ဘိက္ခုတို့ ကဲ့သို့ သိက္ခာချဖွယ်မလို၊ လူဝတ်လဲရုံဖြင့်ပင် သိက္ခာကျသည်။ ထိုကြောင့် ဘိက္ခုနီနံ သိက္ခာသာဇီဝံ သမာပန္နော သိက္ခံ အပစ္စ

http://www.dhammadownload.com



က္ခာယ ဒုဗ္ဗလျံ အနာဝိကတွာဟု ဟောတော်မမူပါ။ ဘိက္ခုနီတို့သည် ဗလက္ကာရ အပြုခံရသော်လည်း မေထုနဆန္ဒရာဂမပါလျှင် ပါရာ ဇိကမကျဟု သိစေလိုသောကြောင့် ဆန္ဒသောပုဒ်ထည့်၍ ဟောထားသည်။ (၁၃၆၈-ခု အကြီးတန်း)

## ❑ ဘိက္ခုနီ ပထမပါရာဇိကဌ် သိက္ခာသာဇိဝ မထည့်ရခြင်း

ဘိက္ခုနီမတို့အား သိက္ခာချခြင်းမည်သည် မရှိသော ကြောင့် သိက္ခာသာဇိဝ မထည့်ရခြင်း ဖြစ်ပါသည်။

## ❑ ရဟန်းမိန်းမများ လူထွက်ရာ၌ သိက္ခာချရ၊ မရကို ပါဠိတော်သာဓကဖြင့် ပေါ်လွင်အောင် ဖြေဆိုပါ။

သိက္ခာသာဇိဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာဟု မဟောဘဲ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျဟုသာ ဟောထားသောကြောင့် သိက္ခာချစရာ မလို။ (၁၃၆၂-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

## ❑ ဘိက္ခုနီပါရာဇိကဌ် ဘိက္ခုပါရာဇိကကဲ့သို့ သိက္ခာသာဇိဝ သမာပန္နောစသည်ဖြင့် အဘယ်ကြောင့်မဟောပါသနည်း။

ဘိက္ခုနီများသည် ဘိက္ခုများကဲ့သို့ အင်္ဂါ(၆)ပါးတို့ဖြင့် သိက္ခာချရန်မလိုဘဲ လူထွက်လိုသည့်စိတ်ဖြင့် လူဝတ်လဲလျှင်ပင် သိက္ခာကျသောကြောင့်တည်း။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဗလက္ကာရအပြုခံရသောရဟန်းမသည် ပထမပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းမှုရှိ၊ မရှိ ပါဠိထောက်ကာ ဆုံးဖြတ်ပြပါ။

ယာ ပန သိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျကိုထောက်၍ ပဌမပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းမှု မရှိပါ။

(၁၃၆၃–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၃–ခု၊ ၆၅–ခု အကြီးတန်း)

## ❑ ဆန္ဒသောထည့်ရခြင်းအကြောင်း

ဘိက္ခုနီမသည် မေထုနရာဂနှင့် စပ်လျဉ်းသောဆန္ဒ (ချစ်ခြင်း)၊ ရုစိ(ကြိုက်ခြင်း) ဖြင့် အလိုတူမှုမှ ပါရာဇိကာကျနိုင်သောကြောင့် ဆန္ဒသောဟု ထည့်ရပါသည်။

(တစ်နည်း) အလိုဆန္ဒမတူမှုပဲ ဗလက္ကာရပြု၍ ဖျက်ဆီးရုံမျှဖြင့် ပါရာဇိကမကျနိုင်ဟု ပြဆိုလိုသောကြောင့် ဆန္ဒသောဟု ထည့်ရခြင်း ဖြစ်ပါသည်။ (၁၃၆၅–ခု အကြီးတန်း)

## ❑ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ၌ ဆန္ဒသောဝယ် ယူရမည့် ဆန္ဒ၏အရ

မေထုနရာဂနှင့် ယှဉ်သောဆန္ဒ။

(၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီပထမပါရာဇိက သိက္ခာပုဒ်တွင် " ဆန္ဒသော မေထုန်ဓမ္မံ ပဋိသေဝေယျ " ၌ ဆန္ဒသောဟူသည်မှာ အဘယ်ကဲ့သို့ ခေါ်သည်ကို ဖြေဆိုပါ။

မေထုန်မှီဝဲလိုသော ဆန္ဒကို ခေါ်ပါသည်။

(၁၃၆၈-ခု အကြီးတန်း)

## ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပဒ

❑ ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်အရ ကခ်ါအဌကထာနှင့်အညီ အောက်ပါတို့ကို အရကောက်ပြခဲ့ပါ။

(က) ပုရိသပုဂ္ဂလဿ၊

(ခ) အဓက္ခက၊

(ဂ) ဥဗ္ဘဇာဏုမဏ္ဍလ၊

(က) ကာယသံသဂ္ဂအမှုကိုပြုရန် နားလည်သော လူယောကျ်ားကို ယူရပါသည်။

(ခ) ညှပ်ရိုး (၂)ဖက်၏ အောက်အရပ်ကို ရပါသည်။

(ဂ) ပုဆစ်ဒူးဝန်း၏ အထက်အရပ်ကို ရပါသည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ကိုယ်ကာယအထိအတွေ့ကို သာယာသောစိတ်ရှိသော ယောကျ်ား၏ အကြိမ်တစ်ရာ ထပ်ခါထပ်ခါဆွဲကိုင်ခြင်းကို သာယာသောရဟန်းမိန်းမအား သင့်သောအာပတ်အမည်ကို အရေအတွက်နှင့်တကွ ဖော်ပြပါ။**

အဓေ္ဓက, ဥဗ္ဗာဇာဏုမဏ္ဍလအရပ်၌ ဆွဲကိုင်ခြင်းကို သာယာလျှင် ပထမတစ်ကြိမ်ကပင်လျှင် ပါရာဇိကကျသည်၊ နောက်အကြိမ်များ၌ အာပတ်သင့်စရာမရှိတော့၊ ပါရာဇိကမဟုတ်သော အရပ်၌ အကြိမ်တစ်ရာထပ်ကာထပ်ကာ ဆွဲကိုင်ခြင်းကိုသာ သာယာသောရဟန်းမိန်းမအား ထုလ္လစ္စည်းအာပတ်တစ်ရာ သင့်သည်။ (၁၃၃၇-ခု အလတ်တန်း)

❑ **ဥဗ္ဗာဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်လာ အဝဿုတာ-အရ အဝဿုတ-အရတို့ကို ဖော်ပြခဲ့ပါ။**

| | |
|---|---|
| အဝဿုတာ-အရ | ကာယသံသဂ္ဂရာဂ ဖြင့် စိုစွတ်သော မိန်းမ၊ |
| အဝဿုတ-အရ | ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော ယောကျ်ား။ |

(၁၃၆၅-ခု အကြီးတန်း)

❑ **ဥဗ္ဗာဇာဏုမဏ္ဍလိကာ၊ အဋ္ဌဝတ္ထုကာ၊ ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်တို့၌လာသော အဝဿုတာ (၃)ခုတို့၏ ထူးခြားပုံ**

http://www.dhammadownload.com



(၁) ကိုယ်အင်္ဂါချင်း နီးနှောလို၊ ကိုင်လို ၊ထိလိုသော ကာယသံသဂ္ဂရာဂ၊

(၂) လူတို့သာယာအပ်သော အဆွေခင်ပွန်းဖွဲ့ခြင်း အစွမ်းဖြင့်ဖြစ်သော ကာယသံသဂ္ဂရာဂ စိုစွတ်မှု။

(၃) ချစ်ကြိုက်မှု ဆန္ဒရာဂ။

(၁၃၆၅–ခု အကြီးတန်း)

## ❑ ဥဗ္ဗာဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်၊ ဘောဇနေ ပဋိဂ္ဂဟဏ ပထမသိက္ခာပုဒ်တို့၌လာသော အဝဿုတဿသဒ္ဒါ (၂)ခုတို့၏အထူး

ဥဗ္ဗာဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်လာ အဝဿုတဿ သဒ္ဒါသည် ကာယသံသဂ္ဂရာဂဖြင့် စွတ်စိုခြင်း၊ ဘောဇနေပဋိဂ္ဂဟဏ ပထမသိက္ခာပုဒ်၌လာသော အဝဿုတဿ သဒ္ဒါသည် ဆန္ဒရာဂ ဖြင့် စွတ်စိုခြင်း၊ ဤသို့ထူးပါသည်။ (၁၃၆၈–ခု အကြီးတန်း)

## ❑ ဘိက္ခုနီပါတိမောက် ဥဗ္ဗာဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်၌ ပုရိသဿ–အရ မည်သည့်ယောက်ျားမျိုးကို ယူရမည်နည်း၊ ကဲ့အလိုကျ ရေးပါ။

ကာယသံသဂ္ဂသို့ရောက်ခြင်းငှာ သိနားလည်သော လူဇာတ်ရှိသော ယောက်ျားမျိုးကို ပုရိသဿအရ ယူရပါမည်။

(၁၃၆၈–ခု အလတ်တန်း ၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်၌ ဥဗ္ဘ–အရ ယူသင့်၊ မယူသင့်သော ခန္ဓာရပ်တို့ကို သာဓကပြကာ ပိုင်းခြားသတ်မှတ်ပြပါ။**

ယူသင့်သောခန္ဓာအရပ်

ညှပ်ရိုးနှစ်ဘက်၏ အောက်၊ ပုဆစ်ဒူးဝန်း နှစ်ဖက်၏ အထက်အရပ်နှင့် တတောင်ဆစ်မှ အထက်ဖြစ်သော လက်အရပ်။

မယူသင့်သောခန္ဓာအရပ်

ပါရာဇိကခေတ်မဟုတ်သော တတောင်ဆစ်မှ အဖျားပိုင်းဖြစ်သော လက်နှင့် ညှပ်ရိုးနှစ်ဘက်၏ အထက်အရပ်များ

သာဓက – အက္ခကံ ဥဗ္ဘဇာဏုမဏ္ဍလံ၊ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ။ (၁၃၆၁–ခု အကြီးတန်း)

❑ **အဘယ်ရဟန်းမိန်းမမျိုးကို ဥဗ္ဘဇာဏုမဏ္ဍလိကာ ဟု ခေါ်ဆိုပါသနည်း။**

ပုဆစ်နှစ်ဖက်အထက်၌ သုံးသပ်သည်ကို သာယာခြင်းကြောင့် ပါရာဇိကကျသော ရဟန်းမသည် ဥဗ္ဘဇာဏု မဏ္ဍလိကာမည်၏။ (၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဥဗ္ဘဇာကာမဏ္ဍလိကာ သိက္ခာပုဒ်၌ ဥဗ္ဘဇာကာမဏ္ဍလ–အရ

ပုဆစ်, ဒူးဝန်း နှစ်ဖက် အထက်ဖြစ်ပါသည်။

(၁၃၆၇–ခု အလတ်တန်း၊ ၁၃၆၁–ခု အကြီးတန်း)

## ❑ ဥဗ္ဘဇာကာမဏ္ဍလိကာ

ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော ဘိက္ခုနီသည် ညှပ်ရိုး နှစ်ဖက်အောက်၊ ပုဆစ် ဒူးဝန်းနှစ်ဖက်၏ အထက်အရပ်၌ ကာယသံသဂ္ဂရာဂရှိသော ယောကျ်ား၏ ကိုင်ခြင်း၊ တို့ခြင်း စသည်ကို သာယာခြင်းကြောင့် ပါရာဇိကကျသူကို ဥဗ္ဘဇာကာမဏ္ဍလိကဟု ခေါ်သည်။ (၁၃၆၇–ခု အလတ်တန်း)

## ❑ ဥဗ္ဘဇာကာမဏ္ဍလိက–အရကို ပြည့်စုံစွာရေးသားခဲ့ပါ။

တစ်တောင်ဆစ်အထက် လက်မောင်းအပါအဝင် ပုဆစ် ဒူးဝန်းအထက်, ညှပ်ရိုးနှစ်ဘက်အောက်အရပ်။

(၁၃၆၃–ခု အကြီးတန်း)

## ❑ ဥဗ္ဘဇာကာမဏ္ဍလိကာ သိက္ခာပုဒ်၏ အဓိပ္ပါယ်

အဝဿုတာ ဘိက္ခုနီမသည် မိမိ၏ညှပ်ရိုးနှစ်ဖက် အောက်၊ ပုဆစ်ဒူးဝန်းနှစ်ဖက်၏အထက်အရပ်ဝယ် အဝဿုတ

http://www.dhammadownload.com



ပုရိသ၏ ကိုင်တွယ်သုံးသပ်သည်ကို သာယာလျှင် ပါရာဇိက ကျသည်။ (၁၃၃၆–ခု အလတ်တန်း)

## ❑ အဘယ်သို့သောအာပတ်မျိုးကို ဥဗ္ဗာဇာဏမဏ္ဍာလိကာ ပါရာဇိကအာပတ်မည်ကြောင်း ရှင်းပြခဲ့ပါ။

ပုဆစ် ဒူးဝန်းနှစ်ဖက်၏အထက်၌ သုံးသပ်သည်ကို သာယာခြင်းရှိသော ဘိက္ခုနီ၏အာပတ်ဖြစ်သောကြောင့် ဥဗ္ဗာဇာဏုမဏ္ဍာလိကာမည်ပါသည်။ (၁၃၆၁–ခု အကြီးတန်း)

## ❑ အဝဿုတပုရိသ၏ ကိုင်တွယ်သုံးသပ်မှုကို သာယာသဖြင့် ပါရာဇိကမသင့်နိုင်သော ဘိက္ခုနီ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ

ညှပ်ရိုးနှစ်ဖက်၏အထက်၊ ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အောက်အရပ်၌ ကိုင်တွယ်သုံးသပ်လျှင် ပါရာဇိက မကျပါ။

(၁၃၂၄–ခု အလတ်တန်း)

## ❑ ဥဗ္ဗာဇာဏုမဏ္ဍာလိကာ သိက္ခာပုဒ်၌ ရဟန်းမ၏လက်ကို ပါရာဇိကခေတ်၊ ထုလ္လစ္စဉ်းခေတ် ပိုင်းခြားချက်

တံတောင်ဆစ်မှ အထက် လက်မောင်းရင်းတိုင် အောင် ပါရာဇိကခေတ်၊

http://www.dhammadownload.com



တံတောင်ဆစ်မှ အောက် လက်သည်းဖျားတိုင်အောင် ထုလ္လစ္စဥ်းခေတ်။ (၁၃၆၂-ခု အကြီးတန်း)

**❑ ကိုင်တွယ် အသုံးသပ်ခံ ရဟန်းမ၏လက်ကို ပါရာဇိက ခေတ်၊ အပါရာဇိကခေတ်အားဖြင့် ခွဲခြားချက်**

တစ်တောင်ဆစ်မှအရင်းပိုင်းသည် ပါရာဇိကခေတ်၊

တစ်တောင်ဆစ်မှ အဖျားပိုင်းသည် အပါရာဇိကခေတ်။ (၁၃၆၆-ခု အကြီးတန်း)

**❑ တံတောင်ဆစ်အထက် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ဘိက္ခုနီမအား အဘယ်အာပတ်သင့်သည်ကို အာပတ်သင့်ခြင်း၏ အကြောင်းနှင့်တကွရေးပါ။**

တံတောင်ထွာအထက် လက်မောင်းကိုလည်း ဥဗ္ဗာဇာဏုမဏ္ဍလအရ၌ သွင်းယူအပ်သောကြောင့် တံတောင်ဆစ်အထက် လက်မောင်းကို သုံးသပ်ရာ၌ သာယာသော ဘိက္ခုနီမအား ပါရာဇိကအာပတ်သင့်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

**❑ ရဟန်းမတစ်ယောက်သည် မိမိ၏ခန္ဓာကိုယ်နှင့်စပ်၍ ကာယသံသဂ္ဂရာဂဖြစ်နေသော ယောကျာ်းတစ်ယောက် အား အလိုတူအလိုပါခွင့် မပြုသင့်သော အပြုအမူများ**

http://www.dhammadownload.com



၁။ အာမသန – ထိုဤအရပ် မရွေ့လပ်ဘဲ သုံးသပ်ဖျစ်ညှစ်ခြင်း၊

၂။ ပရာမသန – ထိုဤအရပ် ပြောင်းရွေ့လတ်၍ သုံးသပ်ဖျစ်ညှစ်ခြင်း၊

၃။ ဂဟဏ – ကိုင်ရုံမျှ ကိုင်ခြင်း၊

၄။ ဆုပန – မနှိပ်မူ၍ တို့ခြင်း၊

၅။ ပဋိပီဠန – ပွေ့ယူဖျစ်ညှစ်ခြင်း။

(၁၃၆၁–ခု အကြီးတန်း)

❑ **(က) အာမသန၊ (ခ) ပရာမသန၊ (ဂ) ဂဟဏ၊ (ဃ) ဆုပန၊ (င) ပဋိပီဠန တို့၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။**

(က) ထိရာအရပ်ကို မကျော်လွန်မူ၍ ထိုထိရာအရပ်၌ ပင်လျှင် ပြင်းစွာ ထိခိုက်ခြင်းကို အာမသန ခေါ်ပါသည်။

(ခ) ထိုမှဤမှ လှည့်လည်ရွေ့ရှား သုံးသပ်ခြင်းကို ပရာမသနဟု ခေါ်ပါသည်။

(ဂ) ကိုင်ကာမျှကို ဂဟဏဟု ခေါ်ပါသည်။

(ဃ) ပြင်းစွာ မထိခတ်ဘဲ တို့ရုံမျှကို ဆုပနဟု ခေါ်ပါသည်။

http://www.dhammadownload.com



(င) အင်္ဂါကြီးငယ်တို့ကို ဖိညှပ်ခြင်းကို ပဋိပီဠန ဟု ခေါ်ပါသည်။ (၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

## ❑ ဥဇ္ဈာဓာဏာမဏ္ဍလ အစိပ္ပါယ်

ပုဆစ် ဒူးဝန်းနှစ်ဖက်အထက်၌ ထိရာအရပ်ကို မလွန်မူ၍ သုံးသပ်ခြင်းကို ဥဇ္ဈာဓာဏာမဏ္ဍလဟု ခေါ်သည်။

(၁၃၆၂-ခု အလတ်တန်း)

## ❑ ဥဇ္ဈာဓာဏာမဏ္ဍလိကာ သိက္ခာပုဒ်အရ ဘိက္ခုနီအား ဒုက္ကဋ် အာပတ်များသင့်နိုင်သော သာယာမှုများ

ပုဆစ် ဒူးဝန်း၏အောက်အရပ်နှင့် တံတောင်ဆစ်မှ လက်ဖျားအထိ၊ ညှပ်ရိုးမှအထက် ဦးခေါင်းပိုင်းတို့၏ ကေတော အဝဿုတဖြစ်လျှင်သော်လည်းကောင်း၊ ဥဘတောအဝဿုတ ဖြစ်စေကာမူ အမှတ်မရှိ ကာယပဋိဗဒ္ဓ အချင်းချင်းထိလျှင်သော် လည်းကောင်း၊ အမှတ်မရှိသည့်ကာယ, ကာယပဋိဗဒ္ဓဖြင့် ကာယ, ကာယပဋိဗဒ္ဓကို မေထုနရာဂ, ဂေဟဿိတပေမတို့ဖြင့် ထိလျှင် သော်လည်းကောင်း၊ တိရစ္ဆာန်နှင့် လူယောင်ဆောင် နတ် ဘီလူး တို့ဆိုင်ရာ ကေတော အဝဿုတဖြင့် ထိမှုမှန်သမျှ၌ သော်လည်း ကောင်း ၎င်းသာယာမှုတို့၌ ဒုက္ကဋ်သင့်သည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ ဘိက္ခုနီမ၏ ခန္ဓာကိုယ်ကို ကိုင်တွယ်သုံးသပ်ရာတွင် ပါရာဇိကခေတ်၊ အပါရာဇိကခေတ် အားလျော်စွာ သုံးသပ်ခြင်းများကို ခွဲခြားချက်

ပါရာဇိကခေတ်ဖြစ်သည့် ညှပ်ရိုး(၂)ဖက်အောက် ပုဆစ် ဒူးဝန်း(၂)ဖက်အထက်၌ သုံးသပ်ခြင်းများ

ထိရာအရပ်ကို မလွှန်မူ၍သုံးသပ်ခြင်း။ ထိုမှ ဤမှ ရွှေ့လျား၍ သုံးသပ်ခြင်း၊ ကိုင်ခြင်း၊ မနှိပ်မူ၍တို့ခြင်း၊ ကိုယ်အင်္ဂါကို ကိုင်၍နှိပ်ခြင်း။

အပါရာဇိကခေတ်ဖြစ်သည့် ညှပ်ရိုး(၂)ဖက်အထက်, ပုဆစ် ဒူးဝန်း(၂)ဖက်အောက်ကို သုံးသပ်ခြင်းများ–

လက်စသည် ကိုင်သည်ကို သာယာခြင်း။

### ❑ ဥဇ္ဈာရဏမင်္ဂလိကာ သိက္ခာပုဒ်အရ အာပတ်မသင့်ရောက်နိုင်သော ဘိက္ခုနီမများ

စေတနာပါဘဲ လွန်ကျူးမိသောရဟန်းမ၊ သတိမရှိသော ရဟန်းမ၊ ပညတ်တော်ကို မသိသောရဟန်းမ၊ မသာယာသော ဘိက္ခုနီမ၊ ရူးသွပ်သောရဟန်းမ။ (၁၃၆၃–ခု အကြီးတန်း)

### ❑ မိမိညှပ်ရိုးအောက်၊ ပုဆစ်ဒူးဝန်း၏အထက်အရပ်၌ ရာဂဖြင့်စွတ်စိုသောယောကျ်ား၏ အမျိုးမျိုးသုံးသပ်ခြင်းကို သာယာ

http://www.dhammadownload.com



**သော ဘိက္ခုနီမအား အပြစ်ကြီးသင့်ရောက်ပုံပြဆိုသော သိက္ခာပုဒ်ကို ပါဠိရေးပြပါ။**

ဥဗ္ဗာဏာရုမဏ္ဍလိကာ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၃–ခု၊ ၆၄–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၈–ခု အကြီးတန်း)

## ❑ ဘိက္ခုနီပါတိမောက်နှင့်သက်ဆိုင်သော အာဒိကမ္မိက ဘိက္ခုနီ (၇)ပါးတို့၏ အမည်များ

သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယာ၊ ဘိက္ခုနိယော၊ စဏ္ဍကာဠီ၊ အညတရာဘိက္ခုနီ၊ သမ္ဗဟုလာဘိက္ခုနိယော၊ ဒွေ ဘိက္ခုနိယော။

(ဆောင်) သုန္ဒရီနန္ဒာ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယညတရာပိ စ။

စဏ္ဍကာဠီ သမ္ဗဟုလာ၊ ဒွေ စ ဘိက္ခုနိယောပရာ။

ဘိက္ခုနီနံ တု သတ္တေ၀၊ ဟောန္တိ တာ အာဒိကမ္မိကာ။

(ကင်္ခါဋီကာသစ်) (၁၃၃၇–ခု အကြီးတန်း)

# ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပဒ

## ❑ ဘိက္ခုနီမတစ်ယောက် ပါရာဇိကအာပတ်သင့်ရောက်နေသည်ကို သိလျက်နှင့် မပြောဘဲ ဖုံးထားသောရဟန်းမ

ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပဒ။ (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဖော်ပြပါရဟန်းမတို့အား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။

(က) ပါရာဇိကအာပတ်သင့်နေသော ဘိက္ခုနီဟုသိလျက် မသိကျိုးကျွံပြုနေသော ရဟန်းမ။

(ခ) နှစ်ဦးသဘောတူ သင်္ကန်းလဲလှယ်ပြီးနောက် မိမိသင်္ကန်းကို ပြန်လည်လုယက်သော ရဟန်းမ။

(က) ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်၊

(ခ) စီဝရပရိဝတ္တန သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၃-ခု အကြီးတန်း)

❑ **အသံဝါသာ ဝဇ္ဇပဋိစ္ဆာဒိကာနှင့် အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာတို့၌ ဝဇ္ဇ (၂) ပုဒ်၏အထူး**

အသံဝါသာ ဝဇ္ဇပဋိစ္ဆာဒိကာ – ၌ ဝဇ္ဇ–အရ ပါရာဇိကအာပတ်ကို ယူရမည်။

အညမညိဿာ ဝဇ္ဇပဋိစ္ဆာဒိကာ–၌ ဝဇ္ဇ–အရ ဥဒ္ဒါနုရုဒ္ဒက အာပတ်ကို ယူရမည်။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဘိက္ခုနီ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ သိက္ခာပုဒ်လာ

(က) ယဒါ စ သာ ဌိတာ ဝါ အသ။

(ခ) သာ ပစ္စာ ဇဝံ ဝဒေယျတို့၌ပါသော သာ(၂)ခုတို့၏ အရထူးနှင့် ဌိတာစသည်တို့၏ အဓိပ္ပါယ်အသီးသီး

(က) ပါရာဇိကသို့ရောက်သော ရဟန်းမ၊

(ခ) သိသောရဟန်းမ၊

ဌိတာ – မိမိအသွင်၌ တည်ခြင်း၊

စုတာ – သေလွန်ခြင်း။

နာသိတာ – မိမိကိုယ်တိုင် အသွင်ဖျက်ခြင်း၊ သူတစ်ပါး က အသွင်ဖျက်ခြင်း၊

အဝဿဋာ – တိတ္ထိကျောင်းသို့ ပြောင်းရွှေ့ခြင်း။

(၁၃၆၆–ခု အကြီးတန်း)

## ❑ အပြစ်ကိုဖုံးကွယ်ထားသော ဘိက္ခုနီမ၏ ပါရာဇိကကျရာကာလ

"ထိုအပြစ်ကို မည်သူ့ကိုမျှ မပြောတော့အံ့"ဟု ဝန်ချအပ်ကာမျှ၌ ပါရာဇိက ကျပါသည်။ (၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **အခြားဘိက္ခုနီမ၏ ပါရာဇိကပြစ်မှုကိုသိလျက် ဖုံးကွယ်ပေးထားသော ဘိက္ခုနီမ**

ပါရာဇိကအာပတ် သင့်ပါသည်။

ယင်းပါရာဇိကအာပတ်ကို သာမဏေမပြု၍လည်းကောင်း၊ လူထွက်၍လည်းကောင်း ကုစားရပါမည်။

(၁၃၆၅–ခု အကြိုးတန်း)

❑ **ဝဇ္ဇပဋိစ္ဆာဒိကာရဟာန်းမသည် ဖုံးထားကြောင်းကို ဝန်ခံသည့်အခါမှ ပါရာဇိကကျပါသလော၊ ရှင်းပြပါ။**

ဝန်ခံသည့်အခါမှ ပါရာဇိကကျသည်မဟုတ်၊ မည်သူကိုမျှ မပြောကြားတော့အံ့ဟု ဝန်ချကာမျှ၌ပင် ပါရာဇိကကျပါသည်။

(၁၃၆၂–ခု အကြိုးတန်း)

❑ **ဒုဋ္ဌုလ္လအာပတ်ကို ဖုံးကွယ်သောဘိက္ခု၊ ဘိက္ခုနီတို့အား အဘယ်အာပတ်သင့်ပါသနည်း။**

ဒုဋ္ဌုလ္လပဋိစ္ဆာဒန–ဒုဋ္ဌုလ္လအာပတ်ကို ဖုံးကွယ်သော ဘိက္ခုအား ပါစိတ်အာပတ်

(သပ္ပါဏကဝဂ် ဒုဋ္ဌုလ္လပဋိစ္ဆာဒန သိက္ခာပုဒ်)

ဘိက္ခုနီအား ပါရာဇိကအာပတ် (ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်)

(၁၃၂၉–ခု အကြိုးတန်း)

http://www.dhammadownload.com



**❑ (က) ပါပသမာစာရ၊ (ခ) ဝစ္စပ္ပဋိစ္ဆာဒိကာတို့ အဓိပ္ပါယ်**

(က) ကိုယ်နှုတ်၌ဖြစ်သော ယုတ်မာသောအကျင့် သည် ပါပသမာစာရ၊

(ခ) ပါရာဇိက ကျသောရဟန်းမ,မှန်းသိလျက် အပြစ်ကို ဖုံးထားခြင်းသည် ဝစ္စပ္ပဋိစ္ဆာဒိကာ။

(၁၃၆၃-ခု အလတ်တန်း)

**❑ ဘိက္ခုနီမကို ပါရာဇိကကျနေမှန်းသိသော်လည်း မိမိအသက် အန္တရာယ်စိုးရိမ်ရသောကြောင့် မပြောဝံ့ဘဲ ဖုံးထားသော ဘိက္ခုနီအား ဝစ္စပ္ပဋိစ္ဆာဒိက သိက္ခာပုဒ်ဖြင့် ပါရာဇိကကျ၊ မကျ အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။**

အန္တရာယ်ရှိ၍ သူတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးထားမိသည့် ဘိက္ခုနီမအား-ဘိက္ခုနီဝစ္စပ္ပဋိဒိကာသည် ဘိက္ခု သပ္ပါဏဝဂ် ဒုဋ္ဌုလ္လပါစိတ်နှင့် အလားတူသောကြောင့် ဘိက္ခုဒုဋ္ဌုလ္လ သိက္ခာပုဒ် အနာပတ္တိဝါရကဲ့သို့ပင် မှတ်ယူရမည်ဖြစ်၍ ဝစ္စပ္ပဋိစ္ဆာ ဒိကာ ပါရာဇိက မကျပါ။ (၁၃၆၄-ခု အကြီးတန်း)

**❑ ပါရာဇိကကျပြီးသော ဘိက္ခုနီ၏ အပြစ်ကိုဖုံးထားသည့် ရဟန်းမ၏ အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိသက်သက်ရေး ပြပါ။**

http://www.dhammadownload.com



ဝဇ္ဇပ္ပဋိစ္ဆာဒိကာ သိက္ခာပုဒ်ကိုရေးလေ။

(၁၃၆၁-ခု ၊ ၆၆-ခု ၊ ၆၈-ခု အကြီးတန်း)

## ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပဒ

### ❑ ဥက္ခိတ္တာနုဝတ္တက သိက္ခာပုဒ်လာ အဘယ်ရဟန်းမျိုးကို ဥက္ခိတ္တကဟု ခေါ်ပါသနည်း၊ ဖြေဆို၍

၁။ အာပတ်ကိုမရှုခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း၊

၂။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း၊

၃။ ယုတ်မာသောအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်း။

(၁၃၆၆-ခု အကြီးတန်း)

### ❑ အပ္ပဋိကာရ် အကတသဟာယဲ၌ သဟာယ-အရ

ကေကမ္မစသော သံဝါသ၌ အတူတကွဖြစ်သော တူသော သံဝါသရှိသော ရဟန်းတို့ရ၏။

အကတသဟာယ-အရ တူသောသံဝါသရှိသည်၏ အဖြစ်ကို မကပ်ရောက်သောရဟန်း၊ ရဟန်းကောင်းတို့က သံဝါသ မပြုဘဲ ကြဉ်ဖယ်ထားသော ရဟန်း။ (၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဥက္ခိတ္တကရဟန်းသို့အတူလိုက်နေသော ဘိက္ခုနီမိုက်အား အခြားဘိက္ခုမီတို့က ပြောဆိုဆုံးမသော စကားရပ်များကို မှန်ကန်စွာ အနက်ပေးပြပါ။**

ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၃-ခု အကြီးတန်း)

❑ **အပ္ပဋိကာရ၏ သဘောအဓိပ္ပါယ်**

ပဋိကာရ(ကုစားခြင်း) ဟူသည် သံဃာစသည်ကို ရိုသေလေးစား၍ ကောင်းစွာကျင့်လျှင် သံဃာအတွင်းသို့ပြန်၍ ဥက္ခေပနီယကံမှ ထုတ်ပေးခြင်းတည်း။

ထိုသို့ဥက္ခေပနီယကံမှ ထုတ်ပြန်၍ မသွင်းရသေးသူကို အပ္ပဋိကာရဟု ခေါ်ပါသည်။ (၁၃၆၇-ခု အလတ်တန်း)

❑ **ဥက္ခိတ္တကရဟန်းသို့ အတုလိုက်သော ရဟန်းမအား သီတင်းသုံးဖော် ရဟန်းမတို့က မည်သို့ပြောဆိုဆုံးမ ရမည်ကို ညွှန်ပြပါ။**

"အရှင်မ... ဤရဟန်းသည် သမဂ္ဂသံဃာက ဓမ္မ ဝိနယနှင့်အညီ ဥက္ခေပနီယကံဖြင့် နှင်ထုတ်ထားပြီးဖြစ်သည်။ သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်နှင့် ကံကို မလေးစားသူလည်း ဖြစ်သည်။ သံဃာအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် စီမံကုစားထားသူလဲ မဟုတ်၊ ကံကြီးကံငယ်ကိစ္စတို့၌ သူ့ကို သံဃာက အပေါင်းအသင်း မလုပ်၊ ဒါကြောင့်မို့ အရှင်မသည် ဤရဟန်းသို့အတုမလိုက်သင့်။

http://www.dhammadownload.com



## ❑ အကတသဟာယံ၌ သဟာယနှင့် အကတသဟာယ ခွဲခြားချက်

ကေကမ္မ, ကေဒ္ဒေသ, သမသိက္ခတာဟူသော သံဝါသ၌ တကွဖြစ်ခြင်းအားဖြင့် တူသောသံဝါသရှိကုန်သော ရဟန်းတို့သည် သဟာယမည်သည်။

ကေဒ္ဒေသစသော သံဝါသ၌ အဖော်မပြုအပ်သော ရဟန်း, တူသောသံဝါသရှိသူ အဖြစ်သို့ မကပ်ရောက်သော ရဟန်းသည် အကတသဟာယ မည်သည်။ (၁၃၅၁-ခု အကြီးတန်း)

## ❑ အစဉ်လိုက်ပုံ (အနုဝတ္တန)

ဥက္ခိတ္တကရဟန်းယူသော အယူကိုလိုက်၍ ယူခြင်းသည် အစဉ်လိုက်ပုံမည်သည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဓမ္မဝိနယနှင့်အညီ သံဃာသည် နှင်ထုတ်အပ်သော ရဟန်းသို့ အတုလိုက်သော ဘိက္ခုနီမကို အခြားဘိက္ခုနီမများက အဘယ်သို့ပြောဆို ဆုံးမရပါမည်နည်း။

"အရှင်မ... ဤရဟန်းကို ညီညွတ်သော သံဃာသည် ဟုတ်မှန်သောဝတ္ထုဖြင့် စေဒနာသာရဏာ ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော ဥက္ကမ္မဝါစာဖြင့် နှင်ထုတ်အပ်ပြီးသော ရဟန်းတည်း၊ ရိုသေလေးစားခြင်းမရှိ၊

http://www.dhammadownload.com



သံဃာ ဘောသို့မသွင်းရသေး၊ ကံကြီးကံငယ်ကိစ္စ၌ပြုအပ်သော အပေါင်း အဖော်မရှိ၊ အရှင်မ... ဤရဟန်းသို့ အတုမလိုက်ပါနှင့်ဟု ပြောဆိုဆုံးမရပါမည်။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

**❑ ဘိက္ခုနီမပါရာဇိက ဥက္ခိတ္တာနုဝတ္တက သိက္ခာပုဒ်၌ ဘိက္ခုနီမတို့က ဥက္ခိတ္တာနုဝတ္တိက ဘိက္ခုနီမအား ဆိုဆုံးမပုံပြစကားရပ်ကိုသာ အနက်မှန်မှန်ယောဇနခဲ့ပါ။**

(အနက်ထင်ရှားပြီ)

(၁၃၄၀-ခု၊ ၆၁-ခု အလတ်တန်း)

## အဋ္ဌဝတ္ထုကာ သိက္ခာပဒ

**❑ အဋ္ဌဝတ္ထုသိက္ခာပုဒ်၌ ဟတ္ထဂ္ဂဏံ ဝါ ဟုရှိရာ ဟတ္ထဂ္ဂဟဏအရ**

ပါရာဇိကသော်မဟုတ်သော အင်္ဂါတစ်ခုခုကို ကိုင်ခြင်းကို ယူ။

(၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ အင္ဓဝတ္ထုကာ သိက္ခာပုဒ်လာ ဟတ္ထ–အရ

ပါရာဇိကခေတ်မဟုတ်သော ပုဆစ် ဒူးဝန်းအောက် ညှပ်ရိုးအထက်ဟူသော အင်္ဂါတစ်ခုခုကို ယူရပါသည်။

သင်္ဃာဒိသေသ–အရ သင်းပိုင်၊ ကေသီ၊ သင်္ကန်းကြီး အားလုံးကို ယူ။ (၁၃၆၈–ခု အကြီးတန်း)

## ❑ အင္ဓဝတ္ထုကာ သိက္ခာပုဒ်၌ ဟတ္ထ–အရ၊ သံဃာဒိသေသ–အရ

ဟတ္ထ–အရ ပါရာဇိကခေတ်မဟုတ်သော ကိုယ်အင်္ဂါကိုယူ၊

သံဃာဒိသေသ–အရ ကိုယ်ဝတ်ရုံကို ယူရပါမည်။

(၁၃၆၂–ခု အကြီးတန်း)

## ❑ အင္ဓဝတ္ထုကာ သိက္ခာပုဒ်လာ တေသ အသဒ္ဓမ္မသ–၌ အသဒ္ဓမ္မ–အရ

ကာယသံသဂ္ဂဟု ဆိုအပ်သော မသူတော်တို့၏ အကျင့်။ (၁၃၆၆–ခု အကြီးတန်း)

F-3A

http://www.dhammadownload.com



## ❑ ဘိက္ခုနီ ပါရာဇိကလာ အဋ္ဌဝတ္ထုက(၈)ပါး သရုပ်

(၁) ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်လျက် ကာယသံသဂ္ဂရာဂ စိုစွတ်သော ယောကျ်ားၡ၏ လက်ကို ကိုင်ခြင်း၌ သာယာခြင်း၊

(၂) သင်္ကန်းစွန်းကို ကိုင်ခြင်း၌ သာယာခြင်း၊

(၃) ယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်ခြင်း၊

(၄) ဟတ္ထပါသ်၌ ရပ်၍ စကားပြောခြင်း၊

(၅) ချိန်းချက်ရာအရပ်သို့ သွားခြင်း၊

(၆) ယောကျ်ား၏လာခြင်းကို သာယာခြင်း၊

(၇) ဖုံးကွယ်ရာ အရပ်သို့ဝင်ခြင်း၊

(၈) မိမိ၏ကိုယ်ကို ကာယသံသဂ္ဂဟူသော မသူတော် တရားမှီဝဲရန် ယောကျ်ားသို့ ရှေးရှုဆောင်ခြင်းအားဖြင့် (၈)ပါးဖြစ်ပါသည်။

(၁၃၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၅-ခု အကြီးတန်း)

**❑ ဘိက္ခုနီပါတိမောက် အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်လာ စတုတ္ထအင်္ဂါရပ်နှင့် သတ္တမအင်္ဂါရပ်တို့ကို ပါဠိ၊ မြန်မာ(၂)ဘာသာဖြင့် ယှဉ်တွဲဖြေဆိုပါ။**

http://www.dhammadownload.com



သလ္လပေယျ ဝါ – အတူတကွ စကားပြောဆို ငြားအံ့

ဆန္နံ ဝါ အနုပဝိသေယျ– ဖုံးကွယ်ရာ အရပ်သို့မူလည်း ဝင်ငြားအံ့။

(၁၃၆၆–ခု အကြီးတန်း)

❑ **အင္ဂုဝတ္တုက သိက္ခာပုဒ်၌ ရဟန်းမိန်းမတို့အား ပါရာဇိက ကျကြောင်း အင်္ဂါ(၈)မျိုးရှိရာဝယ် နောက်ဆုံးဖြစ်သော အင်္ဂါရပ်သာ ရေးသားပါ။**

ကာယသံသဂ္ဂဟူသော မသူတော်တို့၏ တရားကို မှီဝဲခြင်းငှာကိုယ်ကို ယောကျာ်းအနီးသို့ ဆောင်ခြင်းဖြစ်သည်။

(၁၃၆၃–ခု အကြီးတန်း)

❑ **ဘိက္ခုနီပါတိမောက် အင္ဂုဝတ္တုကြာ သိက္ခာပုဒ်၌ ဒုက္ကဋ် ထုလ္လစ္စည်း(၂)ချက်သင့်သော ဝတ္ထုတို့ကို အာပတ်သင့်ပုံနှင့် တကွ ဖော်ပြပါ။**

ချိန်းချက်ရာအရပ်သို့သွားသော ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ဒုက္ကဋ်၊ ယောကျာ်း၏ ဟတ္ထပါသ်အတွင်းသို့ ရောက်သော် ထုလ္လစ္စည်းအာပတ်၊ ယောကျာ်း၏ ရေးရှုလာခြင်းကို သာယာလျှင် ဒုက္ကဋ်၊ ဟတ္ထပါသ်အတွင်းရောက်လျှင် ထုလ္လစ္စည်း အာပတ်သင့်ပါသည်။

(၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com



❑ **အဝသုတပုရိသက လက်မောင်း၌ကိုင်ခြင်းကို သာယာသောရဟန်းမအား ပါရာဇိကကျ၊ မကျ အကြောင်းပြဆုံးဖြတ်ပါ။**

အဝသုတပုရိသက လက်မောင်း၌ ကိုင်သည်ကို သာယာရုံမျှဖြင့် ပါရာဇိကမကျပါ။ အကြောင်းကား အင်္ဂါ(၈) ချက်ပြည့်မှ ပါရာဇိကကျသောကြောင့်တည်း။

(၁၃၆၇-ခု အကြီးတန်း)

❑ **အချင်းချင်းသာယာစိတ်ရှိကြလျက် ရဟန်းယောက်ျားက ရဟန်းမိန်းမ၏လက်ကို ဆွဲကိုင်ခြင်း, ကျောကိုပွတ်သပ်ခြင်း ပြုလုပ်ရာ၌ ဘိက္ခု၊ ဘိက္ခုနီ(၂)ဦးလုံးတို့အား မည်သည့် သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ သင့်ကြပါသနည်း။**

လက်ကိုဆွဲကိုင်သည်ကို သာယာသော ဘိက္ခုနီမအား အဋ္ဌဝတ္ထုကသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း၊ ကျောကိုပွတ်သပ်သည်ကို သာယာသောဘိက္ခုနီမအား ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်ဖြင့် ပါရာဇိက။ ဘိက္ခုမှာကား ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် နှစ်ချက်လုံး သံဃာဒိသေသ်။

(၁၃၃၀-ခု အကြီးတန်း)

❑ **အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကို လွန်ကျူးသော ဘိက္ခုနီမအား (က) ဝတ္ထု(၈)ပါး မပြည့်မီ**

http://www.dhammadownload.com



(ခ) ပြည့်ရာအခါ၌ သင့်ရောက်သောအာပတ်တို့ကို ခွဲခြားပြပါ။

(က) ထုလ္လစ္စဉ်းအာပတ်၊

(ခ) ပါရာဇိကအာပတ်။ (၁၃၆၆-ခု အကြီးတန်း)

**❑ အဋ္ဌဝတ္ထုက သိက္ခာပုဒ်ကို လွန်ကျူးသောဘိက္ခုနီမ၌ သင့်ရောက်သောအာပတ်တို့ကို သင့်ရောက်ပုံ အခြင်းအရာနှင့်တကွ အဋ္ဌကထာအလိုကျ ဖြေဆိုပြပါ။**

ဝတ္ထုအမျိုးတို့တွင် တစ်မျိုးမျိုးကို လွန်ကျူးသည့်အခါတိုင်း၌ ထုလ္လစ္စဉ်းအာပတ်သင့်ပါသည်။ (၈)ခုပြည့်သောအခါ ပါရာဇိကကျပါသည်။ (၁၃၆၈-ခု အလတ်တန်း)

**❑ အဋ္ဌဝတ္ထုက သိက္ခာပုဒ်၌ ဝတ္ထုတစ်မျိုးမျိုးကို လွန်ကျူးသော ရဟန်းမအား သင့်ရောက်သောအာပတ်ကို ထုတ်ဖော်ပြပါ။**

အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်၌ တစ်မျိုးချင်း ကျူးလွန်ရာဝယ်-

သင်္ကေတာဂမနမှု၌ ယောကျ်ားဟတ္ထပါသ်သို့မရောက်မီ ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ရောက်ရောက်ချင်း ထုလ္လစ္စဉ်းသင့်သည်။ အဟ္ဘာဂမနသာဒိယနမှု၌ မိမိဟတ္ထပါသ်သို့ ယောကျ်ားမရောက်မီ ယောကျ်ား၏ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ယောကျ်ားရောက်လျှင် ထုလ္လစ္စဉ်းသင့်သည်။ ကျန်အမှုတို့၌ ထုလ္လစ္စဉ်းချည်းသာ သင့်သည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ အင်္ဂုဝတ္ထုကြာ သိက္ခာပုဒ်၌ ဝတ္ထုတစ်မျိုးမျိုးကို ကျူးလွန်သော ရဟန်းမအား သင့်ရောက်သောအာပတ်ကို ဆုံးဖြတ်ပါ။**

အင်္ဂုဝတ္ထုကြာ သိက္ခာပုဒ်၌ ဝတ္ထုတစ်မျိုးမျိုးကို လွန်ကျူးသော ရဟန်းမအား ထုလ္လစ္စည်းအာပတ် တစ်ချက်စီ သင့်သည်။ (၁၃၆၁–ခု အကြီးတန်း)

**❑ ယင်းအာပတ်ကို ဒေသနာကြားရာရောက်၊ မရောက်ကို ရှင်းလင်းခဲ့ပါ။**

အင်္ဂုဝတ္ထုကြာ ပါရာဇိက၌ ဝတ္ထုတစ်မျိုးမျိုးကို ကျူးလွန်မိလျှင် ထုလ္လစ္စည်းအာပတ်သင့်သည်။ ဒေသနာကြားရာ၌ အာယတိံ သံဝရစိတ်ဖြင့် ဒေသနာကြားမှသာ ဒေသနာကြားရာ ရောက်၍ ထိုအာပတ်မှ ထမြောက်သည်။

အာယတိံ သံဝရစိတ်မရှိဘဲ ဒေသနာကြားလျှင်ကား ဒေသနာကြားရာ မရောက်၊ ထိုအာပတ်မှ မထမြောက်။

(၁၃၆၁–ခု အကြီးတန်း)

**❑ ဘိက္ခုနီအင်္ဂုဝတ္ထုကြာသိက္ခာပုဒ်လာ ဂဏန္တိကာ အာပတ်၏ အဓိပ္ပါယ်**

(၈)ပါးသောဝတ္ထုတို့တွင် တစ်ခုခုကိုလွန်ကျူးပြီး နောက် "နောက် မလွန်ကျူးတော့"ဟု ခုရနိက္ခေပပြု၍ ဒေသနာ

http://www.dhammadownload.com



ကြားသော အာပတ်သည် ပါရာဇိကအရေအတွက်သို့ မရောက်သောကြောင့် ဂဏနူပိကာ အာပတ်မည်၏။

(၁၃၆၂-ခု အကြီးတန်း)

## ❑ ဂဏနူပိကာအာပတ်နှင့် အဝဏာနုပြိကာမည်ပုံတို့ကို ကန်ခါ်အာဘော်ကျ ရှင်းပြပါ။

နှောင် မကျူးလွန်တော့အံ့ဟု နိက္ခေပပြုပြီး ဒေသနာကြားသော အာပတ်သည် ဒေသနာကြားရာ ရောက်သောကြောင့် ဂဏနုပြိကာ အာပတ်မည်၏။

အာပတ်သင့်ပြီးနောက် နောက်ထပ်လည်း အခြားဝတ္ထုသို့ရောက်ဦးအံ့ဟု ဥဿာဟနှင့်တကွ ဒေသနာကြားသော အာပတ်သည် ဒေသနာကြားရာ မရောက်သောကြောင့် အဂဏနုပိကာ အာပတ်မည်၏။ (၁၃၆၃-ခု၊ ၆၈-ခု အကြီးတန်း)

## ❑ အင္ဂုဝတ္ထုက သိက္ခာပုဒ်လာ ဝတ္ထုတစ်မျိုးမျိုးကို ကျူးလွန်မိ၍ ထုလ္လစ္စဥ်းအာပတ်သင့်သော ဘိက္ခုနီမသည် မည်ကဲ့သို့သော စိတ်ထားဖြင့် ဒေသနာကြားရမည်နည်း။ ဖြေဆိုပါ။

ဝတ္ထုတစ်မျိုးမျိုးကို လွန်ကျူးမိ၍ ထုလ္လစ္စဥ်းအာပတ်သင့်သော ဘိက္ခုနီမသည် စုရနိက္ခေပကိုပြုကာ ဒေသနာကြားရမည် ကိလေသာ၏အစွမ်းဖြင့် နောက်ထပ်သင့်ရောက်ပြန်မူ ထပ်၍ ဒေသနာကြားရပါမည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီအဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကို ပါဠိရေးပါ။**

(၁၃၃၁-ခု အကြီးတန်း)

❑ **ဘိက္ခုပါတိမောက်၌ ဝတ္ထု(၈)မျိုးလုံး လွန်ကျူးသော ရဟန်းမများအား သာသနာတော်မှ ဆုံးရှုံးပုံပြ သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။**

အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၃၆-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ရဟန်းယောကျ်ားများ၌ ပါရာဇိက(၄)ပါးသာ ပညတ်ပါလျက် ရဟန်းမိန်းမများအတွက် အဘယ်ကြောင့် ပါရာဇိက(၈)ပါးဖြစ်ရပါသနည်း။**

ရဟန်းမိန်းမများသည် ရဟန်းယောကျ်ားတို့ စောင့်ရှောက်အပ်သည့် ပါရာဇိက (၄)ပါးတို့ကိုလည်း ရဟန်း ယောကျ်ားတို့ကဲ့သို့ ကျင့်သုံးထိုက်သောကြောင့်လည်းကောင်း၊ အခြားစောင့်ရှောက်သင့်သည့် ပါရာဇိကတို့လည်း ရဟန်း ယောကျ်ားတို့နှင့်မတူ တမူ ထူးခြားလျက် (၄)မျိုး (၄)စားဖြင့် ဘုရားရှင်ထပ်မံ ပညတ်တော်မူသောကြောင့်လည်းကောင်း ရဟန်း မိန်းမများအတွက် ပါရာဇိက(၈)ပါးဖြစ်ရသည်။

(၁၃၆၄-ခု အလတ်တန်း)

## ပါရာဇိကမေးကွက် ပြီးပါပြီ။

http://www.dhammadownload.com

# သံဃာဒိသေသ်မေးကွက်

## ဥဿယဝါဒိကာ သိက္ခာပဒ

### ❑ ဘိက္ခုနီသံဃာဒိသေသ်အာပတ်ကို နိဿာရဏီယဟု ခေါ်ရခြင်းအကြောင်း

သံဃာဒိသေသ်အာပတ်ကို ကျူးလွန်သူ ဘိက္ခုနီကို ပကတတ် သံဃာအဖြစ်မှ(ပက္ခမာနတ်ကျင့်စေခြင်းအားဖြင့်) ထွက်သွားစေတတ်သောကြောင့်တည်း။ (၁၃၆၄-ခု အကြီးတန်း)

### ❑ ဥဿယဝါဒိကာ အဓိပ္ပါယ်

ထောင်လွှားတက်ကြွသောမာန၏ အစွမ်းဖြင့်လည်းကောင်း၊ ကောဓ၏အစွမ်းဖြင့်လည်းကောင်း တရားစွဲမှုပြုခြင်း အကျိုးငှာ တရားဆိုးဖြတ်တတ်သော တရားသူကြီးတို့၏ အထံ၌ ငြင်းခုံခြင်းကို ဥဿယဝါဒိကာ ဟုခေါ်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဥဿယဝါဒိက သိက္ခာပုဒ်၌ ဥဿယအမျိုးအစား

မာနနှင့် ကောဓတို့ ဖြစ်ပါသည်။

## ❑ ဂဟပတိ-အရ

သီတင်းသုံးဖော်(၅)ဦးမှကြွင်းသော အိမ်၌နေသူ လူ, ရသေ့, ပရိဗိုဇ်တို့ကို ယူရပါသည်။ (၁၃၆၅-ခု အကြီးတန်း)

## ❑ ဥဿယဝါဒိကာ သိက္ခာပုဒ်လာ သမဏပရိဗ္ဗာဇကေ-အရ

သီတင်းသုံးဖော်(၅)ဦးမှတပါး ကျန်ပုဂ္ဂိုလ်၊

(၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

## ❑ ဥဿယဝါဒိကာသိက္ခာပုဒ်၌ "ဂဟပတိနာ ဝါ"စသော ပုဒ်တို့ဖြင့် သိမ်းယူအပ်သော ပုဂ္ဂိုလ်များ

သီတင်းသုံးဖော်(၅)ဦးမှတပါး ကြွင်းသောအိမ်၌ တည်သူ လူဝတ်ကြောင်၊ ရသေ့၊ ပရိဗိုဇ်တို့ကို သိမ်းယူအပ်၏။

(၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ သာသနာ့ဝန်ထမ်း ရဟန်းမိန်းမတစ်ယောက်အနေဖြင့် တရားရုံးယှဉ်ပြိုင်ရင်မဆိုင်သင့်သော ပုဂ္ဂိုလ်များ

ဂဟပတိ – အိုးအိမ်သည် ဒါယကာ ဒါယိကာမများ၊

ဂဟပတိပုတ္တ – အိုးအိမ်နေ လူငယ်မောင်မယ်များ၊

ဒါသိ – ကျွန်ယောက်ျား၊ ကျွန်မိန်းမများ

ကမ္မကာရ – အိမ်အကူလုပ်သား ယောက်ျား မိန်းမများ၊

သမဏပရိဗ္ဗာဇကေ – သိတင်းသုံးဖော် (၅)ဦး၊ ဗုဒ္ဓသာသနာ အယူမှတစ်ပါး အခြားဂိုဏ်းရှင်၊ ရဟန်း၊ ပရိဗိုဇ် အထီးအမများ။

(၁၃၆၄–ခု၊ ၆၇–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၄–ခု၊ ၆၆–ခု အကြီးတန်း)

## ❑ ဥဿယဝါဒိကာ သံဃာဒိသေသ်အာပတ်သင့်သောအခါ

ဆုံးဖြတ်ချက်ကို ဒီဂရီချပြီးသောအခါ ဥဿယဝါဒိကာ သံဃာဒိသေသ်အာပတ်သင့်သည်။

(၁၃၆၃–ခု အလတ်တန်း၊ ၁၃၃၁–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ညီအစ်ကို မောင်နှမရင်း အချင်းချင်း အမွေကိစ္စ အဝေမညီမျှ၍ အစ်ကိုအား တရားစွဲဆိုသော ရဟန်းမ၏ သင့်သောအပြစ်ကို သာကေပြ ဖြေဆိုပါ။**

သံဃာဒိသေသ်အာပတ်

သာကေ -ယာ ပန ဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟရေယျ ဂဟပတိနာ ဝါ၊ ဂဟပတိ ပုတ္တေန ဝါ ဒါသေန ဝါ ကမ္မကာရေန ဝါ အန္တမသော သမဏပရိဗ္ဗာဇကေနာပိ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။ (၁၃၆၂-ခု အကြီးတန်း)

**❑ တရားရုံး၌ ရသေ့နှင့်တရားရင်ဆိုင်သော ဘိက္ခုနီမ၏ အာပတ်ကို ဆုံးဖြတ်ခဲ့ပါ။**

တရားတွေ့ရာ၌ - တရားလို, တရားခံ တစ်ဦးဦးက စတင်ပြောဆိုရာ၌ ဒုက္ကဋ်၊ နောက်တစ်ဦးက ထပ်၍ ပြောဆိုရာ၌ ထုလ္လစ္စည်း၊ တရားစီရင်ချက်ချပြီးအဆုံး၌ သံဃာဒိသေသ်။

(၁၃၆၄-ခု၊ ၆၅-ခု အကြီးတန်း)

**❑ အမျက်မာန်ပွားတရားတွေ့သော ဘိက္ခုနီမအား သင့်သော အာပတ်**

သံဃာဒိသေသ် အာပတ်သင့်သည်။ (ဥဿယဝါဒိကာ သိက္ခာပုဒ်) (၁၃၂၇-ခု အလတ်တန်း)

http://www.dhammadownload.com



❑ မိဘ၊ လင်တို့၏ ခွင့်ပြုချက်ဖြင့် ဘိက္ခုနီမပြုလာပြီး ညဥ့်မှောင် မိုက်ထဲဝယ် ရာဂထကြွသော သူကြွယ်သားနှင့် တစ်ယောက်ချင်း အများစကားကို နားမထောင်ဘဲ အတူနေထိုင်ရာ သူကြွယ်သား၏ တစ်ကိုယ်လုံး ကိုင်တွယ်သုံးသပ်ပွတ်သပ် ချက်တို့ကို သာယာမိပြီးမှ မကျေနပ်သဖြင့် တရား တွေ့သော ဘိက္ခုနီမအား အာပတ်သင့်၊ မသင့် သိက္ခာပုဒ်နှင့် ယှဥ်တွဲဖြေဆိုခဲ့ပါ။

အာပတ်မသင့်ပါ။

❑ ဂဟပတိစသူတို့နှင့် ထောင်လွှားဘိတုံ မာန်အမျက်ဟုန်ဖြင့် ငြင်းခုံကာ တရားတွေ့သော ဘိက္ခုနီမအား သင့်ရောက်သည့်အပြစ်ပြ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

(ဘိက္ခုနီ သံဃာဒိသေသ် ဥဿယဝါဒိကာ သိက္ခာပုဒ်ကို အနက်ရေးလေ။)

(၁၃၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

## စောရီဝုဋ္ဌာပိကာ သိက္ခာပဒ

❑ ဘိက္ခုနီ စောရီဝုဋ္ဌာပန သိက္ခာပုဒ်၌ စောရီ၊ ဝဇ္ဈဝိဒိတ၊ ဂဏ၊ ပူဂ၊ သေဏိတို့၏အဓိပ္ပါယ်ကို ကာလာအတိုင်း အသီးသီးရေးခဲ့ပါ။

http://www.dhammadownload.com



စောရီ – ငါးပဲ၊ ငါးပဲတန်မှစ၍ သူတစ်ပါး ဥစ္စာကို ခိုးသူမ၊

ဝဇ္ဈပ္ပိဒိတံ – ခိုးမှုကြောင့် သတ်ထိုက်သူမဟု ထင်ရှားသော ခိုးသူမ၊

ဂဏ – ဗိဿနိုးနတ်ကို ကိုးကွယ်သောဂိုဏ်း၊ ခဒဲနတ်ကို ကိုးကွယ်သောဂိုဏ်း စသည့် ဂိုဏ်းကို ယူရမည်။

ပူဂ – သာသနာကို ကိုးကွယ်ဆည်းကပ်သူ ကောင်းမှုပြုသူအပေါင်း၊

သေဏိ – နံ့သာကုန်သည်, အဝတ်ကုန် သည် စသည်ကို ခေါ်ပါသည်။

(၁၃၆၈–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၄–ခု အကြီးတန်း)

## ❑ ခိုးသူမတစ်ယောက်အား ရဟန်းပြုပေးလိုပါက ပန်ကြား ပြောဆိုရမည့်အဖွဲ့အစည်းများ

ဂဏ – မလ္လဂဏ၊ ဘဋိဂဏစသည့် လူမှုရေး အသင်းအဖွဲ့များ၊

သံဃ – ဘိက္ခုနီသံဃာဆိုသည့် သံဃာအဖွဲ့ များ၊

ပူဂ – ဘာသာ သာသနာရေး လူအဖွဲ့အစည်း များ၊

http://www.dhammadownload.com



သေဏိ – နံ့သာကုန်သည်၊ အထည်ကုန်သည် စသည့် ကူးသန်းရောင်းဝယ်ရေး အသင်းအဖွဲ့တို့ဖြစ်သည်။

(၁၃၆၂–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၃–ခု၊ ၆၄–ခု အကြီးတန်း)

## ❑ ကပ္ပါအမည်ရသော မိန်းမ(၂)မျိုး

(၁)တိတ္ထိတို့ထံ၌ ရှင်ပြုဘူးသော မိန်းမ၊

(၂)အခြားရဟန်းမများထံ၌ ရှင်ပြုဖူးသော မိန်းမ။

(၁၃၆၂–ခု အလတ်တန်း၊ ၁၃၆၀–ခု၊ ၆၃–ခု၊ ၆၄–ခု၊ ၆၅–ခု အကြီးတန်း)

## ❑ သတ်ထိုက်သောခိုးသူမကို ရဟန်းခံပေးလိုသော ရဟန်းမ၏ လိုက်နာရမည့် အချက်အလက်များ

မင်း၊ ဘိက္ခုနီသံဃာ၊ ဂိုဏ်း၊ ကုသိုလ်ပြုသော အသင်းအဖွဲ့၊ ကုန်သည်အဖွဲ့တို့ထံ ပန်ပြော၍ တိတ္ထိနှင့်အခြား ဘိက္ခုနီတို့ထံ ရဟန်းမခံဘူးသော ခိုးသူမကို ရဟန်းခံပေးရမည်။

(၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ သတ်ထိုက်သောခိုးသူမဖြစ်နေပါလျက် သံဃာစသည်ကို မပန်ကြားဘဲ ပဉ္စင်းခံပေးနိုင်သော ခွင့်ပြုချက်

တိတ္ထိတို့ထံ၊ တစ်ပါးသောဘိက္ခုနီတို့ထံ ရှင်ပြုဖူးသောမိန်းမ။

(၁၃၆၈-ခု အကြီ၊တန်း)

## ❑ ဘိက္ခုနီသံဃာဒိသေသ် ဂဏံ ဝါ၊ ဂဏမှာတို့၌ ဂဏနှစ်ခုတို့၏အထူး

စာရီဝုဋ္ဌာပန သိက္ခာပုဒ်လာ ဂဏံ ဝါ-၌ ဂဏကား မလ္လဂိုဏ်း၊ ဘဋိပုတ္တဂိုဏ်းအစရှိသည့် လူမှုရေးအသင်းအဖွဲ့များကို ဆိုလိုသည်။

ဂောဂါမန္တရဂမန သိက္ခာပုဒ်လာ ဂဏမှာ၌ ဂဏကား ဘိက္ခုနီ(အဖော်) တစ်ဦးဦးကိုပင်ဖြစ်စေ ဂဏဟု ဆိုလိုသည်။

(၁၃၆၄-ခု အကြီးတန်း)

## ❑ ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီ၏ ပြုရမည့်တာဝန်များ

မင်းကိုလည်းကောင်း၊ ဘိက္ခုနီသံဃာကိုလည်းကောင်း၊ မလ္လဂဏ, ဘဋိပုတ္တဂဏ စသောဂိုဏ်းကို လည်းကောင်း၊ ကောင်းမှုပြုသော အသင်းကိုလည်းကောင်း၊ နံ့သာကုန်သည် အထည်ကုန်သည် စသည်တို့ကိုလည်းကောင်း ပန်ကြားရမည်။

(၁၃၂၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ **ငှင်း ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းမ အား အာပတ်အဆင်ဆင့် သင့်ရောက်ပုံကို ကမ်္ဘါဖွင့်နှင့် အညီ ဖြေဆိုပါ။**

ကာရကသံဃာဟူသောဂိုဏ်းကို ရှာခြင်း၊ ကမ္မဝါ ဆရာမကို ရှာခြင်း၊ သပိတ်သင်္ကန်းတို့ကို ရှာခြင်းတို့ကြောင့် လည်းကောင်း၊ သိမ်သမုတ်ခြင်းတို့ကြောင့် လည်းကောင်း၊ ဉတ်ကြောင့် လည်းကောင်း ဒုက္ကဋ်အာပတ်၊ ကမ္မဝါ(၂)ကြိမ်တို့ ကြောင့် ထုလ္လစ္စည်း၊ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ် အာပတ်သင့် ပါသည်။ (၁၃၆၈–ခု အလတ်တန်း)

❑ **သူခိုးမကို ရဟန်းခံပေးခြင်း၌ အပြစ်ပြသိက္ခာပုဒ်**

ဘိက္ခုနီ သံဃာဒိသေသ် စာရိတ္တပိကာ သိက္ခာ ပုဒ်ကို ရေးပါ။

(၁၃၆၄–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

❑ **သတ်ထိုက်သော ခိုးသူမကို သက်ဆိုင်ရာသို့ မပန်ကြားဘဲ ဘိက္ခုနီပြုပေးသော ဥပဇ္ဈယ်ဆရာမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ပါဠိကို အနက်ပေးပြပါ။**

စာရိတ္တပိကာ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၃၇–ခု၊ ၆၃–ခု၊ ၆၇–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၄–ခု၊ ၆၅–ခု၊ ၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



# ကောဂါမန္တ ရဂမန သိက္ခာပဒ

## ❑ ကောဂါမန္တရဂမန သိက္ခာပုဒ်လာ နဒီပါရံ ဂစ္ဆေယျ၌ နဒီ–အရ

အဝန်း(၃)ပါးကို ဖုံးလွှမ်း၍ တစ်စုံတစ်ခုသော အရပ်၌ ကူးတတ်သော ဘိက္ခုနီမ၏ သင်းပိုင်ကို စိုစွတ်သောမြစ်ကို ယူရပါမည်။ (၁၃၆၀–ခု အကြီးတန်း)

## ❑ ကောဂါမန္တရဂမန သိက္ခာပုဒ်လာ မိန်မသားများဖြစ်သည့် ဘိက္ခုနီမတို့ မသွားအပ်မနေအပ်ဟု ပညတ်ထားသော နေရာများ

(၁) တစ်ယောက်တည်း ရွာတစ်ပါးသို့ မသွားရခြင်း၊

(၂) တစ်ယောက်တည်း မြစ်၏တစ်ဖက်ကမ်းသို့ မသွားရခြင်း၊

(၃) ညဥ့်အခါ တစ်ယောက်တည်း အဖော်နှင့်ကင်း၍ မနေရခြင်း၊

(၄ တစ်ယောက်တည်း ဂိုဏ်းမှချန်၍ မနေရခြင်း။

(၁၃၆၂–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **မိမိတစ်ယောက်တည်းလျှင် မပြုသင့်သော အမှုအကျင့်များ**

၁။ ဂါမန္တရကို သွားခြင်း၊

၂။ နဒီပါရကို သွားခြင်း၊

၃။ ရတ္တိဝိပ္ပဝါသ ဖြစ်ခြင်း၊

၄။ ဂဏာဩဟီယန ဖြစ်ခြင်း။

(၁၃၆၁-ခု အကြီးတန်း)

❑ **ဘိက္ခုနီမသည် တစ်ယောက်တည်း**

**(က) မသွားသင့်၊**

**(ခ) မနေသင့်သော ဌာနများ**

(က) ရွာတစ်ပါးတည်းဟူသော နေရာဌာန၊ မြစ်တစ်ဘက်ကမ်းတည်းဟူသော နေရာဌာန တို့ဖြစ်ပါသည်။

(ခ) ညဥ့်၌ အဖော်နှင့်ကင်းသောနေရာဌာန၊ ဂိုဏ်းမှ ကျန်ရစ်သောနေရာဌာန တို့ဖြစ်သည်။

(၁၃၆၇-ခု အလတ်တန်း)

❑ **'မိန်းမတို့ချည်း၊ ကိုယ်တည်း ဘယ်ခါ၊ မတည်ရာဘူး၊ တည်ပါတုံငြား၊ အပြစ်များ၏'ဟူသော လင်္ကာအရ ရဟန်းမ၏**

http://www.dhammadownload.com



**(က) တစ်ယောက်တည်း နေခြင်းလေးမျိုး၊**

**(ခ) တစ်ယောက်တည်းနေရသဖြင့် ရရှိသောအပြစ်တို့ကို ဘိက္ခုနီပါတိမောက်လာအတိုင်း ဖြေဆိုပါ။**

(က) ၁။ တစ်ယောက်တည်းရွာတစ်ပါးသို့ သွားခြင်း။

၂။ တစ်ယောက်တည်း မြစ်တစ်ဘက်ကမ်းသို့ သွားခြင်း။

၃။ တစ်ယောက်တည်း ညဉ့်၌ အဖော်နှင့် ခွဲ၍ နေခြင်း။

၄။ ခရီးသွားစဉ် တစ်ယောက်တည်း အဖော်ဂိုဏ်းမှ ချန်နေရစ်ခြင်း။

(ခ) ယင်းသို့တစ်ယောက်တည်းနေလျှင် သံဃာဒိသေသ်အာပတ် အပြစ်အသီးသီး ရနိုင်သည်။

**မှတ်ချက်။** ၁။ မိမိရွာမှထွက်၍ အခြားရွာသို့ သွားရာ၌ ခြေလှမ်းတိုင်း ဒုက္ကဋ်၊ အခြားရွာ၏ ခြံစည်းရိုးကို လည်းကောင်း၊ ဥပစာကိုလည်းကောင်း ခြေတစ်လှမ်းလွန်လျှင် ထုလ္လစ္စည်း၊ ဒုတိယခြေလှမ်း လွန်လျှင် သံဃာဒိသေသ်။

၂။ မြစ်တစ်ဘက်သို့သွားရာလမ်း၌ ပထမခြေလှမ်းချမိလျှင် ထုလ္လစ္စည်း၊ ဒုတိယခြေလှမ်းချမိလျှင် သံဃာဒိသေသ်။

(၁၃၄၈–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ကောဂါမဏ္ဍရ သိက္ခာပုဒ်အရ သံဃာဒိသေသ် အာပတ် သင့်ရောက်နိုင်သော သွားလာနေထိုင်မှု အမျိုးမျိုး

(၁) မိမိနေရာရွာမှ အခြားရွာသို့တစ်ပါးတည်း သွားမှု၊

(၂) တစ်ပါးတည်း မြစ်တစ်ဘက်ကမ်းဆီသို့ သွားမှု၊

(၃) တစ်ပါးတည်း ညဥ့်ကို အရုဏ်တက်စေမှု၊

(၄) တစ်ပါးတည်း အဖော် ဘိက္ခုနီများမှ ချန်နေခဲ့မှု တို့တည်း။ (၁၃၆၄-ခု အကြီးတန်း)

## ❑ ဘိက္ခုနီ တတိယသံဃာဒိသေသ် အာပတ်သင့်နိုင်သော အကြောင်းများကို ကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

ဘိက္ခုနီတစ်ပါးတည်း

(၁) အခြားရွာသို့သွားခြင်း၊

(၂) မြစ်တစ်ဖက်သို့ သွားခြင်း၊

(၃) ညဥ့်အခါ၌ အဖော်နှင့်ခွဲ၍နေခြင်း၊

(၄) အဖော်မှ ချန်ရစ်၍ နေခြင်း။

(၁၃၆၀-ခု၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီပါတိမောက် သံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် အမည်(၄)မျိုးရ သိက္ခာပုဒ်၌ပါသော အာပတ်(၄)မျိုးကို ကျမ်းရင်းလာအတိုင်း ဖော်ပြခဲ့ပါ။**

၁။ ဂါမန္တရဂမန သံဃာဒိသေသ်အာပတ်၊

၂။ နဒီပါရဂမန သံဃာဒိသေသ်အာပတ်၊

၃။ ရတ္တိဝိပ္ပဝါသ သံဃာဒိသေသ်အာပတ်၊

၄။ ဂဏာဩဟီယန သံဃာဒိသေသ်အာပတ်။

❑ **ဘိက္ခုနီသံဃာဒိသေသ်၌ တစ်ပြိုင်နက် သံဃာဒိသေသ် (၄)ချက် သင့်စေနိုင်သော သိက္ခာပုဒ်ကို မြန်မာပြန်ဆိုပါ။**

အကြင်ရဟန်းမသည် တစ်ယောက်တည်း အခြားတစ်ရွာသို့မူလည်းသွားအံ့၊ တစ်ယောက်တည်း မြစ်တစ်ဘက်ကမ်းသို့မူလည်း သွားအံ့၊ တစ်ယောက်တည်း ညဉ့်၌မူလည်း အဖော်နှင့်နေအံ့၊ တစ်ယောက်တည်း ဂိုဏ်းမှမူလည်း ချန်၍နေရစ်အံ့၊ ဤရဟန်းမသည်လည်း ရှေးဦးစွာလွန်ကျူးဆဲခဏ၌ သင့်ရောက်ခြင်းရှိသော သံဃာမှနှင်ထုတ်တတ်သော သံဃာဒိသေသ်မည်သော အာပတ်သို့ရောက်၏။ (၁၃၆၈–ခု အလတ်တန်း)

❑ **ဘိက္ခုနီ တတိယသံဃာဒိသေသ် သိက္ခာပုဒ်၏ နာမည်အထူးများနှင့် ၎င်းသိက္ခာပုဒ်၏ သင့်ရောက်သည့် အပြစ်တို့ကို ရေးသားပါ။**

http://www.dhammadownload.com



ကောဂါမန္တရဂမန သိက္ခာပဒ၊ ကေနဒီပါရဂမန သိက္ခာပဒ၊ ရတ္တိဝိပ္ပဝါသ သိက္ခာပဒ၊ ဂဏာသြဟီယန သိက္ခာပဒ၊

အာပတ်အရေအတွက် (၄) ချက်။

(၁၃၆၁-ခု အကြီးတန်း)

## ❑ ကောဂါမန္တ ရဂမနသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်(၄) ချက် တပြိုင်နက်သင့်ပုံ

အရုဏ်မတက်မီ မိမိရွာမှထွက်၍ အရုဏ်တက်ချိန်၌ တစ်ပါးသောရွာ၌ အကျုံးဝင်သော မြစ်တစ်ဘက်ကမ်းသို့ သက်ရောက်နေသော ရဟန်းမသည် သံဃာဒိသေသ်အာပတ်(၄) ချက် တစ်ပြိုင်နက်သင့်သည်။ (၁၃၆၁-ခု၊၆၅-ခု အကြီးတန်း)

## ❑ ဘိက္ခုနီမများ သွားမှု၊ အိပ်မှုနှင့်ပတ်သက်၍ ပညတ်တော်မူရာ၌ တစ်ပြိုင်နက် သံဃာဒိသေသ်အာပတ်(၄)ချက် သင့်နိုင်ပုံ

ဘိက္ခုနီတစ်ပါးသည် မိမိတို့သီတင်းသုံးရာ ရွာမှ မြစ်တစ်ဖက်ကမ်း ဒသနူပစာ၊ သဝနူပစာလွန်ရုံတွင် တည်ရှိနေသည့် အခြားရွာသို့ အရုဏ်တက်ခါနီးတွင် တစ်ပါးတည်း ထွက်ခွာသွားလေရာ အရုဏ်လည်း တက်ခိုက်၊ ထိုရွာသို့လည်း ဒုတိယခြေလှမ်းချမိအံ့၊ ထိုအခိုက်တွင် ကော ဂါမန္တရအပြစ်၊

http://www.dhammadownload.com



ကောန ဒီပါရအပြစ်၊ ကော ရတ္တိဝိပ္ပဝသေယျအပြစ်၊ ကော ဂဏမှာ ဩဟိယေျယျအပြစ် (၄) ချက်ပြိုင်တူ ကျရောက်၍ တစ်ပြိုင်နက် သံဃာဒိသေသ် (၄) ချက် သင့်ရောက်သည်။

(၁၃၆၄–ခု အကြီးတန်း)

☐ **ဂဏာဂါမန္တရသိက္ခာပုဒ်လာ ဂဏမှာ ဩဟိယေယျ၌ ဂဏာ–အရ၊ ဩဟိယေယျ–အရတို့ကို ကန်ါနှင့်အညီ ညွှန်ပြပါ။**

ဂဏာ–အရ — အဖော်ဘိက္ခုနီမ တစ်ပါးပါးကိုပင် ဤ၌ ဂဏာတည်း၊

ဩဟိယေယျ – အရ ဒဿနူပစာရ– မြင်နိုင်သည့် အရပ်၊ သဝနူပစာရ –အသံကြား နိုင်သည့် အရပ်တို့ကို စွန့်ခြင်းတည်း၊

(၁၃၆၄–ခု အကြီးတန်း)

☐ **ဘိက္ခုနီသံဃာဒိသေသ်၌ တပြိုင်နက် သံဃာဒိသေသ်(၄) ချက် သင့်စေနိုင်သော သိက္ခာပုဒ်ကို မြန်မာပြန်ဆိုပါ။**

ကောဂါမန္တရ သိက္ခာပုဒ်ကို မြန်မာပြန်ပါ။

(၁၃၆၂–ခု၊ ၆၄–ခု၊ ၆၈–ခု အကြီးတန်း)

http://www.dhammadownload.com



## ဥက္ခိတ္တာပြဲသာရဏာ သိက္ခာပဒ

❑ **ဓမ္မ၊ ဝိနယ ၊သတ္ထုသာသနတို့၏အရကို ဖွင့်ဆိုရေးသားပါ။**

ဓမ္မ–အရ မှန်ကန်သောအကြောင်း ဖြစ်ရပ်မှန်(ဝတ္ထုမှန်)တည်း၊

ဝိနယ–အရ ဆိုခဲ့ပါမှန်ကန်သော ဖြစ်ရပ်မှန်ဖြင့် အာပတ်စွဲချက်တင်မှု (စောဒနာဝိနည်း)၊ ထိုအာပတ်ကို ကုစားစေမှု (သာရဏာဝိနည်း)တို့တည်း။

သတ္ထုသာသန–အရ ဆိုခဲ့ပါ ဓမ္မဝိနယ အလုပ်ကိုပင် ဘုရားရှင်၏ ဆုံးမမှုအတိုင်း ဆောင်ရွက်အပ်သောအလုပ် ဖြစ်သောကြောင့် ၎င်းဓမ္မဝိနယတို့သည် သတ္ထုသာသနာတို့ပင်တည်း။

(၁၃၆၄–ခု အကြီးတန်း)

❑ **ကာရကသံဃံ အနညာယ ဂဏဿ ဆန္ဒံ ပြဲသာရေယျ– ၌ ကာရကသံဃ–အရ**

ဥက္ခိတ္တကကံပြုသော သံဃာကို ယူရမည်။

ဂဏ–အရ ဥက္ခေပနီယကံပြုသော ဘိက္ခုနီသံဃာကို ယူရမည်။

(၁၃၆၁–ခု၊ ၆၃–ခု အကြီးတန်း)

❑ **ဘိက္ခုနီသံဃာဒိသေသ် ဥက္ခိတ္တိပြဲသာရဏာ သိက္ခာပုဒ်၌ ပြဲသာရေယျအရ အာပတ်အဆင့်ဆင့်သင်ပုံကို ကခ်ဂါ လာသည့်အတိုင်း ဖော်ပြခဲ့ပါ။**

http://www.dhammadownload.com



ဥက္ခိတ္တက ဘိက္ခုနီကို ကံပြုသောသံဃာ၏ ဆန္ဒမပါဘဲ သြသာရဏကံပြုပေးရာ၌ ပြုပေးသူ ဘိက္ခုနီအား ကံဆောင်ပေးမည့်သူရှာဖွေခြင်း၊ သိမ်သမုတ်ခြင်း၊ သြသာရဏဉတ်ကို ရွတ်ဖတ်ခြင်းတို့၌ ဒုက္ကဋ်များသင့်၏။ သြသာရဏကမ္မဝါစာ (၂) ကြိမ်တို့၌ ထုလ္လစ္စဉ်း (၂) ချက်သင့်၍ သြသာရဏကမ္မဝါ တတိယအကြိမ်အဆုံး၌ သံဃာဒိသေသ်သင့်ပါသည်။

(၁၃၆၄–ခု အကြီးတန်း)

## ❑ ဘိက္ခုနီသံဃာဒိသေသ် စတုတ္ထသိက္ခာပုဒ်၌ အဘယ်ကြောင့် သံဃာဒိသေသ်အာပတ်သင့်ရောက်ရသည်ကို ဖော်ပြပါ။

နှိပ်ကွပ်သင့်သော ဘိက္ခုနီကို နှိပ်ကွပ်သော အားဖြင့် ဓမ္မဝိနယနှင့်အညီ ဉတ်ကမ္မဝါစာဖြင့် ထိုဘိက္ခုနီမျိုးကို ဘိက္ခုနီသံဃာက ကြဉ်ဖယ်ထားခြင်းဖြစ်သည်။ သို့ပါလျက် ကံပြုထားကြသည့် ထိုဘိက္ခုနီသံဃာကို ပန်လည်းမပန်ကြား၊ ၎င်းတို့၏ ဆန္ဒကိုလည်း မသိရဘဲလျက် ကံပြုခံထားရသည့် အကြဉ်ခံဘိက္ခုနီကို ဘိက္ခုနီအများ ပေါင်းထိုက်သူဖြစ်ရန် ဘိက္ခုနီကောင်းအဖြစ်သို့ မတရားသွတ်သွင်းပေးသောကြောင့်တည်း။

(၁၃၆၄–ခု အလတ်တန်း)

## ❑ ဥက္ခိတ္တက ဘိက္ခုနီကို သံဃာဘောင်သို့ သွင်းခေါ်လိုက အဘယ်ကဲ့သို့ ပြုရမည်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



ကာရက သံဃာကို ပန်ပြောရမည်။ ကံပြုသော ဘိက္ခုနီဂိုဏ်း၏ အလိုဆန္ဒကို သိအောင် ပြုရမည်။

(၁၃၆၆-ခု အကြီးတန်း)

## ❑ ဘိက္ခုနီသံဃာဒိသေသ် ဒုတိယ, တတိယ, စတုတ္ထ သိက္ခာပုဒ်တို့၌ပါသော ဂဏ-သဒ္ဒါ(၃)ခုတို့၏ ခြားနားပုံ

ဒုတိယသိက္ခာပုဒ်၌ မလ္လဂဏ, ဘင်္ဂပုတ္တဂဏ စသောဂိုဏ်းသည် ဂဏမည်သည်။

တတိယသိက္ခာပုဒ်၌ တစ်ယောက်ပင်ဖြစ်စေကာမူ အဖော်ဖြစ်သော ဘိက္ခုနီမသည် ဂဏမည်သည်။

စတုတ္ထသိက္ခာပုဒ်၌မူ ကာရကသံဃာသည် ဂဏ မည်သည်။ (၁၃၆၁-ခု၊ ၆၅-ခု၊ ၆၈-ခု အကြီးတန်း)

## ❑ ဥက္ခိတ္တဩသာရဏ သိက္ခာပုဒ်လာ ဥက္ခိတ္တ ဘိက္ခုနီမကို ဩသာရဏကံကိုပြုပေးသောသူအား မည်သည့်အခါ၌ မည်သည့်အာပတ်သင့်သည်ကို ဖြေဆိုပါ။

ဂိုဏ်းကိုရှာမှီးရာအခါ၊ သိမ်သမုတ်ရာအခါ၊ ဉတ်ပြီးရာ အခါတို့၌ ဒုက္ကဋ်၊ ကမ္မဝါနှစ်ကြိမ်ပြီးရာအခါတို့၌ ထုလ္လစ္စည်း၊ တတိယကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဝိနည်းမမှုကံဖြင့် သံဃာဘောင်မှ နှင်ထုတ်ထားသော ဘိက္ခုနီမကို သံဃာဘောင်သို့ ပြန်လည်သွင်းလိုပါက အာပတ်မသင့်အောင် မည်သို့ပြုရမည်ကိုလည်း ဖြေဆိုခဲ့ပါ။**

ကာရကသံဃာကိုပန်ကြား၍ ကံပြုသောရဟန်းမ အပေါင်း၏ ဆန္ဒကိုယူပြီး သြဘာရဏကံပြုလျှင် အာပတ်မသင့်ပါ။ (၁၃၆၈–ခု အငယ်တန်း)

❑ **သမဂ္ဂသံဃာက မမှုဝိနယနှင့်အညီ နှင်ထုတ်အပ်ပြီးဖြစ်ပါလျက် ကာရကသံဃာကို ပန်ကြားမှုမပြုဘဲ သြဘာရဏ ကံပြုသော ရဟန်းမအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

ဘိက္ခုနီ သံဃာဒိသေသ် ဥက္ခိတ္တသြဘာရဏ သိက္ခာပုဒ်ကို အနက်ပေးလေ။ (၁၃၆၈–ခု အလတ်တန်း)

## ဘောဇနပဋိဂ္ဂဟဏပထမ သိက္ခာပဒ

❑ **သံဃာဒိသေသ် ပဉ္စမသိက္ခာပုဒ်လာ အဝဿုတာဟူသည်**

ဆန္ဒရာဂဖြင့် စွတ်စိုခြင်းတည်း။

(၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ အမျိုးသမီးများ ဘိက္ခုနီပြုသည့်အခါ လူ့ဘဝချစ်ဦးသူ၏ လှူဒါန်းအပ်သော အစားအစာကို မစားရဟု ပညတ်ချက်ပြ သိက္ခာပဒ**

ဘောဇနပဋိဂ္ဂဟဏ ပထမ သိက္ခာပုဒ်။

(၁၃၆၃-ခု အလတ်တန်း)

**❑ ချစ်ကြိုက်မှုဖြင့် ပေးလှူသောခဲဖွယ်ဘောဇဉ်များကို ခံယူစားသုံးသော ဘိက္ခုနီမအား မည်သည့်အာပတ်သင့်ရောက်ပါသနည်း။**

ချစ်ကြိုက်မှုဖြင့် ပေးလှူသောခဲဖွယ်ဘောဇဉ်များကို ခံယူစားသုံးသော ဘိက္ခုနီမအား (ဘောဇနပဋိဂ္ဂဟဏပထမ သိက္ခာပုဒ်ဖြင့်) သံဃာဒိသေသ်အာပတ်။

(၁၃၆၁-ခု အလတ်တန်း)

**❑ ချစ်သူအမျိုးသားပေးသော ပန်းသီးကို ကိုယ်တိုင်လက်ခံဘုဉ်းပေးသော ဘိက္ခုနီအား အဘယ်အပြစ်သင့်သည်ဟု သိက္ခာပုဒ်ညွှန်ပြပါ။**

ဘောဇနပဋိဂ္ဂဟဏပထမသိက္ခာပုဒ်ကို ထောက်၍ သံဃာဒိသေသ် အာပတ်သင့်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com



❑ မိမိအပေါ်တဏှာဖြစ်ပွား မရှိးသားသောယောကျ်ား၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်လည်း ထိုယောကျ်ားအပေါ် တဏှာဖြစ်ပွား မရိုးသားဘဲ ဘုဉ်းပေးသုံးဆောင်သောရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

ဘောဇနပဋိဂ္ဂဟဏပထမသိက္ခာပုဒ်ကို ပါဠိရေးလေ၊

(၁၃၆၂-ခု၊ ၆၃-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု၊ ၆၆-ခု အကြီးတန်း)

❑ ဘိက္ခုနီသံဃာဒိသေသ်လာ မိမိချစ်ခင်နှစ်သက်သောယောကျ်ား၏လက်မှ ခဲဖွယ်ဘောဇဉ်ကို ခံယူသုံးဆောင်မှုနှင့် စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်နှင့် ဝါကျတ်သောအခါ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ၌ ဖိတ်မန်ရမည်ဟု ပညတ်တော်မူသော သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။

ဘိက္ခုနီသံဃာဒိသေသ် ဘောဇနပဋိဂ္ဂဟဏ ပထမ သိက္ခာပုဒ်နှင့်၊ အာရာမဝဂ် အပဝါရဏာ သိက္ခာပုဒ်တို့ကို အနက် ရေးပါ။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



# ဘောဇနပဋိဂ္ဂဟဏဒုတိယ သိက္ခာပဒ

❑ **ယောကျာ်းကချစ်ကြိုက်၍ ပို့ကြွေးပေးသော ခဲဖွယ်ဘောဇဉ်များကို ခံယူစားသောက်ရန် တိုက်တွန်းသော ဘိက္ခုနီမနှင့် ချစ်ကြိုက်၍ ခံယူစားသောက်သော ဘိက္ခုနီမတို့အား သင့်ရောက်သောအာပတ်တို့ကိုလည်း သိက္ခာပုဒ်အမည်နှင့် တကွဖြေဆိုပါ။**

ဘောဇနပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်၊ ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်တို့အရ–သံဃာဒိသေသ်အာပတ်များ သင့်ကြသည်။ (၁၃၆၃–ခု အကြီးတန်း)

❑ **ဘိက္ခုနီသံဃာဒိသေသ် ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်၌ ရဟန်းမအား သံဃာဒိသေသ် အာပတ်သင့်နိုင်၏ဟု ပြောဆိုပုံပြ ပါဠိကိုထုတ်၍ အနက်ပေးခဲ့ပါ။**

"ကိံ တေ အယျေ ဧသော။ပ။ ခါဒ ဝါ ဘုဉ္ဇ ဝါ" ကို ကုန်အောင် အနက်ရေးပါ။

မှတ်ချက်။ (ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်၌ ပြောဆိုပုံအာကာရသည် တစ်ခါသာပါရှိ၍ ထိုတစ်ခုကိုပင် ဖြေဆိုရခြင်းဖြစ်သည်။ ၎င်းအာကာရသည် သံဃာဒိသေသ် သင့်နိုင်၏ဟု ပြောဆိုလိုရိပ်မပေါ်ဘဲ ဖြစ်ပါစေ မိမိ အနဝဿုတ ဖြစ်နေလျှင် သံဃာဒိသေသ်ကို မှုဘွယ်မလို ယောကျ်ားဘာပဲ

http://www.dhammadownload.com



ပေးပေး ယူသာစားလိုက်ဟု သံဃာဒိသေသ်မသင့်ပုံကိုပင် ပြဆို နေဟန်ကသာ ပို၍ ထင်ရှားသည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **ကိုယ်ကောင်းလျှင် ခေါင်းမရှော့ပါဘူး၊ ဘယ်ယောကျ်ားက ပေးပေး သဒ္ဓါလို့ပေး၊ သေဆေးတောင် စားကောင်းတယ် ဟု ပြောဆိုလာသူအလိုဆိုး ရဟန်းမ၏ ပြောဆိုတိုက်တွန်းပုံ ပြ စကားရပ်ကို ပေါ်လွင်စွာ ရေးပါ။**

အရှင်မ...သင်သည် ဆန္ဒရာဂဖြင့် မစိုစွတ်၊ ထို့ ကြောင့် ဤယောကျ်ားပုဂ္ဂိုလ်သည် အရှင်မအပေါ်၌ ဘာတတ် နိုင်မည်နည်း၊ တိုက်တွန်းပါ၏၊ ဤယောကျ်ားပုဂ္ဂိုလ်သည် အရှင်မအား ခဲဖွယ်ကို လည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း ပေးအံ့၊ ထိုခဲဖွယ်ဘောဇဉ် ကို ကိုယ်တိုင်ခံယူ၍ ခဲစားပါလော့။

(၁၃၆၃-ခု အလတ်တန်း)

❑ **ပိုးပန်းကြေးဖြင့် လှူလာသောဘောဇဉ်ကို အလှူခံရန်အားပေး အားမြှောက်ပြုသော ဘိက္ခုနီမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးပါ။**

ဘောဇနပဋိဂ္ဂဟဏဒုတိယသိက္ခာပုဒ်ကို အနက်ရေး ပါ။ (၁၃၆၃-ခု အလတ်တန်း၊ ၁၃၃၁-ခု၊ ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ချစ်ကြိုက်နေသော ယောကျ်ားလေး၏ လက်ဖြင့်ပေးသော ခဲဖွယ်ဘောဇဉ်ကို အချစ်တုန့်ပြန်သောအားဖြင့် ခံယူသော ဘိက္ခုနီမနှင့် လူအစရှိသူတို့အား ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ပေးသော ဘိက္ခုနီမတို့အား အပြစ်ပြသိက္ခာပုဒ် တို့ကို ပါဠိရေးခဲ့ပါ။**

ဘောဇနေပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်နှင့် ဘောဇနေပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၁-ခု အလတ်တန်း၊ ၁၃၆၆-ခု အကြီးတန်း)

❑ **ဘိက္ခုနီပါတိမောက် သံဃာဒိသေ သုဒ္ဓေသလာ ဇာယတ္တနေ ဝါနှင့် ဇာရတ္တနေဝါ (၂)ခုတို့၏ ထူးခြားဟန်**

ဇာယတ္တနေ–ယောကျာ်း၏အလိုကို မိန်းမအား မယားဖြစ်စေလိုခြင်းကြောင့်၊ ဇာရတ္တနေ– (မိန်းမ၏အလိုကို ယောကျာ်းအား) လင်ဖြစ်စေလိုခြင်းကြောင့်။

တစ်နည်း (ယောကျာ်း၏အလိုကို မိန်းမအား)

ဇာရတ္တနေ – အမြဲမယားဖြစ်စေလိုခြင်းကြောင့်။

ဇာယတ္တနေ – အခိုက်အတန့် မယားဖြစ်စေလိုခြင်း ကြောင့်

(မိန်းမ၏အလိုကို ယောကျာ်းအား)

http://www.dhammadownload.com



ဓာယတ္တာနေ – အမြဲလင်ဖြစ်စေလိုခြင်းကြောင့်၊

ဓာရတ္တာနေ – အခိုက်အတန့် လင်ဖြစ်စေလိုခြင်း ကြောင့်။

(၁၃၆၁–ခု အကြီးတန်း)

❑ **သမီးရည်းစားနှစ်ဦးသားတို့ကြားဝယ် ဗျာများလျက် စကားအရောင်းအဝယ်လုပ်နေသော ဘိက္ခု–ဘိက္ခုနီတို့ အတွက် မြတ်ဗုဒ္ဓချမှတ်ခဲ့သော ဥပဒေပြသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။**

ဘိက္ခု – ဘိက္ခုနီသံဃာဒိသေသ်လာ သဉ္စရိတ္တ – သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ (၁၃၆၃–ခု အလတ်တန်း)

## ဒုဋ္ဌဒေါသ သိက္ခာပဒ

❑ **ယုံမှားဖွယ်ရာ တစ်စုံတစ်ရာမရှိပါဘဲလျက် ပါရာဇိက၊ သံဃာဒိသေသ် အာပတ်တို့ဖြင့် အချင်းချင်းစွပ်စွဲသော ဘိက္ခုနီမအား အဘယ်အာပတ်များ သင့်ပါသနည်း၊ ဆိုင်ရာသိက္ခာပုဒ်အမည်ကို ညွှန်ပြ၍ဖြေပါ။**

ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊ သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲလျှင် အမူလကသိက္ခာပုဒ်ဖြင့် ပါစိတ်။ (၁၃၂၉–ခု အလတ်တန်း)

http://www.dhammadownload.com



**❑ အခြားဘိက္ခုနီမအား ပါရာဇိကပြစ်မှုဖြင့် လုပ်ကြံစွပ်စွဲသော ဘိက္ခုနီမတို့အား မည့်သည့်အာပတ်သင့်သနည်း? မည်သို့ ကုစားနိုင်သနည်း? ဖြေဆိုပါ။**

ယင်းအာပတ်ကို ဘိက္ခု၊ ဘိက္ခုနီဟူသော ဥဘတော သံဃာ၌ လခွဲ (၁၅)ရက်ပတ်လုံး ပက္ခမာနတ် ကျင့်ရမည်၊ ပက္ခ မာနတ်ကျင့်ပြီးလတ်သော် သိမ်အတွင်း၌ ဘိက္ခုနီသံဃာ နှစ်ကျိပ် အရေအတွက်ဖြင့် အဗ္ဘာန်သွင်း၍ ကုစားရမည်ဖြစ်ပါသည်။

(၁၃၆၅–ခု အကြီးတန်း)

**❑ ဘိက္ခုနီ ပဌမ၊ အဋ္ဌမပါရာဇိက သိက္ခာပုဒ်နှင့် သံဃာ ဒိသေသ် ပဌမ၊ ဆဋ္ဌသိက္ခာပုဒ်တို့၌ပါရှိသော အဝသုတ– အရတို့ အထူး**

ပဌမပါရာဇိက အာဝသုတကား– ကာယသံသဂ္ဂ ရာဂ၊ အဋ္ဌမပါရာဇိကလာ အဝသုတကား–လောကီ၏ သာယာ ဖွယ် ချစ်ကြိုက်ရေးနှင့်နွယ်သည့် ကာယသံသဂ္ဂရာဂ၊ ပဌမသံဃာ ဒိသေသ်လာ အဝသုတကား–ဆန္ဒရာဂတည်း၊

ဆဋ္ဌမသံဃာဒိသေသ်လာအဝသုတကား–ဆန္ဒရာဂ ပင်တည်း။

(၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



## သိက္ခံ ပစ္စာစိက္ခဏ သိက္ခာပဒ

❑ **စိတ်ဆိုးအမျက်ထွက်သဖြင့် ဘုရားကို စွန့်ပါ၏ စသည်ဖြင့် ပြောဆိုလာသော ဘိက္ခုနီမအား အခြားသော ဘိက္ခုနီမတို့က ပြောဆိုဆုံးမသော ပါဠိစကားရပ်ကို မြန်မာစကားပြေ ရေးသားခဲ့ပါ။**

သာကီဝင်မင်းသမီး ဘုရားသမီးဖြစ်ကုန်သော ဤဘိက္ခုနီမတို့သည်သာလျှင် ဘိက္ခုနီမတို့လော့၊ ထိုဘိက္ခုနီမမှ တစ်ပါးကုန်သော ရှက်တတ်ကုန်သော ကုက္ကုစ္စရှိကုန်သော အကျင့်သိက္ခာကို လိုလားကုန်သော ဘိက္ခုနီမတို့လည်း ရှိသေး၏။ ငါသည် ထိုဘိက္ခုနီတို့၏အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့ဟု မပြောပါလင့်၊ အရှင်မ ...မွေ့လျော်လော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာဟောတော်မူ၏၊ ဆင်းရဲ၏အဆုံးကိုပြုရန်အလို့ငှာ အကျင့်မြတ်ကို ကောင်းစွာ ကျင့်လော့ဟု ဆုံးမရာ၏။ (၁၃၃၈-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

❑ **ဘိက္ခုနီက အမှန်တကယ် သိက္ခာချလိုစိတ်မရှိဘဲ စိတ်ဆိုး၍ သိက္ခာချစကားပြောကြားလာသည့်အခါ အခြားဘိက္ခုနီတို့ နှစ်သိမ့်ပြောဆိုရမည့် စကားရပ်ပြပါဠိတို့ကိုသာ ရေးသားပါ။**

မာယျေ ကုပိတာ အနတ္တမနာ - ပ -သမ္မာ ဒုက္ခဿ အန္တကိရိယာယာ။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com



## အစိကရဏကုပိတ သိက္ခာပဒ

❑ **ဝိဒါစသော အဓိကရုဏ်း တစ်ခုခု၌ မိမိရှုံးနိမ့်သည့်အတွက် စိတ်ဆိုးပြီး ဘိက္ခုနီမတို့အား ဆန္ဒာဂတိစသည်တို့ဖြင့် စွပ်စွဲပြောဆိုလာသော ဘိက္ခုနီမအား ဘိက္ခုနီမများက ပြန်လည်ပြောဆိုသော ပါဠိစကားရပ်ကို အနက်မှန်မှန်ပေး ပြပါ။**

ဘိက္ခုနီ သံဃာဒိသေသ် အဓိကရဏကုပိတ သိက္ခာပုဒ်"မာယျေ(ပ) ဂစ္ဆေယျ" စကားရပ်ကို အနက်ရေးပါ။

(၁၃၆၆-ခု အကြီးတန်း)

## ပါပသမာစာရပထမ သိက္ခာပဒ

❑ **ပါပသမာစာရဟူသော စကား၏ အဓိပ္ပါယ်**

ဒကာ ဒကာမတို့အား ပေးကမ်းဖို့ရန် ရည်မှန်း၍ ပန်းပင်စိုက်ခြင်း၊ ရေလောင်းခြင်းစသော ရဟန်းတို့နှင့် မလျော်သော အကျင့်ကို ပါပသမာစာရဟု ခေါ်သည်။(၁၃၆၈-ခု အလတ်တန်း)

❑ **၎င်းပါပသမာစာရကြောင့် သင့်ရောက်နိုင်သော အာပတ် များကို အကြောင်းနှင့်တကွ ဖော်ပြပါ။**

http://www.dhammadownload.com



ထိုကဲ့သို့ ပန်းပင်စိုက်ခြင်း စသည်ပြုရာ၌ မကောင်းသောအမှုအကျင့်ဖြစ်သောကြောင့် ဒုက္ကဋ်အာပတ်၊ ကိုယ်တိုင်မြေတူး၍စိုက်ခြင်း စသည်၌ မြေတူးခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၈-ခု အလတ်တန်း)

## ❑ ဘိက္ခုနီသံဃာဒိသိသ် ပါပသမာစာရပထမ သိက္ခာပုဒ်လာ ဝိဟေသိကာ၏ အဓိပ္ပါယ်

အချင်းချင်း၏ကံကိုပြုရာ၌ တားမြစ်သောအားဖြင့် ညှင်းဆဲခြင်းသည် ဝိဟေသိကာမည်၏။

## ❑ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ အဓိပ္ပါယ်

ခုဒ္ဒါခုဥဒ္ဒကဖြစ်သော အပြစ်ကို ဖုံးလွှမ်းခြင်းသည် ဝဇ္ဇပ္ပဋိစ္ဆာဒိကာ မည်၏။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ပါပသမာစာရ စသည် အမည်ရပုံ

ယုတ်မာသော ကိုယ်အကျင့်၊ နှုတ်အကျင့်ရှိသူ ရဟန်းမိန်းမများကို ပါပသမာစာရ။

ပါပသဒ္ဒါ-ယုတ်မာသော ကျော်စောသံရှိသူ ရဟန်းမိန်းမများ။

ပါပသိလောကာ-ယုတ်မာသော အသက်မွေးဝမ်းကြောင်းရှိသူ ရဟန်းမိန်းမများ။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ပဌမပါပသမာစာရ သိက္ခာပုဒ်လာ ရဟန်းမများ သံသဋ္ဌမှု ပြုလုပ်နေကြပုံ

ရဟန်းတို့အား မလျှောက်ပတ်သော–

လူတို့ကဲ့သို့ စပါးထောင်းခြင်း၊ ထမင်းချက်ခြင်း၊ သတင်းစကားဆောင်ခြင်းစသော ကိုယ်မှု၊ နှုတ်မှုတို့ဖြင့် ရောနှော နေခြင်းကို ဆိုလိုပါသည်။ (၁၃၆၂–ခု အကြီးတန်း)

## ❑ ပါပသမာစာရ သိက္ခာပုဒ်လာ အားပေးအားမြှောက်ပြုသော ဘိက္ခုနီမ၏ အားပေးစကားကို မြန်မာစကားပြေဖြင့် ရေးသားပါ။

"အရှင်မတို့...ဝတ်ကြောင်း အမှုအရာတွေနှင့် ရောနှောလျက် နေကြစမ်းပါ၊ ဝတ်ကြောင်းအမှုအရာတွေ့နှင့် ကင်းမ နေကြစမ်းပါနဲ့၊ ဘိက္ခုနီတွေထဲမှာ သင်တို့လိုကျင့်ကြ ပြောကြ၊ သတင်းထွက်ကြ ဘိက္ခုနီသံဃာကို ညှင်းဆဲကြ၊ အချင်းချင်း အပြစ်ဖုံးကြတဲ့ အခြားဘိက္ခုနီတွေရှိနေကြလျက်နဲ့ သူတို့ကိုတော့ ဘိက္ခုနီသံဃာက ဘာမှမပြောကြပါ၊ သင်တို့ကိုမှ အထင်သေးမှု၊ အနိုင်ကျင့်မှု ၊သည်းမခံလိုမှု၊ အာကျယ်လိုမှုဖြင့် အားနည်းသူဆိုပြီး ဘိက္ခုနီသံဃာက ကဲ့ရဲ့ပြောဆိုနေကြတာ ဖြစ်တယ်" ဟူ၍ ဖြစ်ပါသည်။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



❑ ပါပသမာစာရ ဘိက္ခုနီတို့အား အခြားဘိက္ခုနီတို့က ပြောဆိုဆုံးမပုံပြ စကားရပ်ပါဠိတော်တို့ကို ပါပသမာစာရ သိက္ခာပုဒ်မှ ထုတ်နှုတ်၍ အနက်ယောဇနာပြပါ။

"ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ(ပ) ဝိဝေကညေဝ ဘဂိနီနံ သံဃော ဝဏ္ဏေတီ" တိ။ (အနက်ရေးပါ)

(၁၃၆၁–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၅–ခု အကြီးတန်း)

## ပါပသမာစာရ ဒုတိယ သိက္ခာပဒ

❑ ပါပသမာစာရ ဒုတိယသိက္ခာပုဒ်လာ ယုတ်မာသောအလို ဆိုးရှိသော ဘိက္ခုနီမ၏ ပြောဆိုပုံပြပါဠိကိုသာ အနက်ပေးပြပါ။

သံသဋ္ဌာဝ အယျေ တုမှေ ဝိဟရထ (ပ) သံဃော ဝဏ္ဏေတီတိ ပါဠိကို အနက်ရေးလေ။ (၁၃၆၈–ခု အလတ်တန်း)

❑ ဘိက္ခုနီသံဃာဒိသေသ် တေရသမသိက္ခာပုဒ်လာ သံသဋ္ဌ ဘိက္ခုနီမတို့အား အခြားသော ဘိက္ခုနီမတို့က တိုက်တွန်းပုံပြ စကားရပ်တို့ကို ပြည့်စုံစွာ အနက်ယောဇနာခဲ့ပါ။

ထင်ရှားပြီ။ (၁၃၃၉–ခု အလတ်တန်း)

http://www.dhammadownload.com



## ဒုဗ္ဗစ သိက္ခာပဒ

❑ **သိက္ခာပုဒ်ဖြင့်ဆုံးမသော ဘိက္ခုနီမအား ဒုဗ္ဗစ ဘိက္ခုနီမက ပြန်ပြောပုံကို ပါဠိသက်သက်ရေးခဲ့ပါ။**

(၁၃၃၇-ခု အလတ်တန်း)

## သံဃာဒိသေသ်နိဂုံး

❑ **ဘိက္ခုနီများ သံဃာဒိသေသ်အာပတ်ကုစားရာ၌ ပရိဝါသ် နေသင့်၊ မနေသင့် ဝိနယ သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။**

ဘိက္ခုနီများ သံဃာဒိသေသ် အာပတ်ကုစားရာ၌ ပရိဝါသ် မနေသင့်ပါ။

သာဓကကား - ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇတိ၊ တာယ ဘိက္ခုနီယာ ဥဘတောသံဃေ ပက္ခေ ပက္ခမာနတ္တံ စရိတဗ္ဗံ၊ စိဏ္ဏမာနတ္တာ ဘိက္ခုနီ ယတ္ထ သိယာ ဝီသတိဂဏော ဘိက္ခုနီသံဃော၊ တတ္ထ သာ ဘိက္ခုနီ အဗ္ဘေတဗ္ဗာ ဖြစ်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ **ပရိဝါသ် မာနတ်တည်ဆောက်ရာတွင် ဘိက္ခု၊ ဘိက္ခုနီအလိုက် ထူးခြားမှု**

http://www.dhammadownload.com



ဘိက္ခုတို့အား ပရိဝါသ်၊ မာနတ်နှစ်မျိုးလိုအပ်သည်။

ဘိက္ခုနီတို့အတွက်ကား ပရိဝါသ်မလို၊ ဥဘတော သံဃာ၌ ပက္ခမာနတ်သာ ကျင့်ရသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဘိက္ခုနီမတို့၏ ပက္ခမာနတ်သာကျင့်ရခြင်းအကြောင်းကို ဖြေဆို၍၊ ၎င်းမာနတ်ကို အဘယ်သံဃာထံမှ တောင်းရသနည်း၊ ဖြေဆိုပါ။

ဘိက္ခုနီမသည် အာပတ်ကို ဖုံးလွှမ်းပါသော်လည်း ပရိဝါသ်နေခြင်းမည်သည် မရှိ၊ ဖုံးလွှမ်းခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ဒုက္ကဋ်အာပတ်မသင့်၊ ထိုကြောင့် ပက္ခမာနသာ ကျင့်ရပါမည်။

ယင်းပက္ခမာနကို ဘိက္ခုသံဃာ၊ဘိက္ခုနီသံဃာဟူသော ဥဘတောသံဃာထံ၌ တောင်းရသည်။

(၁၃၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၈-ခု အကြီးတန်း)

## ❑ သံဃာဒိသေသ်အာပတ်ကုစားရာ၌ ဘိက္ခုနှင့် ဘိက္ခုနီတို့ မတူကွဲပြား ခြားနားပုံ

ဘိက္ခုများသည် အာပတ်ဖုံးထားသည့် ရက်အရေ အတွက်အတိုင်း ဝတ်ဆောက်တည်ရပြီး ဝတ်ရက်စေ့လျှင် ဘိက္ခု သံဃာအထံ၌သာ (၆)ညဉ့်မျှသာ မာနတ်ကိုဆက်၍ ကျင့်ကြရ သည်။

http://www.dhammadownload.com



ဘိက္ခုနီများသည် ဖုံးရက်အတိုင်း ဝတ်ဆောက်တည်ရန် မလိုပါ။ ဘိက္ခု၊ ဘိက္ခုနီ သံဃာအစုံ၌ (၁၅)ရက်တိုင်တိုင် ပက္ခမာနတ်ကို ကျင့်ကြရသည်။ ဤသို့ထူးခြားသည်။

(၁၃၆၁–ခု၊ ၆၅–ခု အကြီးတန်း)

## ❑ ရဟန်းမများ သံဃာဒိသေသ် အာပတ်ကုစားရာ၌ ရဟန်းတော်များနှင့်မတူသော အချက်ကို အကြောင်းသွင်း၍ ရှင်းလင်းတင်ပြပါ။

ဘိက္ခုနီသည် သံဃာဒိသေသ်အာပတ်ကို ဖုံးလွှမ်းသော်လည်း ပရိဝါသ် မည်သည်မရှိ၊ ဖုံးလွှမ်းခြင်းကြောင့် ဒုက္ကဋ်မသင့်။ ထိုကြောင့်ဖုံးလွှမ်းသော်လည်းကောင်း၊ မဖုံးလွှမ်းသော်လည်းကောင်း ပက္ခမာနတ်တစ်မျိုးကိုသာ ကျင့်ရသည်။

(၁၃၆၆–ခု အကြီးတန်း)

## ❑ သံဃာဒိသေသ် အာပတ်သင့်သော ရဟန်းမတို့သည် ရဟန်းယောကျ်ားတို့ကဲ့သို့ 'ပရိဝါသ်'မဆောက်တည်ရဘဲ ပက္ခမာနတ်သာ ကျင့်ရခြင်းအကြောင်း

ဘိက္ခုနီမများ သံဃာဒိသေသ်အာပတ်ကို ဖုံးလွှမ်းသော်လည်း ဒုက္ကဋ်မသင့်၊ ထို့ကြောင့် ပရိဝါသ် မဆောက်တည်ရဘဲ ပက္ခမာနတ်သာ ကျင့်ရသည်။

http://www.dhammadownload.com



## ❑ ဘိက္ခုနီမများအတွက် သံဃာဒိသေသ်အာပတ်ကုစားရမည့် အစီအစဉ်(၂)ချက်

၁။ ဥဘတောသံဃာ၌ (၁၅)ရက်တိုင်တိုင် ပက္ခမာနတ် ကျင့်ရခြင်း၊

၂။ (၁၅)ရက်မာနတ်စေ့သောအခါ အပါး(၂၀) ထက် ပိုသည့် ဘိက္ခုနီသံဃာ၌ ပကတိဘောင်သို့ သွင်းပေး ရန် အဗ္ဘာန်တောင်း၍ အဗ္ဘာန်အသွင်းခံရခြင်းတို့ တည်း။

(၁၃၂၃-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၄-ခု အကြီးတန်း)

## ❑ သံဃာဒိသေသ်သင့်သော ဘိက္ခုနီအား ယင်းအာပတ်မှထ မြောက်ရန် ဆက်လက်ပြုကျင့်ရမည့် ဝိနည်းမှုကံ လုပ်ထုံး လုပ်နည်းများကို ပြဆိုသည့် စကားရပ်တို့ကို အနက် ပေးပြခဲ့ပါ။

ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ။ ပ။ အဗ္ဘေတဗ္ဗာ-ကိုအနက်ရေးပါ။ (၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

## ❑ သတ္တရသ သံဃာဒိသေသာ၊ နဝ ပဌမာပတ္တိကာ အဋ္ဌ ယာဝ တတိယကာ၌ နဝ-

၁။ ဥဿယဝါဒိကာ

http://www.dhammadownload.com



၂။ စောရီဝုဋ္ဌာပိကာ

၃။ ဧကောဂါမန္တရဂမန

၄။ ဥက္ခိတ္တက သြသာရဏာ

၅။ ပဌမဘောဇနပဋိဂ္ဂဟဏာ

၆။ ဒုတိယဘောဇနပဋိဂ္ဂဟဏာ

၇။ သဉ္စရိတ္တာ

၈။ ဒုဋ္ဌဒေါသ။ အညဘာဂိယ။

အဋ္ဌ-အရ

၁။ သိက္ခံပစ္စာစိက္ခဏာ

၂။ အဓိကရဏကုပိတ

၃။ ပဌမပါပသမာစာရ

၄။ ဒုတိယပါပသမာစာရ

၅။ သံဃဘေဒက

၆။ ဘေဒါနုဝတ္တက

၇။ ဒုဗ္ဗစ

၈။ ကုလဒူသက

(၁၃၆၂-ခု၊ ၆၄-ခု၊ ၆၈-ခု အလတ်တန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီသံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် ပဌမာပတ္တိက သိက္ခာပုဒ်နှင့် ယာဝတတိယက သိက္ခာပုဒ် မည်မျှရှိသနည်း သချာမျှရေးပါ။

ပထမာပတ္တိက ၉–ပုဒ်၊

ယာဝတတိယက ၈–ပုဒ်၊

(၁၃၆၆–ခု အကြီးတန်း)

❑ ဘိက္ခုနီသံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် ပထမာပတ္တိက သိက္ခာပုဒ်များ

၁။ ဥဿယဝါဒိကာ သိက္ခာပုဒ်၊

၂။ စောရီဝုဋ္ဌာပိကာ သိက္ခာပုဒ်၊

၃။ ဧကာဂါမန္တရဂမန သိက္ခာပုဒ်၊

၄။ ဥက္ခိတ္တသြသာရဏာ သိက္ခာပုဒ်၊

၅။ ဘောဇနပဋိဂ္ဂဟဏပဌမ သိက္ခာပုဒ်၊

၆။ ဘောဇနပဋိဂ္ဂဟဏ ဒုတိယ သိက္ခာပုဒ်၊

၇။ သဉ္စရိတ္တ သိက္ခာပုဒ်၊

၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊

၉။ အညဘာဂိယ သိက္ခာပုဒ်။

(၁၃၆၈–ခု အလတ်တန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီသံဃာဒိသေသ် ပထမာပတ္တိက သိက္ခာပုဒ်တို့ကို သာဓာရဏ, အသာဓာရဏအားဖြင့် ခွဲခြားရေတွက်ပြပါ။

သာဓာရဏ - သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ။

အသာဓာရဏ- ဥဿယဝါဒိကာ၊ စောရိဝုဋ္ဌာပိကာ၊ ဧကောဂါမန္တရဂမန၊ ဥက္ခိတ္တက သြသာရဏ၊ ဘောဇနပဋိဂ္ဂဟဏ ပထမ၊ ဘောဇနပဋိဂ္ဂဟဏ ဒုတိယ။

(၁၃၆၆-ခု အကြီးတန်း)

❑ ဘိက္ခုနီပါတိမောက်လာ ယာဝတတိယက သံဃာဒိသေသ် သိက္ခာပုဒ်အမည်များ

သိက္ခံပစ္စာစိက္ခဏ၊ အဓိကရဏ ကုပိတ၊ ပါပသမာစာရ ပဌမ၊ပါပသမာစာရ ဒုတိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသိကာ။ (၈-ပုဒ်)

(၁၃၆၅-ခု အကြီးတန်း)

❑ ဘိက္ခုနီသံဃာဒိသေသ် အသာဓာရဏ ယာဝတတိယက သိက္ခာပုဒ်အမည်များ

၁။ သိက္ခံပစ္စာစိက္ခဏ၊

http://www.dhammadownload.com



၂။ အဓိကရဏာကုပိတ၊

၃။ ပါပသမာစာရ (ပထမ)၊

၄။ ပါပသမာစာရ(ဒုတိယ)။ (၁၃၆၂-ခု အကြီးတန်း)

**❑ ဘိက္ခု၊ ဘိက္ခုနီ (၂)ဦးလုံးနှင့် သက်ဆိုင်သော သံဃာဒိသေသ် သာဓာရဏ သိက္ခာပုဒ်အမည်များ**

သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက။ (၁၃၃၂-ခု အလတ်တန်း)

**❑ ဘိက္ခုနီသံဃာဒိသေသ်(၁၇)ပါးတွင် သာဓာရဏ သိက္ခာပုဒ်၊ အသာဓာရဏ သိက္ခာပုဒ်တို့ကို သချာမျှ ပြဆိုပါ။**

သာဓာရဏ သိက္ခာပုဒ် - ၇-ပုဒ်၊

အသာဓာရဏ သိက္ခာပုဒ် - ၁၀-ပုဒ်။

(၁၃၆၁-ခု အကြီးတန်း)

**❑ ဘိက္ခုနီမတို့၏ အသာဓာရဏ သံဃာဒိသေသ် အာပတ်များကို သိက္ခာပုဒ်အမည်မျှ ဖော်ပြပါ။**

ဥဿယဝါဒိကာသိက္ခာပုဒ်၊ စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်၊ ဧကဂါမန္တရဂမနသိက္ခာပုဒ်၊ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်၊ ဘောဇနပဋိဂ္ဂဟနသိက္ခာပုဒ် ပထမ၊ ဘောဇနပဋိဂ္ဂဟနသိက္ခာပုဒ်

http://www.dhammadownload.com



ဒုတိယ၊သိက္ခံ အပစ္စာက္ခဂနသိက္ခာပုဒ်၊ ပါပသမာစာရ သိက္ခာပုဒ်တို့ဖြစ်ပါသည်။

(၁၃၆၂–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၄–ခု၊ ၆၈–ခု အကြီးတန်း)

❑ **ဘိက္ခုနှင့်ဘိက္ခုနီသံဃာဒိသေသ်အာပတ်တို့တွင်**

**(က) ဘိက္ခုနှင့်သာ စပ်ဆိုင်သော သိက္ခာပုဒ်၊**

**(ခ) ဘိက္ခုနီမနှင့်သာ စပ်ဆိုင်သော သိက္ခာပုဒ်အမည်တို့ကို ခွဲခြားဖော်ပြပါ။**

(က) သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ, အတ္တကာမပါရိစရိယာ၊

(ခ) ဥဿယဝါဒိကာ, စောရီဝုဋ္ဌာပိကာ, ဂောဂါမန္တရဂမန, ဥက္ခိတ္တကဩသာရဏာ, ပဌမဘောဇနေပဋိဂ္ဂဟဏာ, ဒုတိယဘောဇနေ ပဋိဂ္ဂဟဏာ, သိက္ခံပစ္စာစိက္ခဏာ, အဓိကရဏကုပိတ, ပဌမပါပသမာစာရ, ဒုတိယပါပသမာစာရသိက္ခာပဒ။ (၁၀)

(၁၃၃၇–ခု အကြီးတန်း)

❑ **ဘိက္ခုနီပါတိမောက်၌ ဘိက္ခုတို့နှင့်သာ သက်ဆိုင်သော ပါရာဇိက၊ သံဃာဒိသိသ်သိက္ခာပုဒ် အမည်တို့ကို ရေတွက်ပြပါ။**

၁။ ဥဗ္ဘဇာဏု မဏ္ဍလိကာ၊

http://www.dhammadownload.com



၂။ ဝစ္စပဋိစ္ဆာဒိကာ၊

၃။ ဥက္ခိတ္တာနုဝတ္တကာ၊

၄။ အဋ္ဌဝတ္ထုကာ၊

၁။ ဥဿယဝါဒိကာ၊

၂။ စောရိဝုဋ္ဌာပိကာ၊

၃။ ဧကောဂါမန္တရဂမန၊

၄။ ဥက္ခိတ္တသမ္ဘာဝရဏာ၊

၅။ ဘောဇနပဋိဂ္ဂဟဏာ ပဌမ၊

၆။ ဘောဇနပဋိဂ္ဂဟဏာ ဒုတိယ။

၇။ သိက္ခံပစ္စာစိက္ခဏာ၊

၈။ အဓိကရဏကုပိတာ၊

၉။ ပါပသမာစာရပဌမ၊

၁၀။ ပါပသမာစာရ ဒုတိယ။

(၁၃၆၂-ခု၊ ၆၅-ခု အကြိုးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီ သံဃာဒိသေသ် သာဓာရဏသိက္ခာပုဒ်တို့တွင် ပထမဆုံး သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။**

ယာ ပန ဘိက္ခုနီ သဉ္စရိတ္တံ သမာပဇ္ဇေယျ ဣတ္ထိယာ ဝါ ပုရိသမတိံ ပုရိသဿ ဝါ ဣတ္ထိမတိံ ဇာယတ္တနေ ဝါ အန္တမသော တင်္ခဏိကာယပိ၊ အယမ္ပိ ဘိက္ခုနီ ပဌမာပတ္တိကံ ဓမ္မံ အာပန္နာ နိဿာရဏီယံ သံဃာဒိသေသံ။

(၁၃၆၁–ခု အလတ်တန်း)

* * *

http://www.dhammadownload.com

# နိဿဂ္ဂိယ မေးကွက်

## ပတ္တသန္နိစယ သိက္ခာပဒ

❑ **ဘိက္ခု+ဘိက္ခုနီမတို့၏ သပိတ်သိုမှီးနိုင်ခွင့်ရက် အပိုင်းအခြားကို ကွဲပြားခြားနားအောင် ရေးသားတင်ပြပါ။**

ဘိက္ခုအတွက် (၁၀)ရက်၊ ဘိက္ခုနီအတွက် (၁) ရက်မျှ သိုမှီးခွင့် မရှိ။ (၁၃၆၈-ခု အလတ်တန်း)

❑ **ဘိက္ခုပါတိမောက်လာ ပတ္တသိက္ခာပုဒ်နှင့် ဘိက္ခုနီပါတိမောက်လာ ပတ္တသန္နိစယသိက္ခာပုဒ်တို့၏ အထူး**

ဘိက္ခုလာ ပတ္တသိက္ခာပုဒ်သည် သပိတ်သစ်ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ (၁၀) အရုဏ်လွန်အောင်ထားလျှင် ရဟန်းအား နိဿဂ္ဂိပါစိတ်သင့်ပုံကိုပြသည်။

ဘိက္ခုနီလာ ပတ္တသန္နိစယသိက္ခာပုဒ်သည် သပိတ်သစ်ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ (၁) အရုဏ်မျှလွန် အောင်ထားလျှင်ပင် ရဟန်းမအား နိဿဂ္ဂိပါစိတ်သင့်ပုံကိုပြသည်။ ဤသို့ ထူးသည်။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၆-ခု၊ ၆၈-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဘိက္ခုနိသဃဂ္ဂိပတ္တသိက္ခာပုဒ်နှင့် ဘိက္ခုနီနိသဂ္ဂိ ပတ္တသန္နိစယ သိက္ခာပုဒ်တို့၏ အထူး

ဘိက္ခုနိသဃဂ္ဂိ ပတ္တသိက္ခာပုဒ်၌ (၁၀) ရက်လွန်လျှင် နိသဂ္ဂိပါစိတ်အာပတ်သင့်သည်။ ဘိက္ခုနိ နိသဂ္ဂိ ပတ္တသန္နိစယ သိက္ခာပုဒ်၌ (၁)ရက်လွန်လျှင် နိသဂ္ဂိပါစိတ် အာပတ်သင့်သည်။

(၁၃၅၀–ခု အကြီးတန်း)

# စီဝရပရိဝတ္တန သိက္ခာပဒ

## ❑ စီဝရပရိဝတ္တနသိက္ခာပုဒ်၌ စီဝရပရိဝတ္တနဖြစ်ပုံ စကားရပ်ကို မြန်မာစကားပြေဖြင့် ရေးသားပြပါ။

"အရှင်မ... သင်၏သင်္ကန်းကို ယူပြီး ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ သင်၏သင်္ကန်းသည် သင့်အားလည်းကောင်း၊ ငါ၏သင်္ကန်းသည် ငါ့အားလည်းကောင်း ဖြစ်ပါစေလော့။ (၁၃၆၅–ခု အကြီးတန်း)

## ❑ သီတင်းသုံးဖော် ဘိက္ခုနီအချင်းချင်း သဘောတူ သင်္ကန်းလဲလှယ်ပြီးနောက် မိမိသင်္ကန်းကို ပြန်လုယူသော ဘိက္ခုနီမ၏ အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

ဘိက္ခုနီ နိသဂ္ဂိယ ပတ္တဝဂ် စီဝရပရိဝတ္တနသိက္ခာပုဒ်ကို အနက်ရေးလေ။ (၁၃၆၁–ခု အလတ်တန်း၊ ၁၃၂၈–ကု၊ ၃၃–ခု အကြီးတန်း)

http://www.dhammadownload.com



❑ နှစ်ဦးသဘောတူ လဲလှယ်ပြီးဖြစ်ပါလျက် ပြန်လည်လုယူသော ရဟန်းမအား အပြစ်အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးပြပါ။

ဘိက္ခုနီဝိဘင်္ဂ ပါရာဇိကဏ္ဍ ဝိနယပိဋက ပါဠိတော် ၇၉ ရေးပါ။

(၁၃၆၄-ခု၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

## ပထမသံဃာဒိသေသ သိက္ခာပုဒ်

❑ ပဌမသံဃာဒိသေသ သိက္ခာပုဒ်အရ ဘိက္ခုနီအား နိဿဂ္ဂိပါစိတ်အာပတ်သင့်ရပုံကို ကျမ်းရင်းလာအတိုင်း ဖြေဆိုပါ။

အကြင်ဘိက္ခုနီမသည် တစ်ပါးသောသက်န်းအကျိုးငှာ လှူအပ်သော စွန့်အပ်သော ကပ္ပိယဘဏ္ဍာဖြင့် တစ်ပါးသော ဆေးကို ဝယ်ခိုင်းခြင်းကြောင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပါသည်။ (၁၃၆၅-ခု အကြီးတန်း)

❑ ဘိက္ခုနီပါတိမောက် ပဏ္ဍဝဂ်လာ ပထမသံဃာဒိသေသ သိက္ခာပုဒ်ပါဠိတော်ကို မှန်ကန်စွာအနက်ယောဇနာပါ။

(၁၃၆၄-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီသည် ပရိက္ခရာတို့ကို လဲလှယ်ခြင်းကြောင့် နိဿဂ္ဂိပါစိတ် သင့်ပုံချင်းတူပါလျက် ဝတ္ထုအပြောင်းအလဲမတူပုံ အခြင်းအရာအစုံကို ဖော်ပြပါ။**

၁။ တစ်ပါးသော ဆီစသည်ကို လဲလှယ်စေပြီး တစ်ပါးသောထောပတ် စသည်ကို လဲပြန်စေခြင်း။

၂။ အခြားပစ္စည်း အလို့ငှာသော်လည်းကောင်း အခြားပစ္စည်းကိုညွှန်ပြ၍သော်လည်းကောင်း လှူအပ်သော သံဃိကပရိက္ခရာဖြင့် (ညွှန်ပြအပ်သောပစ္စည်းမှတစ်ပါး) အခြား ပစ္စည်းကို လဲလှယ်စေခြင်း။

၃။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကိုညွှန် ပြ၍သော်လည်းကောင်း လှူအပ်သော သံဃိကလည်းဖြစ်, ကိုယ်တိုင်တောင်းအပ်သည်လည်းဖြစ်သော ပရိက္ခရာ နှစ်မျိုးဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၄။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို ညွှန်ပြ၍သော်လည်းကောင်း လှူအပ်သော ဘိက္ခုနီ အများဆိုင် ပရိက္ခရာဖြင့် ညွှန်ပြအပ်သောပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

http://www.dhammadownload.com



၅။ အခြားပစ္စည်းအလို့ငှာသော် လည်းကောင်း၊ အခြားပစ္စည်းကိုညွှန်ပြ၍သော်လည်းကောင်း၊ လျှူအပ်သော ကိုယ်တိုင်တောင်းအပ်သော ရဟန်းမများအား စွန့်လှူအပ်သော ပရိက္ခရာနှစ်မျိုးဖြင့် ညွှန်ပြအပ်သောပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၆။ အခြားပစ္စည်း အလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို ညွှန်ပြ၍သော်လည်းကောင်း လျှူအပ်သော ကိုယ်တိုင်တောင်းအပ်သော ပုဂ္ဂလိကပရိက္ခရာနှစ်မျိုးနှင့် ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။ (ဘာသာဋီကာ) (၁၃၅၁-ခု အကြီးတန်း)

❑ **ဘိက္ခုနီ သုဒ္ဓပါစိတ် အသာဓာရဏ သိက္ခာပုဒ်တို့တွင် ယာဝတတိယက သိက္ခာပုဒ်လာ ပါပဘိက္ခုနီမအား ရဟန်းမိန်းမကောင်းတို့က ဆုံးမသွန်သင်ရမည့် စကားရပ်များကိုသာ နိဿရည်းကျကျ အနက်ယောဇနာပြုပါ။**

(တုဝဋ္ဋဝဂ် သံသဋ္ဌသိက္ခာပုဒ်လာ မာယျ သံသဋ္ဌာ--ပ--ဝဏ္ဏေတိကို အနက်ရေးပါ) (၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com



## ပုဂ္ဂလိကစေတာပန သိက္ခာပဒ

❑ **ဘိက္ခုလာ ဒုဋ္ဌုလ္လသိက္ခာပုဒ်နှင့် ပုဂ္ဂလိကစေတာပန သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။**

ထင်ရှားပြီ။ (၁၃၆၅-ခု အကြီးတန်း)

❑ **ဘိက္ခုနိဿဂ္ဂိယပါစိတ် ပတ္တဝဂ်လာ သိက္ခာပုဒ်များကို သာဓာရဏ၊အသာဓာရဏအားဖြင့် ခွဲခြားပြပါ။**

အသာဓာရဏသိက္ခာပဒ - ပတ္တ, ဝဿိက သာဋိက, သာသက်သိက္ခာပုဒ် ပေါင်း (၃)

သာဓာရဏသိက္ခာပဒ- ကြွင်းသော (ဦနပဥ္စဗန္ဓန, ဘေသဇ္ဇ, စီဝရအစ္ဆိန္ဒန, သုတ္တဝိညတ္တိ, မဟာပေသကာရ, အစ္စေကစီဝရ, ပရိဏတ) သိက္ခာပုဒ် (၇) (၁၃၃၀-ခု အကြီးတန်း)

## ဂရုပါဝုရဏ သိက္ခာပဒ

❑ **အဘယ်အခါ၌ ခြုံအပ်သောအရုံကို ဂရုပါဝုရဏ, လဟုပါဝုရဏ ခေါ်ရသည်ကို ဖြေဆိုပါ။**

အေးသောကာလ၌ ရုံအပ်သောသင်္ကန်းကို ဂရုပါဝုရဏဟု ခေါ်သည်။

ပူသောကာလ၌ ရုံအပ်သောသင်္ကန်းကို လဟုပါဝုရဏဟု ခေါ်သည်။

http://www.dhammadownload.com



## ❑ ဂရုပါဝုရဏာသိက္ခာပုဒ်လာ တစ်ကံသ၏ ပမာဏ ကျပ်တန်ဖိုး

(၄)ကျပ်။ (၁၃၆၂–ခု၊ ၆၅–ခု အကြီးတန်း)

## ❑ (၁၆)ကျပ်တန်ထက်ပိုလွန်၍ တန်ဖိုးရှိသောခြုံထည်ကို တောင်းသောရဟန်းမအား အပြစ်ရပုံပြ သိက္ခာပုဒ်

ဂရုပါဝုရဏာသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၂–ခု ၊ ၆၅–ခု အကြီးတန်း)

## ❑ ဘိက္ခုနီပါတိမောက်လာ ဂရုပါဝုရဏာ သိက္ခာပုဒ်ပါဠိ

ဂရုပါပုရဏံ ပန ဘိက္ခုနိယာ စေတာပေန္တိယာ စတုက္ကံသပရမံ စေတာပေတဗ္ဗံ၊ တတော စေ ဥတ္တရိ စေတာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ (၁၃၆၆–ခု အကြီးတန်း)

# လဟုပါဝုရဏာ သိက္ခာပဒ

## ❑ ဘိက္ခုနီနိဿဂ္ဂိပါစိတ်လာ စတုက္ကံသ–အရနှင့် အဍ္ဍတေယျကံသ–တို့၏အရ

စတုက္ကံသ–အရ (၁၆)ကျပ်

အဍ္ဍတေယျကံသ–အရ (၁၀) ကျပ်ကို ယူရသည်။

(၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီမများ ဆောင်းရာသီ, နွေရာသီတို့၌ အလှူခံနိုင်ခွင့်ရှိသော ခြုံထည်တို့၏ တန်ဖိုးတို့ကို အသီးသီးပိုင်းခြားသတ်မှတ်ပြပါ။**

ဆောင်းရာသီခံယူနိုင်ခွင့် ခြုံထည်တန်ဖိုး - (၄)ကံသ၊ (၁၆)အသပြာ။

နွေရာသီခံယူနိုင်ခွင့် ခြုံထည်တန်ဖိုး - (၂)ကံသခွဲ၊ (၁၀)အသပြာ။

(၁၃၆၃-ခု၊ ၆၇-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၁-ခု အကြီးတန်း)

**❑ ဂရုပါဝုရဏ, လဟုပါဝုရဏတို့ကို မည်သည့်အခါကာလ၌ အသုံးပြုပါသနည်း အသီးသီးဖြေဆိုပါ။**

ဂရုပါဝုရဏကို အေးသောအခါ အသုံးပြုရပါသည်။

လဟုပါဝုရဏကို ပူသောအခါ အသုံးပြုရပါသည်။

(၁၃၆၆-ခု အကြီးတန်း)

**❑ ဘိက္ခုနီမများ၏ ဂရုပါဝုရဏ, လဟုပါဝုရဏ တန်ဖိုးများကို ပြည့်စုံစွာရေးပြပြီး**

ဂရုပါဝုရဏတန်ဖိုး -လေးကံသ (၁၆) ကျပ်။

လဟုပါဝုရဏတန်ဖိုး- နှစ်ကံသခွဲ (၁၀) ကျပ်။

(၁၃၆၄-ခု အလတ်တန်း၊ ၁၃၆၄-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီများခြုံထည်ကိုတောင်းရာ၌ လေးသောခြုံထည် ပေါ့သောခြုံထည်များအတွက် ကျပ်ငွေမည်မျှ တန်ဖိုးရှိသော ခြုံထည်များကို တောင်းနိုင်ပါသနည်း? ဖြေဆိုခဲ့ပါ။**

လေးသောခြုံထည်အတွက် (၄)ကံသ(၁၆)ကျပ်တန် ခြုံထည်ကို တောင်းနိုင်ပါသည်။

ပေါ့သောခြုံထည်အတွက် (၂)ကံသခွဲ (၁၀)ကျပ် တန် ခြုံထည်ကို တောင်းနိုင်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

**❑ သတ်မှတ်တန်ဖိုးထက်မြင့်သောအဖိုးတန် ဂရုပါဝုရဏ၊ လဟုပါဝုရဏတို့ကို မတောင်းသင့်သောအလှူရှင်၊ တောင်း သင့်သော အလှူရှင်များကို ခွဲခြားဖော်ပြပါ။**

သတ်မှတ်တန်ဖိုးထက်မြင့်သော ဂရုပါဝုရဏ၊ လဟု ပါဝုရဏတို့ကို မတောင်းသင့်သောအလှူရှင်များကား –

ဂုဏ်တစ်ခုခုကိုကြည်ညို၍ "လိုတာ အမိန့်ရှိပါ"ဟု (မိမိအား၊ ဘိက္ခုနီမများအား) ပြောကြားဖိတ်ထားသော အလှူရှင် တို့တည်း။ (ဤအလှူရှင်တို့ကို သတ်မှတ်တန်ဖိုးအတိုင်းသာ တောင်းအပ်၏။ ပိုလွန်တန်ဖိုးကို မတောင်းအပ်။ ဤမျှကိုမှ ဖိတ်ထားမှု လုံးဝမရှိသည့် အလှူရှင်များကိုမူ သတ်မှတ်တန်ဖိုးအ တိုင်းပင် မတောင်းအပ်ပါချေ)။

တောင်းသင့်သောအလှူရှင်များကား –

သိတင်းသုံးဖော်တို့နှင့် ဉာတိများ၊ လိုသမျှ တောင်းရန် ဖိတ်ထားသူ ပဝါရိတများတည်း။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီမများ နွေအခါ၌ ခြုံစရာအရုံနှင့် ပတ်သက်၍ ပညတ်ချက်ထုတ်ထားသော သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။**

လဟုပါဝုရဏ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၃–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၅–ခု အကြီးတန်း)

❑ **ဆောင်းတွင်းအသုံးပြုရသည့် ခြုံထည်နှင့် နွေတွင်အသုံးပြုရသည့် ခြုံထည်တို့ကို မင်းထံမှ တန်ဖိုးနားမလည် တောင်းခဲ့သည့်အတွက်ကြောင့် ပညတ်ခဲ့သည့် သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။**

ဂရုပါဝုရဏ, လဟုပါဝုရဏ သိက္ခာပုဒ်တို့ကို ရေးလေ။

(၁၃၆၁–ခု၊ ၆၂–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၀–ခု အကြီးတန်း)

## အကာလစီဝရ သိက္ခာပဒ

❑ **ဘိက္ခုနီအကာလစီဝရ သိက္ခာပဒဝဏ္ဏနာအဖွင့်ကို မှျော်လျက် အကာလစီဝရမည်ပုံ**

ကထိန်ခင်းလျှင် ကထိနမာသ သီတင်းကျွတ်လပြည့်မှ တပေါင်းလပြည့်နေ့အထိ (၅)လ၊ ကထိန်မခင်းလျှင်

http://www.dhammadownload.com



စီဝရမာသ (သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်အထိ) တစ်လတို့မှ တပါးသောကာလ၌ ဖြစ်ပေါ်လာသည့် သင်္ကန်းမျိုးကို လည်းကောင်း၊ ကာလအတွင်း၌ပင်ဖြစ်စေကာ တစ်စုံတစ်ဦးသော ဂဏ, ပုဂ္ဂလကိုရည်စူး၍ လှူအပ်သော အာဒိဿ ဒိန္နသင်္ကန်းမျိုးကို လည်းကောင်း "အကာလစီဝရ"ဟု ခေါ်ပါသည်။

(၁၃၆၀-ခု၊ ၆၆-ခု အကြီးတန်း)

### ❑ ဘိက္ခုနီ၊ နိဿဂ္ဂိပါစိတ်၊ အကာလစီဝရသိက္ခာပုဒ်၌ "ရည်ညွှန်း၍လှူအပ်သောသင်္ကန်း" ဟူသည် အဘယ်နည်း?

ရဟန်းမတို့သည် ယာဂုဘုဉ်းပေးရန် ပင့်ဖိတ်လျက် ယာဂုဘုဉ်းပေးပြီးသောအခါ တပည့်တော်ပင့်ဖိတ်အပ်သည်ဖြစ်၍ တပည့်တော်၏ ယာဂုဘုဉ်းပေးပြီးသော ရဟန်းမတို့အားသာ ဤသင်္ကန်းတို့ကို လှူပါ၏ဟု ရည်စူးပိုင်းခြား၍ လှူခြင်း။

(၁၃၆၂-ခု အကြီးတန်း)

## အညာတကဝိညတ္တိ သိက္ခာပဒ

### ❑ ဘိက္ခုနီပါတိမောက် နိဿဂ္ဂိသိက္ခာပုဒ်များတွင် အညာတြဟူသော ဝေါဟာရပါသော သိက္ခာပုဒ်အမည်များ

ဥဒေါသိတ သိက္ခာပုဒ်နှင့် အညာတက ဝိညတ္တိ သိက္ခာပုဒ်တို့ဖြစ်သည်။ (၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com



# တတုတ္ထရိ သိက္ခာပဒ

❑ ခိုးယူလုယူပျက်စီးသော သင်္ကန်းရှိသော ရဟန်းအား ဆွေမတော် ဒါယကာ၊ ဒါယိကာမများသို့၍ သင်္ကန်းအများ လှူဒါန်းရာတွင် တစ်စုံထက်အပိုအလှူခံ၍ သာယာသော ရဟန်းအား အာပတ်သင့်ပုံပြပါဠိကို မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

တတုတ္ထရိသိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၇-ခု အလတ်တန်း)

# ဒုတိယဥပက္ခဋ သိက္ခာပဒ

❑ "ဤသင်္ကန်းဖိုးဖြင့် ဤသို့သဘောရှိသော သင်္ကန်းကိုဝယ်၍ (၂)ယောက်အတူ ပေါင်းကာ လှူကြလော့"ဟု ဆွေမျိုးမတော်သော အိမ်ရှင်၊ အိမ်ရှင်မနှစ်ဦးတို့ထံသွားရောက်ကာ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သောရဟန်းမအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးပါ။

(ဘိက္ခုနီ ဒုတိယဥပက္ခဋ သိက္ခာပုဒ်ကို ပါဠိရေးပါ)

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



## ရာဇ သိက္ခာပဒ

❑ **ဘိက္ခုနီသင်္ဃပါစိတ်၊ ရာဇသိက္ခာပုဒ်၌ လောကုတ္တရာတရား အားလျော်သော ကျင့်ဝတ်များ**

ဒါယကာတို့… သင်တို့သည် အကြင်ရဟန်းကို ရည်စူး၍ သင်္ကန်းဖိုးကို ပို့လိုက်ကုန်ပြီ၊ ထိုသင်္ကန်းဖိုးသည် ထိုရဟန်း၏ တစ်စုံတစ်ခုသော ကိစ္စကို မပြီးစီးစေ၊ ဒါယကာတို့သည် မိမိဥစ္စာကိုပြန်ရဖို့ အားထုတ်ကြကုန်လော့၊ သင်တို့၏ မိမိဥစ္စာသည် သူများလက်၌ မပျောက်ပျက်စေလင့်၊ ဤသို့ပြောဖို့ရာ အလျှုရှင်ထံသို့ ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကို သော်လည်း စေလွှတ်ရမည်။

(၁၃၆၆–ခု အကြီးတန်း)

## ဦနပဉ္စဗန္ဓန သိက္ခာပဒ

❑ **ဘိက္ခုနီ နိဿဂ္ဂိပါစိတ်လာ မယ်ဘိက္ခုနီတို့အတွက် သပိတ်နှင့်ပတ်သက်သော ပညတ်ချက်ဥပဒေပြ သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။**

(ဘိက္ခုနီ နိဿဂ္ဂိပါစိတ်လာ ပတ္တသန္နိစယ၊ ဦန ပဉ္စဗန္ဓန သိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

( ၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com



# ဘေသဇ္ဇ သိက္ခာပုဒ်

- ဘိက္ခုနီ နိဿဂ္ဂိလာ သတ္တာဟကာလိကစာရင်းဝင် ပစ္စည်းများကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

၁။ ထောပတ်

၂။ ဆီဦး၊

၃။ ဆီ၊

၄။ ပျားရည်၊

၅။ တင်လဲ

ဘေသဇ္ဇသိက္ခာပုဒ်ကိုထောက်။

(၁၃၆၈–ခု အလတ်တန်း)

- ဘိက္ခုနီ နိဿဂ္ဂိပါစိတ်လာ ကျန်းမာရေးမညီညွတ်ကြသော ရဟန်းတော်များအတွက် ဆေးပစ္စည်းများ သုံးဆောင်ရာ၌ လိုက်နာကျင့်သုံးရန် ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိရေးပြပါ။

ဘေသဇ္ဇသိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၇–ခု အလတ်တန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီ နိဿဂ္ဂိပါစိတ် ဓာတရူပဝဂ်လာ(၅)ခုမြောက် သိက္ခာပုဒ်ကို အနက်ပေးပြပါ။

ဘေသဇ္ဇသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၈-ခု အလတ်တန်း)

## စီဝရအစ္ဆိန္နန သိက္ခာပဒ

❑ ရဟန်းတစ်ပါးအား သပိတ်ပေးပြီးနောက် ပြန်၍လုယူသော ရဟန်းအား မည်သည့်အပြစ်သင့်ပါသနည်း။

အခြားရဟန်းအား ပေးပြီး သပိတ်ကိုပြန်လုယူလျှင် စီဝရအစ္ဆိန္နနသိက္ခာပုဒ်အရ ဒုက္ကဋ်သင့်ပါသည်။

(၁၃၆၄-ခု အလတ်တန်း)

❑ သင်္ကန်းချင်းလဲလှယ်ပြီးနောက် ပြန်လုယူသောရဟန်းမအား ပညတ်တော်မူသည့် သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ယောဇနာပါ။

ဘိက္ခုနီ စီဝရအစ္ဆိန္နန သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၂-ခု အလတ်တန်း)

http://www.dhammadownload.com



## မဟာပေသကာရသိက္ခာပဒ

❑ ဘိက္ခုနီသည် ဆွေမျိုးမတော်သော ဒါယကာတို့က ခိုင်းထားသော ယက်သက်န်းသည်ထံသို့ မိမိကိုယ်တိုင် သွားရောက်၍ သင်္ကန်းကိုစီမံရာ၌ သူအလိုရှိသော သင်္ကန်း အရှည်အသွေးများကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

| | | |
|---|---|---|
| အာယာတ | – | အလျား ရှည်ခြင်း၊ |
| ဝိတ္ထတ | – | အနံပျံ့ခြင်း၊ |
| အပ္ပိတ | – | တစ်ခဲနက်ထူခြင်း၊ |
| သုဝိတ | – | ကောင်းစွာယက်ခြင်း၊ |
| သုပ္ပဝါယိတ | – | ကောင်းစွာ ဖြန့်ခင်းခြင်း၊ |
| သုဝိလေခိတ | – | ကောင်းစွာ နယ်ဖြင့်ကန်ခြင်း၊ |
| သုဝိတစ္ဆိတ | – | ကောင်းစွာ ဘီးဖြင့် ဖီးခြင်း။ |

(၁၃၆၂–ခု အကြီးတန်း)

❑ ဘိက္ခုနီ နိဿဂ္ဂိပါစိတ် (၃၀)တို့တွင်

(က) သပိတ်နှင့်စပ်လျဉ်း၍

(ခ) သံဃိကနှင့်စပ်လျဉ်း၍ ပညတ်အပ်သောသိက္ခာပုဒ် အမည်တို့ကို ထုတ်ပြပါ။

http://www.dhammadownload.com



(က) ပတ္တသန္နိစယသိက္ခာပုဒ်၊ ဦနပဋ္ဌဗန္ဓန သိက္ခာပုဒ်၊

(ခ) ပဌမသံဃိကစေတာပန၊ ဒုတိယသံဃိကစေတာပန၊ ပရိဏာတသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

(၁၃၆၂-ခု အလတ်တန်း)

❑ **ဘိက္ခုနီ နိဿဂ္ဂိပါစိတ်၌ ရဟန်း၊ ရဟန်းမနှစ်ပါးစုံတို့၌ သက်ဆိုင်သော သာဓာရဏသိက္ခာပုဒ်၊ ရဟန်းမများနှင့်သာ သက်ဆိုင်သော အသာဓာရဏသိက္ခာပုဒ်တို့ကို သချာ်မျှ ဖော်ပြပါ။**

ဘိက္ခုနီ နိဿဂ္ဂိပါစိတ်၌ သာဓာရဏသိက္ခာပုဒ် (၁၈)ပုဒ်၊ အသာဓာရဏသိက္ခာပုဒ် (၁၂)ပုဒ်။

(၁၃၃၆-ခု၊ ၆၃-ခု၊ ၆၇-ခု အလတ်တန်း)

* * *

http://www.dhammadownload.com

# သုဒ္ဓပါစိတ်မေးခွန်း

## လသုဏသိက္ခာပုဒ်

❑ **လသုဏသိက္ခာပုဒ်၌ လသုဏအဓိပ္ပါယ်**

မဂဓတိုင်း၌ဖြစ်သော အစိမ်းဖြစ်၍ များသော အမြွှာရှိသော ကြက်သွန်ဖြူကိုသာ လသုဏဟု ခေါ်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

❑ **လသုဏဝဂ် လသုဏသိက္ခာပုဒ်၌ လိုအပ်သောကြက်သွန် နှင့် မလိုအပ်သောကြက်သွန်တို့ကို ကဓါအတိုင်းရေးပြပါ။**

မဂဓတိုင်း၌ဖြစ်သော အမြွှာများသော ကြက်သွန်ဖြူ စိမ်းကို လိုအပ်သည်၊ တစ်မြွှာ၊ နှစ်မြွှာ၊ သုံးမြွှာ ကြက်သွန်ဖြူစိမ်းကို မလိုအပ်။ (၁၃၆၆-ခု အကြီးတန်း)

❑ **မခဲစားကောင်းသော ကြက်သွန်ဖြူကိုလည်း ကဓါလာအ တိုင်း ဖြေဆိုပြခဲ့ပါ။**

မာဂဓတိုင်း၌ဖြစ်သော စိမ်း၍ အမြွှာများသော ကြက်သွန်ဖြူ။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **အာပတ်သင့်နိုင်သည့် ကြက်သွန်ဖြူများ**

မဂဓတိုင်း၌ဖြစ်သော လေးမြွှာင့်ထက်များသော ကြက်သွန်ဖြူစိမ်း။ (၁၃၆၀-ခု အကြီးတန်း)

❑ **ကြက်သွန်ဖြူကြော်ကို စားသောရဟန်းမအား အပြစ်ရှိ၊ မရှိကို အကြောင်းနှင့်တကွ ဆုံးဖြတ်ပြပါ။**

အစိမ်းသက်သက် ကြက်သွန်ဖြူကို စားမှသာ အာပတ်သင့်သောကြောင့် အပြစ်မရှိပါ။ (၁၃၆၆-ခု အကြီးတန်း)

## သမ္ဗာဓလောမ သိက္ခာပဒ

❑ **တလအရပ်နှင့် သမ္ဗာဓအရပ်များ**

ပဿာဝမဂ်အပြင်သည် တလမည်၏။

လက်ကတီးကြား၊ ပဿာဝမဂ်အပြင်သည် သမ္ဗာဓ၊ (ကင်္ခါ) (၁၃၃၉-ခု အကြီးတန်း)

❑ **သမ္ဗာဓေ လောမံ သံဟရာပေယျ-၌ သမ္ဗာဓ-အရ**

လက်ကတီးကြား, ပဿာဝမဂ် အပြင်တို့ကိုယူ။

(၁၃၆၁-ခု၊ ၆၄-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ သမ္မာလောမသိက္ခာပုဒ်၏ အဓိပ္ပါယ်

ကျဉ်းမြောင်းသောချိုင်းကြား၊ ပသာဝမဂ်အပြင် အရပ်တို့၌ အမွေးကိုကပ်ကြေး၊ မွေးညှပ်၊ သင်ခုန်းစသည်ဖြင့် ပယ်ရှားလျှင် ပါစိတ်အာပတ်သင့်သည်။ (၁၃၆၁–ခု အကြီးတန်း)

## ဇာတရူပ သိက္ခာပဒ

**❑ ဘိက္ခုနီမများအနေဖြင့် သာသနာတော်နှင့် မလျော်ကန်သည့်အတွက် မလုပ်သင့်၊ မလုပ်ထိုက်သည့် လုပ်ငန်းများကို ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ္တိယကဏ္ဍ လသုဏဝဂ်လာ ဒုတိယ, တတိယ, စတုတ္ထသိက္ခာပုဒ်တို့နှင့်အညီ မှန်ကန်စွာ ဖြေဆိုပြပါ။**

၁။ ဒုတိယသိက္ခာပုဒ်အရ – သမ္မာဓခေါ် ကျဉ်းကြပ်နေရာဖြစ်သည့် လက်ကတီးကြားအရပ်၊ အင်္ဂါဇာတ် အရပ်တို့မှ အမွေးကို ဖယ်ရှားမှု၊

၂။ တတိယသိက္ခာပုဒ်အရ–အင်္ဂါဇာတ်အပြင် ကို ကြာဝတ်ဆံစသည်ဖြင့် ပုတ်ခတ်မှု၊

၃။ စတုတ္ထသိက္ခာပုဒ်အရ–အင်္ဂါဇာတ်ထဲသို့ ပြေပြစ်သည့် ချိပ်တောင့်စသည် ထိုးသွင်းမှုတို့ ဖြစ်သည်။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



## ဥဒကသုဒ္ဓိက သိက္ခာပဒ

### ❑ ဥဒကသုဒ္ဓိက–သိက္ခာပုဒ်အရ ခွင့်ပြုသောပမာဏ

လက်နှစ်ဆစ် (တစ်ချောင်းသွင်းလျှင် နှစ်ဆစ်၊ နှစ်ချောင်းသွင်းလျှင် တစ်ဆစ်စီသာ)

### ❑ ခွင့်မပြုသောပမာဏ

နှစ်ဆစ်ထက်အပိုအလွန် (တစ်ချောင်းသွင်းလျှင် နှစ်ဆစ်ထက် အပိုအလွန်၊ နှစ်ချောင်းသွင်းလျှင် တစ်ဆစ်ထက် အပိုအလွန် သုံးချောင်းစသည်) (၁၃၆၁–ခု အကြီးတန်း)

### ❑ ပဿဝမဂ် ရေဆေးသောရဟန်းမ၏ လက်ထည့်သွင်းနိုင်သော ပမာဏပြသိက္ခာပုဒ်ကို ပါဠိရေးပါ။

ဥဒကသုဒ္ဓိက သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၃၆–ခု၊ ၆၃–ခု၊ ၆၈–ခု အလတ်တန်း)

## ဥပတိဋ္ဌန သိက္ခာပဒ

### ❑ ဆွမ်းစားသောရဟန်းအနီး၌တည်သော ဘိက္ခုနီမ၏ မပြုလုပ် ပေးကောင်းသော အရာများ

http://www.dhammadownload.com



သောက်ဖွယ်တစ်မျိုးမျိုးဖြင့်လည်းကောင်း၊ ယပ်ခပ်ပေးခြင်းဖြင့်လည်းကောင်း၊ ဤနည်း(၂)မျိုး ဖြင့် မလုပ်ပေးကောင်းပါ။

(၁၃၆၅–ခု အကြီးတန်း)

❑ **ဘိက္ခုနီမများသည် ဆွမ်းဘုဉ်းပေးနေသောရဟန်းအား မည်သည့်အရာဝတ္ထုတို့ဖြင့် အနီးအပါးလုပ်ကျွေးခယခွင့် မရနိုင်ကြပါသနည်း? ဖြေဆိုခဲ့ပါ။**

| | | | |
|---|---|---|---|
| ၁။ | ပါနီယ | – | သောက်ရေ၊ |
| ၂။ | ဝိဓူပန | – | ယပ်ခပ်ပေးခြင်း။ |

(၁၃၆၈–ခု အလတ်တန်း)

❑ **ဆွမ်းစားနေသောရဟန်း၏အနီး၌ ယပ်ခပ်ထိုင်နေလျက် ကြက်သွန်ဖြူကိုစား၍ စားကြွင်းများကို နံရံတဘက်သို့ မဆင်မခြင် စွန့်ပစ်သောဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များ သင့်သည်ကို ဖော်ပြခဲ့ပါ။**

ဆွမ်းစားနေသော ရဟန်း၏အနီး၌ ယပ်ခပ်ထိုင်နေသော ရဟန်းမအား ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်။

ကြက်သွန်ဖြူစားသော ရဟန်းမအား လသုဏသိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



စားကြွင်းကို နံရံတစ်ဖက်သို့ မဆင်မခြင်စွန့်ပစ်သော ရဟန်းမအား ပထမဥစ္စာရဆဋ္ဌန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၈-ခု အလတ်တန်း)

- **ဖော်ပြပါတို့ကို နိဿရည်းကျကျ အနက်ပေးခဲ့ပါ။**

**(က) တစ်ဆယ်ကျပ်ထက် အဖိုးများသော နွေအခါခြုံ ကမ္ဗလာရုံကို တောင်းသောရဟန်းမအား အာပတ်သင့်ပုံပြ သိက္ခာပုဒ်၊**

**(ခ) ရဟန်းယောကျာ်းဆွမ်းစားနေစဉ် အနီးနားမှာ ယပ်ခပ်နေသောရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်။**

(က) လဟုပါဝုရဏ၊

(ခ) ဥပတိဋ္ဌနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၃-ခု အကြီးတန်း)

## အာမကဓညေ သိက္ခာပဒ

- **စပါးစိမ်းနှင့်ပတ်သက်၍ ရဟန်းမများ မပြုအပ်သည့် အချက်များ**

၁။ ကိုယ်တိုင်တောင်းခြင်း၊ သူတစ်ပါးအား တောင်းစေခြင်း၊

http://www.dhammadownload.com



၂။ ကိုယ်တိုင်လှော်ခြင်း၊ သူတစ်ပါးအားလှော်စေခြင်း၊

၃။ ကိုယ်တိုင်ထောင်းခြင်း၊ သူတစ်ပါးအားထောင်းစေခြင်း၊

၄။ ကိုယ်တိုင်ချက်ခြင်း၊ သူတစ်ပါးအား ချက်စေခြင်းတို့ ဖြစ်ပါသည်။ (၁၃၆၄-ခု ၊၆၅-ခု အကြီးတန်း)

**❑ အမေ့ထံမှ စပါးစိမ်းကို တောင်းသော ရဟန်းမအား အပြစ်မှ လွတ်၊ မလွတ် ဖြေဆိုပါ။**

အမေ့ထံမှ စပါးစိမ်းကိုတောင်းသော ရဟန်းမအား အပြစ်မှ မလွတ်ပါ။ (၁၃၆၅-ခု အကြီးတန်း)

**❑ စပါးစိမ်းစားသော ဘိက္ခုနီမအား မည်သည့်အာပတ်သင့်သည်ကို ဖော်ပြပါ။**

ဒုက္ကဋ်။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်၌ (၁) တောင်းမှု၊ (၂) စားမှု၊ ဤ(၂) ချက်ကို ပြုလျှင် ပါစိတ်၊ တစ်ခုခုကိုပြုလျှင်ကား ဒုက္ကဋ်သာ သင့်ပါသည်။ (၁၃၃၄-ခု အလတ်တန်း)

http://www.dhammadownload.com



- ❑ **စပါးစိမ်းကို ကိုယ်တိုင်တောင်းစားမှုပြုသော ရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။**

အာမအာဓညေ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၃–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

- ❑ **ဘိက္ခုနီမများ ကျေးရွာအနှံ့လှည့်လည်၍ စပါးအလှူခံပြီး ထုတောင်းချက်ပြုတ် မစားကြရန် ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ပေးပြပါ။**

(ဘိက္ခုနီ လသုဏဝဂ် အာမကဓညေ သိက္ခာပုဒ်ကို အနက်ရေးပါ)

(၁၃၆၂–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၃၇–ခု၊ ၆၄–ခု အကြီးတန်း)

## ပဥ္စမဥစ္စာရဆွန သိက္ခာပဒ

- ❑ **နံရံ၊ တံတိုင်းစသည်တို့၏ အပြင်ဘက်၌ မစွန့်ကောင်းသော ပစ္စည်းလေးမျိုး**

ကျင်ကြီး၊ ကျင်ငယ်၊ အမှိုက်၊ စားကြွင်း။

(၁၃၆၂–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **အညစ်အကြေး၊ အမှိုက်သရိုက်စသည်ကို မိမိ၏ကျောင်းဝင်းအပြင်ဖက်သို့ မစွန့်ပစ်ရန် ပညတ်ထားသော သိက္ခာပုဒ်ကို အနက်ရေးပါ။**

ပဉ္စမဥစ္စာရဆဉ္စုနသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၈–ခု အလတ်တန်း၊ ၁၃၆၃–ခု၊ ၆၆–ခု အကြီးတန်း)

## ဒုတိယဥစ္စာရဆဉ္စုန သိက္ခာပဒ

❑ **စိမ်းစိုသောကောက်ပဲသီးနှံရှိရာ၌ ဘိက္ခုနီတို့ မစွန့်ပစ်သင့်သော အရာဝတ္ထုများ**

၁။ ကျင်ကြီး၊

၂။ ကျင်ငယ်၊

၃။ အမှိုက်၊

၄။ စားကြွင်းတို့ဖြစ်သည်။

(၁၃၂၃–ခု၊ ၆၁–ခု၊ ၆၁–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၄–ခု အကြီးတန်း)

❑ **ဘိက္ခုနီမများ ကျင်ကြီး၊ ကျင်ငယ် မစွန့်ကောင်းသော နေရာများကို ဘိက္ခုနီ သုဒ္ဓပါစိတ်လာအတိုင်း ရေးပါ။**

နံ့ရံတဖက်၊ တံတိုင်းတဖက် ၊ စိမ်းစိုသောမြက်သစ်ပင်ရှိရာအရပ်။

(၁၃၆၂–ခု၊ ၆၃–ခု အလတ်တန်း၊ ၁၃၆၃–ခု ၊ ၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



**□ ဘိက္ခုနီတို့စည်းကမ်းမဲ့ မစွန့်ပစ်ကောင်းသော အရာဝတ္ထုများနှင့် ဌာနများကို ရေးသားပြပါ။**

(ကျင်ကြီး, ကျင်ငယ်, အမှိုက်သရိုက်, စားကြွင်း)အရာများကို နံရံတဘက် တံတိုင်းတစ်ဘက်သို့လည်းကောင်း၊ မြက်ခင်းစိမ်းပေါ်၌လည်းကောင်း မစွန့်ပစ်ကောင်းပါ။

(၁၃၆၄-ခု အကြီးတန်း)

**□ လသုဏဝဂ် န၀မ သိက္ခာပုဒ်လာ ဟရိတနှင့် သေခိယပါဒုဝဂ်လာ ဟရိတအထူး**

သေခိယသိက္ခာပုဒ်လာ အသက်မသေရှင်ဆဲဖြစ်သော စိမ်းစိုသောမြက်သစ်ပင်အားလုံးသည် ဟရိတမည်၏၊ လသုဏဝဂ် န၀မ သိက္ခာပုဒ်၌ လယ်၌လည်းကောင်း၊ အုန်းခြံစသည်၌လည်းကောင်း အမှတ်မထား တစ်ပါးပါးသောအရပ်၌ စိုက်ပျိုးအပ်သော စိမ်းစိုသောအရပ်ဌာနသည် ဟရိတမည်၏။

(၁၃၄၁-ခု အလတ်တန်း)

**□ စာဖြေအရှင်တို့သည် ဝိနည်းကျွမ်းကျင် ပညာရှင်များဖြစ်ကြသည့် အားလျော်စွာ ဒွေမာတိကာလာ"ဟရိတ" ပါသော သိက္ခာပုဒ်တို့ဝယ် ဟရိတ-အရကို ကာခါနှင့်အညီ သိက္ခာပုဒ်နှင့်တကွ အသီးသီးတွဲစပ်ပြပါ။**

ဟရိတဥစ္စာရ သိက္ခာပုဒ်လာ ဟရိတ-အရ

http://www.dhammadownload.com



မြေပေါ်၌ထင်ရှားပေါ်လွင်လျက်သွားသော အသက်ရှင် ဆဲ သစ်ပင်၏အဖြစ်ကိုလည်းကောင်း၊ မြေ၌ကပ်ငြိသော သစ်ကိုင်း သစ်ခက်ကိုလည်းကောင်း ယူရပါမည်။

မဟာလ္လကဝိဟာရ သိက္ခာပုဒ်လာ ဟရိတ–အရ စပါးမျိုး(၇)ပါးပြားသော ကောက်ခင်းကိုလည်း ကောင်း၊ ပဲကြီး၊ ပဲနောက်၊ နှမ်း၊ ကုလားပဲ၊ ဗူး၊ ဖရုံစသည် ပြားသော ပဲခင်းကိုလည်းကောင်း ယူရပါမည်။

ဒုတိယဥစ္စာရဆဥ္စန သိက္ခာပုဒ်လာ ဟရိတ–အရ အမှတ်မထား တပါးပါးသော စိုက်ပျိုးအပ်သည်ဖြစ်၍ စိမ်းစိုသောလယ်ကိုလည်းကောင်း၊ အုန်းခြံစသောအာရာမ်ကို လည်းကောင်း ယူရပါမည်။ (၁၃၆၀–ခု အကြီးတန်း)

**☐ ပွဲကြည့်သောရဟန်းမိန်းမ၊ မြက်ခင်းပေါ်၌ ကျင်ငယ်စွန့် သော ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့အား သင့်နိုင် သော အာပတ်များကို သိက္ခာပုဒ်ညွှန်း၍ အသီးသီး ဖော်ပြပါ။**

ပွဲကြည့်သောရဟန်းမိန်းမအား နစ္စ, ဂီတသိက္ခာပုဒ် ဖြင့် ပါစိတ်အာပတ်။ ယာ ပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ

ဝါ ဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။

ကျင်ငယ်စွန့်သော ရဟန်းအား ဟရိတေ ဥစ္စာရ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ

http://www.dhammadownload.com



ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿမီ တိ သိက္ခာ ကရဏီယာ။

ရဟန်းမအား ပါစိတ်နှင့် ဒုက္ကဋ်

ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ဝိဃာသံ ဝါ ဟရိတေ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ ပါစိတ္တိယံ။

န ဟရိတေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿ မီတိ သိက္ခာ ကရဏီယာ။ (၁၃၃၀-ခု အလတ်တန်း)

**❑ ကျင်ကြီးကျင်ငယ်စသော စွန့်ပစ်ပစ္စည်းများကို စည်းကမ်း တကျ မစွန့်ပစ်မှုကြောင့် အပြစ်အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို စုံလင်အောင် ပါဠိရေးပြပါ။**

ပဌမဥစ္စာရဆဋ္ဌန၊ ဒုတိယဥစ္စာရဆဋ္ဌန သိက္ခာ ပုဒ်များနှင့် သေခိယဟရိတေ ဥစ္စာရ၊ ဥဒကေ ဥစ္စာရ သိက္ခာပုဒ် တို့ကို ပါဠိရေးလေ) (၁၃၆၄-ခု အလတ်တန်း)

**❑ စိမ်းလန်းသာယာသော ပန်းခြံပန်းခင်း၌ အမှိုက်စသည် များကို စွန့်ပြစ်ခြင်းကြောင့် အပြစ်ရပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

(ဒုတိယဥစ္စာရဆဋ္ဌန သိက္ခာပုဒ်ကို အနက်ရေးပါ။)

(၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



## နစ္စဂီတ သိက္ခာပဒ

❑ **နစ္စဂီတသိက္ခာပုဒ်၌ နစ္စ၊ ဂီတ၊ ဝါဒိတအရတို့ကို အဋ္ဌကထာနှင့်အညီ တိကျမှန်ကန်စွာ ရေးသားခဲ့ပါ။**

နစ္စ–အရ အယုတ်ဆုံး ဥဒေါင်းကခြင်း၊ မျောက်ကခြင်းကိုပင် ယူရမည်။

ဂီတ–အရ အသံဆွဲငင်၍ တေးသံပါအောင် ဟောအပ်သော တရားများကိုပင် ယူရမည်။

ဝါဒိတ–အရ အယုတ်ဆုံး ရေအိုး၌ရှိသော ရေပြင်ကို လက်ဖြင့် ခေါက်တီးပုတ်ခတ်ခြင်းကိုပင် ယူရမည်။

(၁၃၆၀–ခု၊ ၆၄–ခု၊ ၆၅–ခု အကြီးတန်း)

❑ **ရဟန်းမိန်းမများအား ပွဲကြည့်မှုနှင့် ပတ်သက်၍ အဆင့်ဆင့် သင့်ရောက်ထိုက်သော အာပတ်တို့ကို ဒသကနာယ–ဟူသောပုဒ်၏ အဖွင့်သံဝဏ္ဏနာနှင့်အညီ ကုန်စင်အောင် ဖြေဆိုပြပါ။**

ပွဲကြည့်ရှုနားထောင်ခြင်းငှာ သွားသောရဟန်းမိန်းမအား ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ဒုက္កင်။

ကြည့်ရှုနားထောင်ခြင်းကြောင့် ပါစိတ်အာပတ်များ သင့်ပါသည်။

(၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



- ❑ **ဇာတ်ပွဲကြည့်တိုင်း အာပတ်သင့်၊ မသင့် အကြောင်းပြ ဆုံးဖြတ်ချက်ချပြပါ။**

၁။ မိမိကျောင်း၌တည်၍ ဇာတ်ပွဲကြည့်သော ဘိက္ခုနီမ၊

၂။ မိမိတည်ရာအရပ်သို့လာ၍ ယှဉ်စေအပ်သော ဇာတ်ပွဲကိုလည်းကောင်း၊ ခရီးရင်ဆိုင်သွားစဉ် မျက်မှောက်ဖြစ်သော ဇာတ်ပွဲကို လည်းကောင်း ကြည့်သော ဘိက္ခုနီမ။

၃။ သလာကဘတ်ကို ခံယူခြင်းစသော ပြုဖွယ်ကိစ္စ ရှိလတ်သော် သွား၍လည်းကောင်း၊ ဘေးရန်တို့ ကြောင့် ပွဲသဘင်ရှိရာသို့ ဝင်ပြေး၍သော်လည်း ကောင်း ဇာတ်ပွဲကြည့်သော ဘိက္ခုနီမအားလုံး တို့အား အာပတ်မသင့်ပါ။

(၁၃၆၈–ခု အလတ်တန်း)

- ❑ **"အရှင်ဘုရား...အရှင်၏ ကျောင်းအာရာမ်အတွင်းရှိ ဘုရားပွဲ၌ ဇာတ်၊ အငြိမ့် ထည့်လိုပါ၏" ဟု လျှောက်ထား သည်ကို ကောင်းပြီဟု ခွင့်ပြုသော ရဟန်းယောကျ်ား ရဟန်းမိန်းမ တို့အား အဘယ်အာပတ်သင့်ပါသနည်း၊ သိက္ခာပုဒ်ထောက်ပြ ဖြေဆိုပါ။**

http://www.dhammadownload.com



ယာ ပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံကို ထောက်၍ ရဟန်းယောကျာ်းအား ဒုက္ကဋ်၊ ရဟန်းမိန်းမအား ပါစိတ်။

မှတ်ချက်။ ။ ရဟန်းယောကျာ်းအတွက် အထက်ပါသိက္ခာပုဒ် အဖွင့် ကခ်ါအရသာ။ (၁၃၂၈-ခု အကြီးတန်း)

**❑ ဘုရားပွဲအတွက် ပွဲလမ်းသဘင်စသည်ကို ထည့်လိုလျှင် ကျောင်းထိုင်ဘုန်းကြီး အပြစ်မဖြစ်အောင် ဆရာဒကာ မည်သို့ပြောဆို လျှောက်ထားရမည်ကို ဖော်ညွှန်းပါ။**

ဒါယကာက-"အရှင်ဘုရားတို့၏ စေတီတော်ကို လုပ်ကျွေးခစား ဆည်းကပ်မှုပြုကြစို့"ဟု လျှောက်ရမည်။

ဆရာဘုန်းကြီးကလည်း-"လုပ်ကျွေးခစား ဆည်းကပ်မှု ဟူသည် ကောင်းတဲ့အလုပ်ဘဲ"ဟူ၍သာ ပြန်မိန့်ကြားရမည်။

(၁၃၆၄-ခု အကြီးတန်း)

**❑ ကျောင်းတွင်းရှိ စေတီတော်ကို အဆို၊ အက စသည်တို့ဖြင့် ပူဇော်လိုလျှင် ရဟန်းတော်များ အပြစ်လွတ်အောင် လူဒါယကာတို့က လျှောက်ထားနည်း၊ ရဟန်းတော်များက ပြန်လည်ပြောဆိုနည်းတို့ကို ဖော်ပြပါ။**

အာပတ်လွတ်အောင် လျှောက်နည်း-

http://www.dhammadownload.com



"အရှင်ဘုရားတို့၏ စေတီအား ဆည်းကပ်မှုကို ပြုအံ့" ဟု လျှောက်ရမည်။

ပြန်လည်ပြောဆိုနည်း–

"ဆည်းကပ်ကိုးကွယ်မှုသည် ကောင်း၏" ဟု ပြောရမည်။

(၁၃၆၂–ခု အကြီးတန်း)

❑ **"အရှင်ဘုရားတို့၏ စေတီအား ဆည်းကပ်ခြင်းကို ပြုလိုပါကုန်၏" ဟု လျှောက်ထားလာရာ၌ အာပတ်မသင့်အောင် ပြောဆိုနည်းတို့ကို ကမ္ဘာလာအတိုင်း ဖြေဆိုပါ။**

ဆည်းကပ်မှုကိုပြုခြင်းမည်သည်ကောင်း၏ ဟု ဆိုရပါမည်။ (၁၃၆၅–ခု အကြီးတန်း)

❑ **ဂေါပကအဖွဲ့က "ပွဲလမ်းသဘင်ဖြင့် ဘုရားပွဲကို ပူဇော်ပါရစေ" ဟူ၍ လျှောက်ထားလာပါက အပြစ်လွတ်အောင် ဖြေကြားနည်းကို ဖော်ပြခဲ့ပါ။**

ဆည်းကပ်ပူဇော်မှုမည်သည် ကောင်း၏ ဟု ပရိယာယ်ဖြင့် ဖြေကြားရမည်။ (၁၃၆၅–ခု အကြီးတန်း)

❑ **တိရစ္ဆာန်ဥယျာဉ်ထဲ၌ ကနေသော ဥဒေါင်းငှက်ကို ကြည့်ရှုခြင်းငှာ သွားရောက်သော ဘိက္ခုနီ၏ အပြစ်သင့်ရောက်နိုင်ပုံ ပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။**

http://www.dhammadownload.com



ယာ ပန ဘိက္ခုနီ– အကြင်ရဟန်းမိန်းမသည် ၊ နစ္စံ ဝါ– ကခြင်းကိုလည်းကောင်း၊ ဂီတံ ဝါ–သီချင်းကိုလည်းကောင်း၊ ဝါဒိတံ ဝါ–တီးမှုတ်ခြင်းကို လည်းကောင်း၊ ဒဿနာယ –ကြည့်ရှုခြင်းငှာ၊ ဂစ္ဆေယျ – သွားကြအံ့၊ တဿာ ဘိက္ခုနိယာ– ထိုရဟန်းမိန်းမအား၊ ပါစိတ္တိယံ– ပါစိတ်အာပတ်သင့်၏။

(၁၃၆၁–ခု၊ ၆၈–ခု အလတ်တန်း)

## ရတ္တန္ဓကာရ သိက္ခာပဒ

### ❑ ရတ္တန္ဓကာရေ အပ္ပဒီပေ–၌ အပ္ပဒီပ အဓိပ္ပါယ်

ဆီမီးရောင်, လရောင်, နေရောင်, မီးဖိုမှမီးရောင် တစ်ခုခုဖြင့် မထွန်းလင်း မတောက်ပခြင်း။ (၁၃၆၁–ခု အကြီးတန်း)

### ❑ ရတ္တန္ဓကာရေ အပ္ပဒီပေ၌ ဒီပ–အရ

လရောင်၊ နေရောင်၊ မီးရောင်တို့ ဖြစ်သည်။

(၁၃၆၈–ခု အကြီးတန်း)

### ❑ ရတ္တန္ဓကာရသိက္ခာပုဒ်၌ အပ္ပဒီပ၊ ပုရိသ–အရ

အပ္ပဒီပ–အရ ဆီမီးရောင်, နေရောင်, လရောင် မီးဖိုမှ မီးစသော အလင်းရောင် မရှိသောအရပ်။

http://www.dhammadownload.com



ပုရိသ–အရ အတူတကွရပ်တည်ခြင်း၊ အတူတကွ စကားပြောခြင်းကိုသိသော ယောက်ျား။

(၁၃၆၈–ခု အကြီးတန်း)

❑ **ဘိက္ခုနီမများ မှောင်ရိပ်ခို၍ ယောက်ျားများနှင့် ချိန်းတွေ့ စကားမပြောရ–ဟု ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိရေးပါ။**

ရတ္တန္ဓကာရ သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၃–ခု၊ ၆၄–ခု၊ ၆၇–ခု အလတ်တန်း)

❑ **ဘုရားပွဲတွင် ဇာတ်သဘင်ထည့်၍ ပူဇော်ကြပါဦးလား ဟု ပရိယာယ်စကားဖြင့် ပြောသောရဟန်း ရဟန်းမတို့အား သင့်သောအာပတ်နှင့် ဇာတ်ပွဲသဘင်ကြည့်သော်လည်း အာပတ်မသင့်သော ရဟန်းတို့ကို ဖော်ပြပါ။**

ရဟန်း – ဒုက္ကဋ်၊

ရဟန်းမ – သုဒ္ဓပါစိတ်။

အာပတ်မသင့်သောရဟန်းများ–

၁။ မိမိကျောင်း၌တည်၍ ကြည့်ရှုနားထောင်သူ၊

၂။ မိမိတည်ရာအရပ်သို့လာ၍ သီဆို,တီးမှုတ် ခြင်း စသည်ကိုလည်းကောင်း၊ ခရီးရင်ဆိုင်သွားစဉ်

http://www.dhammadownload.com



ရှေ့မှောက် ရောက်လာသောကခြင်း စသည်ကို လည်းကောင်း ကြည့်ရှုနားထောင်သူ။

၃။ ဆွမ်းခံခြင်းကိစ္စရှိ၍ သွားသူ။

၄။ ဘေးအန္တရာယ်တို့ကြောင့် ပွဲခင်းသို့ဝင်ပြေး၍ ကြည့်သူ။

၅။ ဥမ္မတ္တကစသည်တို့ ဖြစ်သည်။

(၁၃၆၃-ခု အကြီးတန်း)

## ပဋိစ္ဆန္နောကာသ သိက္ခာပဒ

### ❑ ရဟောနိသိန္နကာရသိက္ခာပုဒ်နှင့် ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်(၂)ခုတို့၏ အထူး

ရဟောနိသိန္နကာရ သိက္ခာပုဒ်၌ ညဥ့်မှောင်မိုက်ရာအခါ၌ ဆိမ်းစသော အရောင်အလင်းမရှိသော အရပ်ဝယ် ယောက်ျားနှင့် အတူတကွ တစ်ယောက်ချင်း အနီး၌ တည်နေခြင်း၊ အနီး၌စကား ပြောခြင်းကြောင့် ပါစိတ်အာပတ်သင့်သည်။

ပဋိစ္ဆန္နောကာသသိက္ခာပုဒ်၌ နံရံစသည်ဖြင့် ဖုံးကွယ်သောအရပ်၌ ယောက်ျားနှင့် အတူတကွ တစ်ယောက်ချင်း အနီး၌ တည်နေခြင်း၊ အနီး၌ စကားပြောခြင်းကြောင့် ပါစိတ် အာပတ်သင့်သည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



- **နံရံစသည့် အကာအကွယ်ရှိ ညဉ့်မှောင်မိုက်ထဲ၌ ယောကျာ်းနှင့် အတူတကွထိုင်သော ရဟန်းမနှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားပါ။**

ဘိက္ခုနီပါစိတ်၊ ရတ္တန္ဓကာရဝဂ် ရတ္တန္ဓကာရ သိက္ခာပုဒ်၊ ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်တို့ကို ရေးပါ။

(၁၃၅၂–ခု အကြီးတန်း)

## ဒုတိယိကဥယျောဇနေ သိက္ခာပဒ

- **ဘိက္ခုနီမများ ယောကျာ်းနှင့် တစ်ယောက်ချင်းချင်း မနေအပ် စကားမပြောအပ်သော အရပ်ဒေသများကို သုဒ္ဓပါစိတ် ရတ္တန္ဓကာရဝဂ်လာအတိုင်း ရေးပါ။**

(၁) ညဉ့်မှောင်ရာအခါ၌ ဆီမီးစသော အလင်းရောင်မရှိသောအရပ်၊

(၂) နံရံစသည် ဖုံးကွယ်သောအရပ်၊

(၃) လွင်တီးခေါင်အရပ်၊

(၄) ရထားသွားလောက်သည့်ထုတ်ချင်း ဖောက်သော လမ်းမ၊

(၅) ထုတ်ချင်းမပေါက်သောလမ်းမ၊

http://www.dhammadownload.com



(၆) လမ်းဆုံလမ်းခွ။

(၁၃၂၄–ခု ၊၆၁–ခု၊၆၂–ခု၊ ၆၃–ခု၊ ၆၇–ခု၊ ၆၈–ခု အလတ်တန်း၊
၁၃၆၀–ခု၊ ၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု၊ ၆၅–ခု၊ ၆၆–ခု အကြီးတန်း)

❑ **ရဟန်းမသည် ယောက်ျားနှင့်အတူ ရပ်တည်လျက် စကားမပြောဆိုသင့်သော အရပ်ဌာနများကို သိက္ခာပုဒ်အမည်နှင့် တကွ ဖော်ပြပါ။**

၁။ ရတ္တန္ဓကာရသိက္ခာပုဒ်ဖြင့်–ညဥ့်မှောင်ရာ အခါ၌ ဆီမီးစသော အလင်းရောင်မရှိသောအရပ်၊

၂။ ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်ဖြင့်–နံရံ စသည်ဖြင့် ဖုံးကွယ်အပ်သောအရပ်၊

၃။ အဇ္ဈောကာသသလ္လပန သိက္ခာပုဒ်ဖြင့်–လွင်တီးခေါင်အရပ်၊

၄။ ဒုတိယိက ဥယျောဇနေ သိက္ခာပုဒ်ဖြင့်– ခရီးလမ်းမ အရပ်၊ ထုတ်ချင်းမထွင်းသော ခရီးလမ်းမ အရပ်၊ ခရီးဆုံအရပ်တို့ ဖြစ်ပါသည်။

(၁၃၆၇–ခု အလတ်တန်း)

❑ **ဒုတိယိက ဥယျောဇနေသိက္ခာပုဒ်၌ ပါစိတ်အာပတ် (၃)ချက် သင့်ပုံကို ကမ္ဘါလာအတိုင်း ဖော်ပြပါ။**

http://www.dhammadownload.com



ယောက်ျား၏ ဟတ္ထပါသ်၌တည်ကာမျှဖြင့် ပါစိတ် တစ်ချက်၊ ထိုဟတ္ထပါသ်အတွင်း၌တည်၍ စကားပြောလျှင် တစ်ချက်၊ နားရင်းပြောဆိုလျှင် တစ်ချက်၊ဤသို့ ပါစိတ် (၃) ချက် သင့်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

## ❑ လူအများအတူပျော် လမ်းမပေါ်၌ ယောက်ျားနှင့်အတူနေသော ဘိက္ခုနီ၏ အပြစ်ပြသိက္ခာပုဒ်

ဒုတိယိက ဥယျောဇနေသိက္ခာပုဒ်။

(၁၃၆၅-ခု အလတ်တန်း)

## ❑ သုဒ္ဓပါစိတ်လာ ရထိက, ဗျူဟ, သိင်္ဃာဋက-တို့၏ အဓိပ္ပါယ်

ရထားသွားလောက်သည့် ထုတ်ချင်းပေါက်သော လမ်းသည် ရထိကမည်၏။

ရထားမသွားလောက်သည့် ထုတ်ချင်း မပေါက်သော ခရီးသည် ဗျူဟမည်သည်။

လမ်းဆုံလမ်းခွသည် သိင်္ဃာဋကမည်သည်။

(၁၃၆၃-ခု အလတ်တန်း)

## ❑ ပါပသ္မိံ ရမတိ မနော = စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဟု ဆိုသောကြောင့် လမ်းဆုံးတစ်ခု၌

http://www.dhammadownload.com



ယောကျ်ားတစ်ယောက် နှင့် နှစ်ယောက်သား နီးနီးကပ်ကပ် ပျော်မိသော ရဟန်းမ အား ဝိနည်းဥပဒေတော်ကြီးက ခွင့်မလွှတ်နိုင်သော သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

ဒုတိယိက ဥယျောဇနေသိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၃-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

❑ ဘတ်(စ်)ကားမှတ်တိုင်၌ ယောကျ်ားတစ်ယောက်နှင့် အတူရပ်လျက် စကားတီးတိုးပြောဆိုသော ဘိက္ခုနီအား တားမြစ်ရန် ပညတ်အပ်သော သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။

ဒုတိယိက ဥယျောဇနေသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၁-ခု၊ ၆၇-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၃၇-ခု၊ ၆၁-ခု၊ ၆၂-ခု၊ ၆၄-ခု၊ ၆၆-ခု အကြီးတန်း)

## အနာပုစ္ဆာပဗ္ဗာဇနေ သိက္ခာပဒ

❑ ခရီးလမ်းဆုံ၌ ယောကျ်ားနှင့် တစ်ယောက်ချင်းရပ်လျက် စကားပြောသော ဘိက္ခုနီမနှင့် မပန်ကြားဘဲ ဒါယကာတို့ အိမ်မှပြန်သွားသော ဘိက္ခုနီမတို့အား သင့်သောအာပတ် အသီးသီးကို ဖော်ပြပါ။

http://www.dhammadownload.com



(က) ပါစိတ်၊

(ခ) ပါစိတ်။ (၁၃၃၄-ခု အကြီးတန်း)

❑ **သာမိကေ အနာပုစ္ဆာ ပက္ကပေယျ၌ သာမိကအရတို့ကို ကဉ်ါကျမ်းလာအတိုင်း ရေးသားဖြေဆိုပါ။**

သာမိက-အရ သိနားလည်သော အိမ်ရှင် တစ်ယောက်ယောက်ကိုယူ။ (၁၃၆၈-ခု တနသ်ာရီ)

❑ **ရတ္တန္ဓကာရဝဂ် ပဌမမြောက် သိက္ခာပုဒ်ကို အနက်မှန်မှန် သမ္ဘန်ခဲ့ပါ။**

ထင်ရှားပြီ။ (၁၃၃၈-ခု အလတ်တန်း)

## အနာပုစ္ဆာသန္တရဏ သိက္ခာပဒ

❑ **ရတ္တန္ဓကာရဝဂ်လာ ပုရေဘတ္တ၊ ပစ္ဆာဘတ္တ၊ ဝိကာလအခါ တို့ကို တိကျစွာ ပိုင်းခြားပြပါ။**

ပုရေဘတ္တ-အရ အရုဏ်တက်ချိန်မှစ၍ နေမွန်းတည့်သည့်အချိန်တိုင်အောင် ယူရပါမည်။

ပစ္ဆာဘတ္တ-အရ မွန်းတည့်လွန်ပြီးချိန်မှစ၍ နေဝင်(မိုးချုပ်)သည့်တိုင်အောင် ယူရပါမည်။

ဝိကာလ-အရ နေဝင် (မိုးချုပ်သည့်အချိန်)မှစ၍ အရုဏ်တက်ချိန်တိုင်အောင် ယူကို ယူရပါမည်။

http://www.dhammadownload.com



(၁၃၆၃–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု၊ ၆၅–ခု၊ ၆၆–ခု အကြီးတန်း)

**❑ ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်လာ ဝိကာလ, အနာပုစ္ဆာ သန္တရဏ သိက္ခာပုဒ်လာ ဝိကာလနှစ်ခုတို့၏ အထူးကို ဖော်ပြပါ။**

ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်လာ ဝိကာလကား မွန်းတည့်လွန်ချိန်မှစ၍ နောက်နေ့အရုဏ်အတွင်း ကာလ။

အနာပုစ္ဆာသန္တရဏ သိက္ခာပုဒ်လာ ဝိကာလကား နေဝင်သည်မှ နောက်ကာလ၊ ဤသို့ထူးသည်။

(၁၃၆၁–ခု အကြီးတန်း)

**❑ ပုရေဘတ္တ၊ ပစ္ဆာဘတ္တ၊ ဝိကာလအခါတို့၌ ဒကာ ဒကာမ အိမ်သို့သွားသော ဘိက္ခုနီမများ ပြုကျင့်ရမည့် သိက္ခာပုဒ်များကို ပါဠိသက်သက်ရေးပါ။**

(ရတ္တန္ဓကာရဝဂ်–အနာပုစ္ဆာပက္ကမန, အနာပုစ္ဆာ အဘိနိသီဒန, အနာပုစ္ဆာသန္တရဏ သိက္ခာပုဒ်ဆိုင်ရာ တို့ကို ရေးလေ။)

(၁၃၆၃–ခု အကြီးတန်း)

**❑ မွန်းမတည့်မီ, မွန်းတည့်ပြီးနောက် နေ့မဝင်မီအချိန်အတွင်း အိမ်လည်သွားသော ရဟန်းမနှင့် သက်ဆိုင်သည့် သိက္ခာပုဒ် တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။**

http://www.dhammadownload.com



အနာပုစ္ဆာ ပက္ကမန၊ အနာပုစ္ဆာ အဘိနိသီဒန အနာပုစ္ဆာ သန္တရဏ သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

(၁၃၆၃-ခု အကြီးတန်း

❑ **ဘိက္ခုနီပါတိမောက်လာ ဒါယိကာတို့အိမ်သို့ ချဉ်းကပ်၍ ထိုင်မှုစသည်ပြုလုပ်မိခြင်းကြောင့် ဘိက္ခုနီအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။**

(အနာပုစ္ဆာပက္ကမန၊ အနာပုစ္ဆာ အဘိနိသီဒန၊ အနာပုစ္ဆာသန္တရဏ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။)

(၁၃၆၃-ခု အလတ်တန်း)

❑ **အိမ်ရှင်တို့ကို မပန်ကြားမူ၍ ဖဲခွာသွားခြင်း၊ နေရာ၌ ထိုင်ခြင်း၊ အိပ်ရာနေရာတို့ကို ကိုယ်တိုင်ခင်းခြင်းတို့ကြောင့် ဘိက္ခုနီမများ အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။**

(ရတ္တန္ဓကာရဝဂ် အနာပုစ္ဆာပက္ကမန၊ အနာပုစ္ဆာ အဘိသီဒန၊ အနာပုစ္ဆာသန္တရဏ သိက္ခာပုဒ်တို့ကို ပါဠိကုန်စင်အောင် ရေးပါ) (၁၃၆၄-ခု အကြီးတန်း)

❑ **နံနက်၊ ညနေ၊ ညအခါတို့၌ ဒါယိကာအိမ်သို့သွား၍ မပန်ကြားဘဲ သွားလာနေထိုင်မှု ပြုလုပ်သော ဘိက္ခုနီမ**

http://www.dhammadownload.com



**အတွက် သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ်အမည်များ ထောက်ပြကာ ဖော်ပြပါ။**

သင့်သောအာပတ် – သုဒ္ဓပါစိတ်အာပတ်။

သိက္ခာပုဒ်များ။ ။ အနာပုစ္ဆာ ပက္ကမန၊ အနာပုစ္ဆာ အဘိနိသီဒန၊ အနာပုစ္ဆာသန္ထရဏ။ (၁၃၆၆–ခု အကြီးတန်း)

❑ **ဘိက္ခုနီမများ ပုရေဘတ္တ(နံနက်အခါ)၊ဝိကာလ(ညဦးအခါ) တို့၌ ပြုကျင့်ရမည့် ဥပဒေတော်များကို ပြဆိုသည့် သိက္ခာပုဒ်တို့ကို အနက်ယောဇနာခဲ့ပါ။**

အနာပုစ္ဆာပက္ကမန သိက္ခာပုဒ်နှင့် အနာပုစ္ဆာသန္ထရဏ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၅–ခု အကြီးတန်း)

❑ **ညချမ်းအချိန်အခါ အိမ်တို့သို့သွားတတ်သော ဘိက္ခုနီမများ အတွက် ပညတ်တော်မူအပ်သော သိက္ခာပုဒ်။**

အနာပုစ္ဆာ သန္ထရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၇–ခု အလတ်တန်း)

❑ **ရတ္တန္ဓကာရဝဂ်လာ ဘိက္ခုနီမတစ်ပါးအနေဖြင့် မပန်ပြောဘဲ ပြုလုပ်ခွင့်မရှိသော အမှုများ**

၁။ ဘိက္ခုနီမသည် နံနက်အခါ အိမ်တို့သို့ချဉ်း

http://www.dhammadownload.com



ကပ်ပြီး နေရာထိုင်ပေါ်၌ထိုင်ကာ အိမ်ရှင်တို့ကို မပြန်ပြောဘဲ ဖဲခွာမသွားရခြင်း။

၂။ နေ့လွဲအခါ၌ အိမ်တို့သို့ချဉ်းကပ်ပြီး အိမ်ရှင်တို့ကို မပြန်ပြောဘဲ နေရာထိုင်ပေါ်၌ ထိုင်ခြင်း၊ အိပ်ခြင်း မပြုရခြင်း။

၃။ အချိန်အခါမဲ့ (ညဥ့်အခါ၌) အိမ်တို့သို့ ချဉ်းကပ်ပြီး အိမ်ရှင်တို့ကို မပန်ပြောဘဲ အိပ်ရာနေရာအခင်းကို ကိုယ်တိုင်ခင်း၊ သူတစ်ပါးကိုခင်းစေခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း မပြုရခြင်းတို့ ဖြစ်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

## ပရည္ဈာပနက သိက္ခာပဒ

### ❑ ဒုဂ္ဂဟိတေန ဒူပစာရိတေန၌ ဒုဂ္ဂဟိတ အဓိပ္ပါယ်

ပြောဆိုအပ်သောစကားမှ တစ်ပါးသောအခြင်းအရာ ဖြင့်ယူအပ်သောစကားသည် ဒုဂ္ဂဟိတမည်သည်။

### ❑ ဒူပစာရိတ အဓိပ္ပါယ်

မှတ်သားအပ်သောစကားမှ တစ်ပါးသောအခြင်းအရာ ဖြင့် ယူအပ်သောစကားသည် ဒူပစာရိတမည်သည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



# ပရအဘိသပန သိက္ခာပဒ

## ❑ ဘိက္ခုနီမကိုယ်တိုင် မကျိန်ဆိုကောင်းသော အရာများ

ငရဲ၊ သာသနာဟူသော ဗြဟ္မစရိယတို့ ဖြစ်သည်။

(၁၃၆၂–ခု အလတ်တန်း)

## ❑ ပရအဘိသပန သိက္ခာပုဒ်လာ

**(က) ငရဲဖြင့် ကျိန်ဆဲပုံ၊**

**(ခ) ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံတို့ကို ရေးပြပါ။**

(က) ငရဲ၌ဖြစ်ရပါလို၏၊ ငရဲ၌ဖြစ်ပါစေသတည်း။

(ခ) လူဝတ်ကြောင်မ ဖြစ်ရလိုပါ၏၊ လူဝတ်ကြောင်မ ဖြစ်ပါစေသတည်း။ (၁၃၆၂–ခု အကြီးတန်း)

## ❑ ဘိက္ခုနီမသည် မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း ငရဲဖြင့်လည်းကောင်း၊ ဗြဟ္မစရိယဖြင့်လည်းကောင်း ကျိန်ဆဲပုံကို အသီးသီးဖြေဆိုပါ။

ငရဲ၌ ဖြစ်ရလိုပါ၏၊ ငရဲ၌ဖြစ်စေ ဤသို့စသော စကားတို့ကို ပြောဆိုကျိန်ဆဲခြင်းသည် ငရဲဖြင့် ကျိန်ဆဲသည် မည်ပါသည်။

လူဝတ်ကြောင် မဖြစ်ရလိုပါ၏။ လူဝတ်ကြောင်

http://www.dhammadownload.com



ဖြစ်ပါစေသား ဤသို့စသောစကားတို့ကို ပြောဆိုကျိန်ဆဲခြင်းသည် ဗြဟ္မစရိယ်ဖြင့် ကျိန်ဆဲသည် မည်ပါသည်။

(၁၃၅၂–ခု၊ ၆၃–ခု ၊ ၆၆–ခု အကြီးတန်း)

❑ "ယုံပါစေလို၊ ကျိန်စာဆို"သော ရဟန်းမအား သင့်ရောက် အပြစ်ပြ သိက္ခာပုဒ်ကို ကျနစွာအနက် ပေးပြပါ။

ရတ္တန္ဓကာရဝဂ် ပရအဘိသပန သိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၁–ခု၊ ၆၄–ခု အကြီးတန်း)

## ရောဒန သိက္ခာပဒ

❑ ရင်ကိုထု၍ထု၍ငိုသော ရဟန်းမိန်းမ, ရင်ကိုမထုမူ၍ ငိုသော ရဟန်းမိန်းမတို့အား သင့်သောအာပတ်ကို ဖော်ပြပါ။

ရင်ကိုထု၍ထု၍ငိုသော ရဟန်းမိန်းမအား ပါစိတ်၊ ရင်မထုမူ၍ ငိုသော ရဟန်းမအား ဒုက္ကဋ်။

(၁၃၃၂–ခု အကြီးတန်း)

http://www.dhammadownload.com



# နဂ္ဂ သိက္ခာပဒ

❑ **နဂ္ဂသိက္ခာပုဒ်လာ နဂ္ဂါဟူသည် အဘယ်နည်း၊ ကမ္ဗါလာအတိုင်း ဖော်ပြပါ။**

နဂ္ဂါဟူသည် ခါးဝတ်သင်းပိုင် မဝတ်ဘဲသော်လည်းကောင်း၊ ကိုယ်ရုံသင်္ကန်းမပါဘဲသော်လည်းကောင်း ရေချိုးခြင်းကို နဂ္ဂါဟုခေါ်သည်။ (၁၃၆၈–ခု အကြီးတန်း)

❑ **ရဟန်းမိန်းမများ အခါအားလျော်စွာ ကိုယ်လုံးတည်းချွတ်၍ ရေချိုးနိုင်ခွင့်ရှိသော အခါများ**

၁။ ရေသနုပ်သင်းပိုင် အခိုးခံရသည့်အခါ

၂။ ရေသနုပ်သင်းပိုင် ပျောက်သွားဆဲအခါ

၃။ အဖိုးတန်ရေသနုပ်မြင်လျှင် အလုခံရမည်ကို စိုးရိမ်သည့်အခါတို့တည်း။

(၁၃၆၄–ခု အကြီးတန်း)

❑ **အောက်ဖော်ပြပါ ဘိက္ခုနီမများအား သင့်ရောက်နိုင်သော အာပတ်နှင့် သိက္ခာပုဒ်အမည်များကို ဖော်ပြပါ။**

**(က) မိမိ၏ရင်ဘတ်ကို ထု၍ထု၍ငိုသော ရဟန်းမ။**

**(ခ) အဝတ်မစီး အချည်းနှီးရေချိုးသော ရဟန်းမ။**

http://www.dhammadownload.com



(က) ရောဒနသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ် အာပတ် သင့်ပါသည်။

(ခ) နဂ္ဂသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ် အာပတ် သင့်ပါသည်။

(၁၃၆၂–ခု အလတ်တန်း)

## ဥဒကသာဋိက သိက္ခာပဒ

**❑ ဥဒကသာဋိကခေါ် ရေသနုပ်သင်္ကန်းချုပ်လိုသော ဘိက္ခုနီမအား ဘုရားရှင်ခွင့်ပြုအပ်သော အတိုင်းအရှည်ပမာဏ**

မြတ်စွာဘုရားအထွာတော်အားဖြင့် အလျား (၄)ထွာ၊ အနံ(၂)ထွာ။

(၁၃၂၄–ခု၊ ၆၁–ခု အလတ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

**❑ ဘိက္ခုနီလာ ရေသနုပ်သင်္ကန်း၏ ပမာဏကို မဋ္ဌိမပုရိသ၏ အတိုင်းအတာဖြင့် ဖော်ပြပါ။**

ဘိက္ခုနီလာရေသနုပ်သင်္ကန်း၏ ပမာဏကို မဋ္ဌိမပုရိသ၏ အတိုင်းအတာ အလျား (၁၂)ထွာ၊ အနံ (၆)ထွာ ဖြစ်ပါသည်။

(၁၃၆၇–ခု အလတ်တန်း၊ ၁၃၆၅–ခု၊ ၆၇–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ရေသနုပ်သက်န်း၏ အလျား အနံပမာဏကို ပကတိပုရိသ တို့၏ အတိုင်းအတာဖြင့် ဖော်ပြပါ။**

အလျား (၉)တောင်၊ အနံ (၄)တောင့် (၁)ထွာ။

(၁၃၃၉–ခု အလတ်တန်း)

**❑ ဘိက္ခုနီမများ၏ ရေသနုပ်အတိုင်းအတာကို ပြဆိုပညတ် ထားသော သိက္ခာပုဒ်**

ဥဒကသာဋိကံ ပန ဘိက္ခုနိယာ ကာရယမာနာယ ပမာဏိကာ ကာရေတဗ္ဗာ၊ တတြိဒံ ပမာဏံ၊ ဒီဃသော စတ သော ဝိဒတ္ထိယော၊ သုဂတဝိဒတ္ထိယာ၊ တိရိယံ ဒွေ ဝိဒတ္ထိယော၊ တံ အတိက္ကာမေန္တိယာ ဆေဒနကံ ပါစိတ္တိယံ။

(၁၃၆၁–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

**❑ ဘိက္ခုနီမများအား ရေသနုပ်သင်္ကန်းချုပ်လုပ်ပုံနှင့် ပတ်သက်၍ ပညတ်ချက်ထုတ်ထားသော သိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။**

ဥဒကသာဋိကာ သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၂၆–ခု၊ ၆၁–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## စီဝရသိဗ္ဗန သိက္ခာပဒ

❑ ဘိက္ခုနီပါတိမောက်လာ စီဝရသိဗ္ဗန သိက္ခာပုဒ်ကို တိကျစွာ အနက်ပေးပြပါ။

(၁၃၆၄-ခု အလတ်တန်း)

## သင်္ဃာဋိစာရ သိက္ခာပဒ

❑ **သံဃာဋိမည်ပုံ**

ချုပ်စပ်အပ်သောအနက်ကြောင့် တိစီဝရိတ်သုံးထည် ရေသနုပ်, ရင်စည်းတစ်ဘက်, ဤ(၅)ထည်သည် သင်္ဃာဋိမည်၏။

❑ **သင်္ဃာဋိစာရမည်ပုံ**

သုံးဆောင်ခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း၊ နေလှမ်းခြင်း၏ အစွမ်းဖြင့်လည်းကောင်း သင်္ကန်း(၅)ထည်ကို လှည့်လည်ဝတ်ရုံခြင်းသည် သင်္ဃာဋိစာရမည်၏။

(၁၃၆၃-ခု၊ ၆၅-ခု၊ ၆၆-ခု၊ ၆၈-ခု အကြီးတန်း)

❑ **ပဉ္စာဟိကံ သင်္ဃာဋိစာရံ-၌ ယူရမည့်သင်္ကန်းများ**

အခြားရဟန်းမ၏ ဥစ္စာကို မပန်ပြောဘဲ ယူသည်ဖြစ်၍ ပြန်ပေးအပ်သော တိစီဝရိတ်၊ ရေသနုပ်၊ ရင်လွှမ်းဟူသော

http://www.dhammadownload.com



သင်္ကန်း(၅)ထည်တို့တွင် တစ်ထည်ထည်ကို ပဉ္စာပတိကံ သင်္ဃာ ဒိသေသအရ ယူရသည်။

(၁၃၆၂-ခု အလတ်တန်း၊ ၁၃၃၇-ခု၊ ၆၆-ခု အကြီးတန်း)

## ❑ ပဉ္စာပတိကံ သင်္ဃာဒိသေသ၌ သံဃာဒိ-အရ

တိစီဝရိတ်၊ ရေသနုပ်၊ ရင်စီးတဘက်တို့ကို ယူ။

(၁၃၆၈-ခု ကရင်)

## ❑ စာရ၏ဆိုလိုရင်းသဘော

သင်္ကန်းများ၏လှည့်လည်ခြင်းဟူသည်-သင်္ကန်းတို့ကို တစ်နေရာတည်း၌ မတည်စေဘဲ အခြားနေရာသို့ လှည့်လည်သကဲ့သို့ဖြစ်အောင် လဲလှယ်၍ ဝတ်ခြင်း နေလှမ်းခြင်းပင်တည်း။ (၁၃၆၈-ခု အကြီးတန်း)

## ❑ သင်္ဃာဒိသေသ သိက္ခာပုဒ်အရ သင်္ကန်းလဲလှယ်ဝတ်ရမည့် ရက်အရေအတွက်

ငါးရက် တစ်ကြိမ်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ သင်္ဃာဒိသေသ သိက္ခာပုဒ်လာ လှည့်လည်၍ဝတ်ရမည့် သင်္ကန်းအမည်များ

သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်ဟူသော တိစီဝရိတ်၊ ရေသနုပ်၊ ရင်လွှမ်းသင်္ကန်း။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဘိက္ခု၏သင်္ဃာဒိသေသနှင့် ဘိက္ခုနီ၏ သင်္ဃာဒိသေသတို့အထူး

ဘိက္ခုသင်္ဃာဒိသေသသည် ဒုက္ကဋ်နှစ်ထပ် သက်န်းကြီး တည်း၊

ဘိက္ခုနီသင်္ဃာဒိသေသသည် ချုပ်စပ်အပ်သော အနက် ကြောင့် သင်္ဃာဒိသေသဟူသောအမည်ကိုရအပ်သော တိစီဝရိတ်, ရေသနုပ်, ရင်စည်းတဘက်အားဖြင့် (၅)ထည်။(၁၃၃၇–ခု အကြီးတန်း)

## ❑ စီဝရသိဗ္ဗနသိက္ခာပုဒ်နှင့် သင်္ဃာဒိသေသသိက္ခာပုဒ်တို့၌လာသော ပဉ္စသချာနှစ်ပါးတို့၏ အထူး

စီဝရသိဗ္ဗနသိက္ခာပုဒ်၌ ပဉ္စအရ–ဖြေသောနေ့မှစ၍ (၅)ရက်ကို ယူ၊

သင်္ဃာဒိသေသသိက္ခာပုဒ်၌ ပဉ္စအရ –တိစီဝရ, ရေသနုပ်, ရင်စီးတဘက်ဟူသော သင်္ကန်း(၅)ထည်ကိုယူ။

(၁၃၆၅–ခု အကြီးတန်း)

## ❑ ငါးရက်တစ်ကြိမ် သင်္ကန်းမလဲလှယ်ခြင်းကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်တို့ကို အနက်ယောဇနာခဲ့ပါ။

သင်္ဃာဒိသေသသိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



# စီဝရသက်မနိယ သိက္ခာပဒ

## ❑ စီဝရသက်မနိယ ဟူသည်

ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ ယူပြီးနောက် တစ်ဖန်ပြန်ပေးအပ်သော သင်္ကန်း (၅)ထည်တို့တွင် တစ်ထည်ထည်သော သင်္ကန်းသည် စီဝရသက်မနိယမည်၏။ (၁၃၃၀-ခု အကြီးတန်း)

## ဂဏာစီဝရ

## ❑ ဂဏစီဝရသိက္ခာပုဒ်၌ ဂဏ, စီဝရလာဘ, အန္တရာယကရ တို့၏ အရများ

ဂဏ - ဘိက္ခုနီသံဃာ၊

စီဝရလာဘ - အောက်ထစ်ဆုံး ဝိကပ္ပနာ လောက်သော ရအပ်သော သင်္ကန်း။

အန္တရာယကာရ - လှူဒါန်းလိုသူကို မလှူဒါန်းနိုင်သော အခြင်းအရာဖြင့် အားထုတ်ခြင်း။

(၁၃၆၃-ခု အကြီးတန်း)

## ❑ ဂဏစီဝရသိက္ခာပုဒ်ဝယ် အန္တရာယံ ကရေယျ၌ အဘယ်ကို အန္တရာယ်ပြုသည်ဟု ဆိုပါသနည်း၊ ကခါ်အလိုကျ အများနားလည်အောင် ရေးသားခဲ့ပါ။

http://www.dhammadownload.com



မလှူဖြစ်အောင် အားထုတ်ခြင်းကို အန္တရာယ်ပြု သည်ဟု ဆိုပါသည်။ (၁၃၆၈-ခု အကြီးတန်း)

## ပဋိဗာဟန သိက္ခာပဒ

### ❑ ဓမ္မိကစီဝရဝိဘင် ဟူသည်

ညီညွတ်သော သံဃာသည် စည်းဝေး၍ ပြုအပ်သော သင်္ကန်းဝေဖန်မှုကို ဓမ္မိကစီဝရဘင်ဟု ခေါ်သည်။

(၁၃၆၂-ခု၊ ၆၈-ခု အကြီးတန်း)

### ❑ နဂ္ဂဝဂ်လာ အဘယ်အရာများကို တားမြစ်က အပြစ်အာပတ်သင့်ပါသနည်း?

တရားအားလျော်သော သင်္ကန်းဝေဖန်ခြင်း, တရားအားလျော်သောကထိန်နုတ်ခြင်းတို့ကို တားမြစ်က ပါစိတ်အာပတ်သင့်ပါသည်။ (၁၃၆၆-ခု အကြီးတန်း)

### ❑ နဂ္ဂဝဂ် အစသုံးပုဒ်၊ အဆုံးသုံးပုဒ်တို့ကို ချန်ထား၍ အလယ်သိက္ခာပုဒ်တို့ကို အနက်ပေးပြပါ။

နဂ္ဂဝဂ်သယ်ာင်္ဂိစာရ၊ စီဝရသင်္ကမနီယ၊ ဂဏစီဝရ၊ ပဋိဗာဟနသိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



❑ အကာလသင်္ကန်းကို ကာလသင်္ကန်းဟုဆောက်တည်၍ ဝေဖန်သော ရဟန်းမိန်းမနှင့် တရားသဖြင့် သင်္ကန်းဝေဖန်မှုကို ကန့်ကွက်သော ရဟန်းမိန်းမတို့အား သင့်သောအာပတ် အသီးသီးကို ဖော်ပြပါ။

နိဿဂ္ဂိပါစိတ် – အကာလစီဝရဘာဇနေသိက္ခာပုဒ်

သုဒ္ဓပါစိတ် – ပဋိဗာဟနသိက္ခာပုဒ်

(၁၃၂၇–ခု အလတ်တန်း)

## စီဝရဒါန သိက္ခာပဒ

❑ **သမဏစီဝရ ဟူသည်**

ဗိန္ဒုထိုးပြီးသော ဝတ်ရုံလောက်သော သင်္ကန်းသည် သမဏစီဝရမည်၏။

(၁၃၆၂–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၃၀–ခု အကြီးတန်း)

❑ **(က) စီဝရသင်္ကမနီယ၊**

**(ခ) စီဝရလာဘ၊**

**(ဂ) သမဏစီဝရတို့၌ပါသော စီဝရအထူး**

(က) ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ တိတ်တဆိတ်ယူထားသည့်အတွက် မိမိအထံ၌ အမြဲမထားနိုင်ဘဲ ပြန်ပေးရမည့် သင်္ကန်းမျိုးကို စီဝရသင်္ကမနီယ၌ စီဝရဟု ခေါ်သည်။

http://www.dhammadownload.com



(ခ) အခိဋ္ဌာန် ဝိကပ္ပနာလောက်သော ခေါ်မစသော သင်္ကန်း(၆)ထည့်တို့တွင် တစ်ထည်သောသင်္ကန်းကို စီဝရလာဘ၌ စီဝရဟု ခေါ်ပါသည်။

(ဂ) ဝတ်ရုံလောက်၍ ကပ္ပဗိန္ဒုထိုးပြီးသော သင်္ကန်းကို သမဏစီဝရ၌ စီဝရဟု ခေါ်ပါသည်။ ဤသို့ထူးပါသည်။ (၁၃၆၀–ခု ၊ ၆၁–ခုအကြိမ်းတန်း)

## ❑ ဒွေမာတိကာလာ စီဝရဒါနသိက္ခာပုဒ်တို့၏ အထူး

ဘိက္ခုစီဝရဒါနသည် လဲလှယ်မှုကိုကြဉ်၍ ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းပေးခြင်းကြောင့် ပါစိတ်အာပတ်သင့်၍ ဘိက္ခုနီစီဝရဒါနကား–အိမ်နေသူလူ, ပရိဗိုဇ်ယောကျ်ား, မိန်းမတို့အား ကပ္ပဗိန္ဒုထိုးအပ်သော ရဟန်းတို့၏သင်္ကန်းကို ပေးခြင်းကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

(၁၃၆၃–ခု အကြိမ်းတန်း)

# ကာလအတိက္ကမန သိက္ခာပဒ

## ❑ ဒုဗ္ဗလစီဝရပစ္စာသာယ–

"စွမ်းနိုင်လျှင် လှူပါမည်"ဟူသော စကားမျှ လောက်ကိုကြား၍ ဖြစ်စေအပ်သော အာသာကို ဒုဗ္ဗလစီဝရ ပစ္စာသာယဟု ခေါ်သည်။

http://www.dhammadownload.com



# ကထိနုဒ္ဒါရ သိက္ခာပဒ

## ❑ ဓမ္မိက ကထိနုဒ္ဓါရ အဓိပ္ပါယ်

ကထိန်နုတ်ခြင်းကြောင့် ရရှိလာမည့် လာဘ်သည် ကထိန်အာနိသင်အောက်နည်းနေလျှင် ဓမ္မိက ကထိနုဒ္ဒါရတရား နှင့်လျော်သော ကထိန်နုတ်ခြင်းမဟုတ်) ကထိန်နုတ်ခြင်းကြောင့် နောက်ထပ်ရလာမည့် လာဘ်က ကထိန်အာနိသင် လာဘ်ထက် များလျှင်သော်လည်းကောင်း၊ တန်းတူသော်လည်းကောင်း ဖြစ်မှ ဓမ္မိက ကထိနုဒ္ဒါရဖြစ်ပါသည်။ (၁၃၆၇–ခု အလတ်တန်း)

## ❑ ဓမ္မိက ကထိနုဒ္ဒါရဖြစ်ပုံ

ကထိန်အာနိသင် ခေတ်အတွင်း အကာလသင်္ကန်း ကို လှူလိုသော ဒါယကာသည် ကထိန်အာနိသင်ဖြစ်သော သင်္ကန်းတို့ထက် များသည်ဖြစ်စေ၊ တန်းတူဖြစ်စေ သင်္ကန်းတို့ကို ယူလာ၍ ပုရိမဝါကျွတ်သူ၊ ပစ္ဆိမဝါကျွတ်သူ မရွေး အားလုံးသော ဘိက္ခုနီသံဃာသည် ခင်ပြီးကထိန်ကို ဉတ္တိဒုတိယကမ္မဝါစာဖြင့် နှုတ်ခြင်းမျိုးကို ဆိုလိုသည်။ (၁၃၆၂–ခု အကြီးတန်း)

## ❑ ဓမ္မိကကထိနုဒ္ဒါရ–ဟုဆိုရခြင်းအကြောင်းများ–

၁။ တိုက်တာတွင် ကထိန်ခင်းခဲ့သူ၊ မခင်းခဲ့သူ ဘိက္ခုနီအားလုံး အပါးအစေ့အား အကာလသင်္ကန်းလှူလိုကြောင်း အလှူရှင်က ဆန္ဒရှိခြင်း, လျှောက်ထားခြင်း၊

http://www.dhammadownload.com



၂။ ငင်းအလှူရှင် လှူဒါန်းမည့် အကာလသင်္ကန်းသည် မူလခင်းခဲ့သည့် ကထိန်အာနိသင်သင်္ကန်းနှင့် တန်ဖိုးတူမျှခြင်း, သာလွန်ခြင်း၊

၃။ ဤအကြောင်းနှစ်ချက်ထောက်ထား၍ ခင်းပြီးကထိန်ကို ဘိက္ခုနီသံဃာများက တညီတညွတ်တည်း ဆန္ဒဖြင့် ကထိနုဒ္ဓါရဉတ္တိဒုတိယကမ္မဝါစာကံဖြင့် နှုတ်သိမ်းမှုပြုနေခြင်းတို့တည်း။ (၁၃၆၄-ခု အကြီးတန်း)

## ❑ (က) တရားနှင့်မလျော်သော ကထိန်နှုတ်ခြင်း၊

## (ခ) တရားနှင့်လျော်သော ကထိန်နှုတ်ခြင်းတို့ကို ဖော်ပြပါ။

(က) ကထိန်နှုတ်ခြင်းကြောင့် ရရှိမည့်လာဘ်သည် ကထိန်အာနိသင်လာဘ်အောက် နည်းနေလျှင် တရားနှင့်မလျော်သော ကထိန်နုတ်ခြင်းမည်သည်။

(ခ) ကထိန်နုတ်ခြင်းကြောင့် နောက်ထပ်ရရှိမည့်လာဘ်က ကထိန်အာနိသင်လာဘ်ထက်များသော်လည်းကောင်း၊ တန်းတူသော်လည်းကောင်းဖြစ်မှ တရားနှင့်လျော်သော ကထိန်နုတ်ခြင်းမည်သည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ခင်းပြီးသောကထိန်ကို တဖန်နုတ်ရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပြီးလျှင် ဘိက္ခုနီသံဃာ၏ သက်နီးရခြင်းကို အန္တရာယ်ပြုသော ဘိက္ခုနီမအား သင့်သောအာပတ်ကိုလည်း ဖော်ပြပါ။**

ဒါယကာက မူလကထိန်အာနိသင်လာဘ်လာဘနှင့် တန်းတူသော်လည်းကောင်း၊ အပိုအလွန်သော်လည်းကောင်း သံဃာအား လှူလိုသည်ဟု လျှောက်ထားခြင်းကြောင့် သံဃာအတွက် အကျိုးများမှုကို ရည်ရွယ်၍ ကထိန်နုတ်ရသည်။

ပါစိတ်အာပတ်။ (၁၃၂၈-ခု အကြီးတန်း)

## ကောမဋ္ဌတုဝဋ္ဋန သိက္ခာပုဒ်

❑ **တုဝဋ္ဋဝဂ် ပဉ္စမသိက္ခာပုဒ်အရ အပြစ်ဖြစ်နိုင်စေသော နှစ်ပါး တစ်ညောင်စောင်းအိပ်ပုံ**

ညောင်စောင်း (ကုတင်) တစ်ခုတည်း၌ နှစ်ပါးအတူတူ အိပ်ခြင်း။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ကေတ္တရဏာတုဝ နှ သိက္ခာပဒ

❑ **ကေတ္တရဏာပါဝုရဏာ အဓိပ္ပါယ်ကို ကခ်ါအလိုကျ ရေးပြပါ။**

ပြောင်းရွှေ့၍ရနိုင်သော ခြုံထည်အခင်း၊ဖျာ၊ သင်ဖြူး စသည်တို့၏အစွန်းတစ်ဖက်ကိုခင်း၍ အခြားအစွန်းတစ်ဖက်ကို ခြုံပြီးအိပ်ခြင်းကို ကေတ္တရဏာပါဝုရဏာဟု ခေါ်ပါသည်။

(၁၃၆၁–ခု၊ ၆၅–ခု အကြီးတန်း)

❑ **မလွှဲမရှောင်သာ၍ အခင်းတစ်ခုတည်း၌ ဘိက္ခုနီမနှစ်ယောက် အဟူအိပ်ဘို့ရန်ကြုံလာခဲ့သော် အာပတ်မသင့်အောင် အိပ်နည်းကို နည်းလမ်းညွှန်ပြပါ။**

နှစ်ပါးတို့၏အကြား ထီးစသည်ထား၍ ကန့်သတ်ထားကာ အိပ်ခြင်း။ (၁၃၆၄–ခု အကြီးတန်း)

❑ **အနိယမ ဗဟုဝုစ်ကတ္တားဖြင့် စ၍ယောကြား ပညတ်တော်မူခဲ့သော တုဝဋ္ဋဝဂ်အစ သိက္ခာပုဒ်နှစ်ပုဒ်ကို အနက်ပေးပြပါ။**

ကေမဋ္ဌတုဝဋ္ဋနသိက္ခာပုဒ်၊ ကေတ္တရဏာတုဝဋ္ဋန သိက္ခာပုဒ်တို့ကို အနက်ရေးပြပါ။ (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



## န ဥပဇ္ဈာပန

### ❑ အတူနေတပည့်မအား ပြုရမည့်ဆရာကျင့်ဝတ်

ဂိလာနဖြစ်သော အတူနေတပည့်မကို ကိုယ်တိုင်လည်း ပြုစုရမည်၊ သူတစ်ပါးကိုလည်း ပြုစုစေရမည်။ (နဥပဇ္ဈပန သိက္ခာပုဒ်)။ (၁၃၂၇-ခု အလတ်တန်း)

## နိက္ကမန သိက္ခာပဒ

### ❑ **မကျန်းမာ၍ ဒုက္ခရောက်နေသော တပည့်မကို ကိုယ်တိုင်လည်း မပြုစု၊ ပြုစုဖို့ရန်လည်းကြောင့်ကြမစိုက်သော ရဟန်းမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်နှင့် ဘိက္ခုနီသုဒ္ဓပါစိတ် တုဝဋ္ဋဝဂ် ပဌမမြောက်သိက္ခာပုဒ်တို့ကို အတ္ထယောဇနာပါ။**

န ဥပဇ္ဈာန သိက္ခာပုဒ်နှင့် နိက္ကမနသိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၂-ခု အကြီးတန်း)

### ❑ **ဘိက္ခုနီသုဒ္ဓပါစိတ်လာ နိကမနသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။**

နိက္ကမနသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com



## သံသဋ္ဌ

❑ **ဘိက္ခုနိယော ပနေဝ သံသဋ္ဌာဝိဟရန္တိ–ပါဠိ၌ သံသဋ္ဌ၏ အဓိပ္ပါယ်ကို ကခါလာအတိုင်း ရေးသားဖြေဆိုပါ။**

ရသေ့, ရဟန်းတို့အား မလျော်သော လူတို့၏ မောင်းထောင်းခြင်း၊ ထမင်းချက်ခြင်း၊ သတင်းစကားဆောင်ခြင်း စသော ကိုယ်၌ဖြစ်သောအမှု၊ နှုတ်၌ဖြစ်သောအမှုတို့ကို ပြုလုပ်သောအားဖြင့် ရောနှောခြင်းကို သံသဋ္ဌဟု ခေါ်သည်။

(၁၃၆၁–ခု၊ ၆၄–ခု အကြီးတန်း)

❑ **သူကြွယ်၊ သူကြွယ်၏သားတို့နှင့် ရောနှောနေထိုင်သော ရဟန်းမိန်းမကို မြင်ကုန်ကြားကုန်သော ရဟန်းမိန်းမတို့က ပြောဆိုပုံကို မြန်မာလိုရေး၍ ပြောဆိုမရပါက ဆက်လက်ဆောင်ရွက်ပုံနှင့် ထိုဆောင်ရွက်ချက်အရ ပေါ်ထွက်လာနိုင်သော အကျိုးဆက်ကိုလည်း ရေးပါ။**

အရှင်မ... သူကြွယ်နှင့်လည်းကောင်း၊ သူကြွယ်သားနှင့်လည်းကောင်း ရောနှော၍မနေပါလင့်၊ အရှင်မ... ရောနှောနေခြင်းမှ ကင်းဆိတ်ခြင်းကိုသာလျှင် သံဃာတော်က ချီးမွမ်းပါ၏။ ဤသို့သုံးကြိမ်တိုင်အောင် ဆုံးမရပါမည်။ဆုံးမ, မရပါက ပါစိတ်အာပတ်သင့်ခြင်း အကျိုးဆက်ပေါ်ထွက်လာနိုင်ပါသည်။

(၁၃၆၂–ခု အလတ်တန်း)

http://www.dhammadownload.com



❑ **သူကြွယ်,သူကြွယ်သားနှင့်ရောနှောသော ဘိက္ခုနီမအား အခြားဘိက္ခုနီမတို့က ဆုံးမပုံကို ပေါ်လွင်အောင်ရေးပါ။**

ရှင်မ...သင်သည် သူကြွယ်နှင့် လည်းကောင်း၊ သူကြွယ်သားနှင့်လည်းကောင်း ရောရောနှောနှော မနေပါလင့်၊ ရှင်မ...သင်သည် လူတို့နှင့် ကင်းကင်းရှင်းရှင်းနေပါ၊ ရှင်မ၏ ကင်းကင်းရှင်းရှင်းနေမှုကို သံဃာတော်က နှစ်သက်ပါ၏ ဟု ပြောဆိုဆုံးမရမည်။ (၁၃၃၄-ခု အကြီးတန်း)

❑ **ဆရာ, ဒကာပေါင်းသင်းဆက်ဆံခြင်းကဲ့သို့မဟုတ်ဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းကဲ့သို့ ဒကာ, ဒကာမများနှင့် ပေါင်းသင်းဆက်ဆံသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ ဝိနယသိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။**

(ဘိက္ခုနီတုဝင္ဂဝဂ် သံသဋ္ဌ သိက္ခာပုဒ်ကို ပါဠိရေးပါ)

(၁၃၆၈-ခု အလတ်တန်း)

❑ **ဘိက္ခုနီသုတ္တပါစိတ် တုဝဋ္ဋဝဂ်လာ ယာဝတတိယက သမနု ဘာသနကံ၏ အဆုံး၌သာ အပြစ်အာပတ်သင့် ရောက်ခွင့်ရှိသော သိက္ခာပုဒ်ကို ပါဠိရေးပြပါ။**

(ဘိက္ခုနီ တုဝဋ္ဋဝဂ်၊ ဆဋ္ဌမမြောက် သံသဋ္ဌ သိက္ခာပုဒ်ကို ပါဠိကုန်စင်အောင် ရေးသော။) (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



- **လူတို့၏ လုပ်ငန်းများကို လူတို့နှင့်အတူ လုပ်ကိုင်နေထိုင်ကြသော ဘိက္ခုနီမများကို ကောင်းမွန်စွာနေထိုင်ကြသော ဘိက္ခုနီမများက ဆိုဆုံးမသောစကားကိုသာ အနက်မှန်စွာ ယောဇနာပါ။**

ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ပါပါစာရာ။ ပ။ ဘဂိနီနံ သံဃော ဝဏ္ဏေတိကို အနက်ရေးပါ။

(၁၃၆၃–ခု အလတ်တန်း၊ ၁၃၆၅–ခု အကြီးတန်း)

- **လူတို့နှင့်အတူ ထမင်းချက်၊ ထင်းခွေ၊ ရေခပ်ခြင်း၊ သားရေးသမီးရေးကိစ္စတို့ကို ပြောဆိုခြင်း–စသော အမှုတို့ကို ပြုလုပ်ကြကုန်သော ရဟန်းမိန်းမတို့အား ရဟန်းမိန်းမကောင်းတို့က ပြောဆိုပုံပြ ပါဠိကို အနက်ပေးခဲ့ပါ။**

ဘိက္ခုနီ တုဝဋ္ဋဝဂ် သံဃ သိက္ခာပုဒ်မှ "မာယျေ သံသဋ္ဌာ။ပ။ ဝဏ္ဏေတိ"ကို အနက်ရေးလေ။

(၁၃၆၄–ခု အလတ်တန်း၊ ၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



## အနွော၁ရဠ္ဌ သိက္ခာပဒ

❑ ဘေးရန်ရှိ၏ဟု သံသယဖြစ်သော ရွာတစ်ပါးသို့ အဖော်ကုန်သည်မပါဘဲ သွားသော ဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်များ သင့်နိုင်သည်ကို ဖော်ပြပါ။

အန္ဓော၁ရဠ္ဌနှင့် တိရောရဠ္ဌ သိက္ခာပုဒ်များအရ ပါစိတ်သင့်သည်။ (၁၃၃၂–ခု အကြီးတန်း)

❑ နိုင်ငံအတွင်း၌ ဘေးရန်အန္တရာယ်ရှိသော ခရီးသို့လှေလာ ရေးခရီးသွားသော ဘိက္ခုနီမအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို အနက်ပေးပါ။

အန္ဓော၁ရဠ္ဌသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၂–ခု အလတ်တန်း)

## တိရောရဠ္ဌ သိက္ခာပဒ

❑ ဘိက္ခုနီတို့၏ ခရီးဒေသစာရီ မသွားသင့်သောဒေသများ

၁။ သာသက်သမ္မတ, သပ္ပဋိဘယ အသတ္ထိက ဖြစ်သော ပြည်တွင်း၊

၂။ သာသက်သမ္မတ, သပ္ပဋိဘယ အသတ္ထိက ဖြစ်သော ပြည်ပ။

http://www.dhammadownload.com



ခရီးမသွားသင့်သောကာလ

ဝါတွင်း။ (၁၃၆၂–ခု အကြီးတန်း)

- **ဘိက္ခုနီမ တစ်ယောက်တည်း မသွားကောင်းသော အရပ်များ**

အခြားသောရွာ၊ မြစ်တစ်ဘက်၊ (အဖော်ကုန်သည် မပါသည့် သာသက် သမ္မတ သပ္ပဋိဘယဖြစ်သော နိုင်ငံတွင်း၊ နိုင်ငံပ)။ (၁၃၆၆–ခု အကြီးတန်း)

- **ပြည်တွင်းပြည်ပနှစ်ဌာနနှင့် ဝါတွင်း, ဝါပ နှစ်ကာလတို့၌ ဟိုဟိုဒီဒီ ဒေသစာရီ လှည့်လည်လိုသော ဘိက္ခုနီအတွက် ပညတ်ချက်ဖြစ်သော သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။**

(အန္တောရဋ္ဌ, တိရောရဋ္ဌ သိက္ခာပုဒ်တို့ကို ရေးလေ။)

(၁၃၆၁–ခု အကြီးတန်း)

- **စစ်မက်ဖြစ်ပွားတိုင်းနိုင်ငံ တစ်ပါးသို့သွားသော ဘိက္ခုနီ**

တိရောရဋ္ဌသိက္ခာပုဒ်။ (၁၃၆၇–ခု အလတ်တန်း)

- **မြတ်စွာဘုရား ရှဲရှာဖွယ်ရှိသည်ဟု လူများသမုတ်ထားသော ဘေးအန္တရာယ်နှင့်လည်း တကွဖြစ်ကုန်သော နိုင်ငံရပ်ခြားတိုင်းတစ်ပါး၌သာ အဖော်မပါတစ်ဦးတည်း သွားလာခြင်း**

http://www.dhammadownload.com



**ကို တားမြစ်တော်မူပါသလော အခြားအဘယ်ရပ်တို့၌လည်း တားမြစ်တော်မူပါသလော၊ သာဓကပါဠိလာသည်ကို ညွှ်၍ ဖြေဆိုပါ။**

မယုံသင်္ကာဖြစ်ဖွယ်ရှိနေသည့် ယခုအန္တရာယ်ရှိနေသည့် နိုင်ငံရပ်ခြားမှသာ မသွားလာရန် ဘုရားရှင်တားမြစ်တော်မူသည်မဟုတ်၊ အဋ္ဌောရဋ္ဌသိက္ခာပုဒ်ပါဠိ သာဓကအရ မိမိပြည်တွင်း၌လည်း ထိုကဲ့သို့အန္တရာယ်ဖြစ်ဖွယ်ရှိသည့် အန္တရာယ်ရှိနေသည့် အရပ်များ၌ တစ်ပါးတည်းသွားလာမှုကိုလည်းကောင်း၊ ဂောဂါမန္တရဂမန သိက္ခာပုဒ်ပါဠိ သာဓကအရ အန္တရာယ်မရှိသည့် အခြားရွာ မြစ်တစ်ဘက်ကမ်းသို့ သွားလာမှုကိုလည်းကောင်း ဘုရားရှင်တားမြစ်တော်မူပါသေးသည်။ (၁၃၆၄–ခု အလတ်တန်း)

## အဋ္ဌောဝသေ သိက္ခာပဒ

- **ဘေးအန္တရာယ်ရှိသော ပြည်တွင်းပြည်ပခရီးများ၌ အဖော်ကုန်သည်မပါဘဲ ခရီးလှည့်လည်လျှင် အပြစ်သင့်ပုံပြ သိက္ခာပုဒ်များကို အနက်ယောဇနာခဲ့ပါ။**

(ဘိက္ခုနီ တုဝဋ္ဋဝဂ် အဋ္ဌောရဋ္ဌသိက္ခာပုဒ်၊ တိရောရဋ္ဌ သိက္ခာပုဒ်တို့ကို အနက်ရေးပါ) (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



❑ တုဝဋ္ဋဝဂ်လာ ကြိယာတူပညတ်ချက် သိက္ခာပုဒ်များကို တူညီသော သိက္ခာပုဒ်ချင်း တွဲစပ်ဖော်ပြပါ။

တုဝဋ္ဋယျုံကြိယာတူသိက္ခာပုဒ် (၂)ပုဒ်

ဧကမဉ္စတုဝဋ္ဋနသိက္ခာပုဒ်၊ ဧကတ္ထရဏ တုဝဋ္ဋန သိက္ခာပုဒ်၊

စရေယျကြိယာတူ သိက္ခာပုဒ်(၃)ပုဒ်

အန္တောရဋ္ဌသိက္ခာပုဒ်၊ တိရောရဋ္ဌသိက္ခာပုဒ်၊ အန္တော ဝဿ သိက္ခာပုဒ်။ (၁၃၆၈-ခု အကြီးတန်း)

စာရိက နှ ပဏ္ဏမန သိက္ခာပဒ

❑ ဝါကျွတ်သောအခါပြုရမည့် ဘိက္ခုနီမကျင့်ဝတ်များ

၁။ ဥဘတောသံဃာ၌ ပဝါရဏာ ပြုရမည်။

(အပဝါရဏာသိက္ခာပုဒ်)

၂။ အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ ခရီးထွက်ရမည်။

(စာရိကံ နှ ပဏ္ဏမန သိက္ခာပုဒ်)

(၁၃၂၇-ခု အလတ်တန်း)

http://www.dhammadownload.com



### ❑ ဘိက္ခုနီမများ ခရီးသွားခြင်းနှင့်ပတ်သက်၍ ဘုရားရှင်၏ တားမြစ်ချက်၊ ပညတ်ချက်များကို တုဝဋ္ဋဝဂ်လာအတိုင်း ပြည့်စုံစွာ ထုတ်ပြပါ။

၁။ ဘိက္ခုနီမသည် မိမိတို့နေထိုင်ရာ တိုင်းနိုင်ငံအတွင်း ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရန်နှင့်တကွဖြစ်သော အရပ်၌ အဖော်ကုန်သည်မပါဘဲ ဒေသစာရီ မသွားရ၊ သွားမူ သုဒ္ဓပါစိတ် အာပတ်သင့်သည်။

၂။ ဘိက္ခုနီမသည် အခြားနိုင်ငံ၌ ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရန်နှင့်တကွဖြစ်သောအရပ်၌ အဖော်ကုန်သည်မပါဘဲ ဒေသစာရီ မသွားရ၊ သွားမူသုဒ္ဓပါစိတ် အာပတ်သင့်သည်။

၃။ ဘိက္ခုနီမသည် ဝါတွင်း၌ ဒေသစာရီ မသွားရ၊ သွားမူ သုဒ္ဓပါစိတ်အာပတ်သင့်၏။

၄။ ဘိက္ခုနီမသည် ဝါကျွတ်သော် လှည့်လည်အပ်သောအရပ်သို့ အောက်ထစ်ဆုံး (၅)ယူဇနာ (၆)ယူဇနာ တိုင်တိုင် မဖဲသွားမူ သုဒ္ဓပါစိတ် အာပတ်သင့်သည်။

(၁၃၆၃-ခု အကြီးတန်း)

### ❑ ဒေသစာရီမလှည့်လည်ကောင်းသောအရပ်

မိမိနိုင်ငံထဲ၊ ပြည်ပနိုင်ငံထဲတို့၌ရှိ လုယက်နှိပ်စက်မှုဖြစ်

http://www.dhammadownload.com



ဖွယ် (သာသက်)အရပ်နှင့် လုယက်နှိပ်စက်မှုရှိနေသည့် (သပ္ပဋိဘယ)အရပ်တို့ဖြစ်သည်။

ဘိက္ခုနီတို့ခရီးလှည့်ရမည့်အချိန်ကား –ဝါကျွတ်ပြီးချိန်တည်း။ (၁၃၆၄–ခု အကြီးတန်း)

## ❑ ဝါကျွတ်သောအခါ ခရီးမထွက်ဘဲ နေသင့်၊ မနေသင့်

ဝါကျွတ်သောအခါ စာရိကာ န ပက္ကမန သိက္ခာပုဒ်အရ ခရီးမထွက်ပဲ မနေသင့်ပါ။ (၁၃၆၄–ခု အလတ်တန်း)

## ❑ ဝါကျွတ်ပြီးသော ဘိက္ခုနီမများ လိုက်နာရမည့် သိက္ခာပုဒ်များကို အနက်ပေးပါ။

(စာရိက န ပက္ကမန သိက္ခာပုဒ်ကို အနက်ရေးလေ)

(၁၃၆၃–ခု အလတ်တန်း)

## ❑ ဝါကျွတ်ပြီးသော ဘိက္ခုနီမတို့အား (၅)ယူဇနတိုင်တိုင် ခရီးသွားရန် ပညတ်ထားသော သိက္ခာပုဒ်

ဘိက္ခုနီပါစိတ် တုဝဋ္ဋဝဂ် စာရိက န ပက္ကမန သိက္ခာပုဒ်။

(၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီများသည် သီတင်းဝါလကျွတ်လျှင် အဘယ်မျှ ခရီးသွားရမည်ကို ပြဆိုပါ။**

အနည်းဆုံး (၅)ယူဇနာ, (၆)ယူဇနာ ခရီးသွားရမည်။

(၁၃၂၅–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၄–ခု အကြီးတန်း)

**❑ ဘိက္ခုနီမတို့သည် ဝါကျွတ်လျှင်ကျွတ်ချင်းပြုလုပ်ရမည့် လုပ်ငန်းကိစ္စတို့ကိုလည်း သိက္ခာပုဒ်နှင့် ယှဉ်တွဲဖြေဆိုပြပါ။**

၁။ အပဝါရဏာသိက္ခာပုဒ်ဖြင့် – ဥဘတော သံဃာ၌ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ အကြောင်း(၃)မျိုး ဖြင့် ပဝါရဏာပြုရမည်။

၂။ စာရိက န ပက္ကမန သိက္ခာပုဒ်ဖြင့်–အနည်းဆုံး (၅)ယူဇနာ၊ (၆)ယူဇနာ ဒေသစာရီ လှည့်လည်ရမည်။

(၁၃၆၆–ခု အကြီးတန်း)

**❑ ဘိက္ခုနီမများ ခရီးသွားခြင်းကြောင့်လည်းကောင်း၊ ခရီးမသွားခြင်းကြောင့်လည်းကောင်း ပါစိတ်အာပတ်သင့်ကြရာဝယ် အာပတ်သင်ပုံ မတူညီရာအခါ သမယများ**

ခရီးသွားခြင်းကြောင့် ပါစိတ်အာပတ်သင့်ပုံ

(၁) နိုင်ငံတွင်း၌ သာသင်္ကသမ္မတ သပ္ပဋိဘယ အခါ၌ အဖော်ကုန်သည်မပါဘဲ ခရီးသွားခြင်း။

http://www.dhammadownload.com



(၂) နိုင်ငံရပ်ခြား၌ သာသက်သမ္မတ သပ္ပဋိဘယ အခါ၌ အဖော်ကုန်သည်မပါဘဲ ခရီးသွားခြင်း။

(၃) ဝါတွင်း၌ ခရီးသွားခြင်း။

ခရီးမသွားခြင်းကြောင့် ပါစိတ်အာပတ်သင့်ပုံ

ဝါကျွတ်သောအခါ အနည်းဆုံး (၅)ယူဇနာ၊ (၆)ယူဇနာမျှ ခရီးမသွားခြင်း။ (၁၃၆၁-ခု အလတ်တန်း)

- **ဝါလကင်းလွတ် သီတင်းကျွတ်သော်လည်း ဒေသစာရီမထွက်ခွာသော ရဟာန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။**

စာရိက နှ ပက္ကမန သိက္ခာပုဒ်ကို ပါဠိရေးလေ။

(၁၃၆၇-ခု အလတ်တန်း)

- **ဘေးရန်ရှိမှန်းသိလျက် မိမိနိုင်ငံအတွင်း(အန္တောရဋ္ဌ) သူတစ်ပါးနိုင်ငံအတွင်း (တိရောရဋ္ဌ)သို့ အဖော်မပါဘဲ ခရီးသွားသော ဘိက္ခုနီမ, ဝါတွင်း၌ ခရီးသွားသော ဘိက္ခုနီမ၊ ဝါကျွတ်လျက် ခရီးမသွားသော ဘိက္ခုနီမတို့အား အာပတ်သင့်ရောက်ပုံကို ပြဆိုသော သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။**

အန္တောရဋ္ဌသိက္ခာပုဒ်၊ တိရောရဋ္ဌသိက္ခာပုဒ်

http://www.dhammadownload.com



အန္တေပုရပဝေသနသိက္ခာပုဒ်၊ ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်။

(၁၃၆၅–ခု အကြီးတန်း)

## ရာဇာဂါရ သိက္ခာပုဒ်

### ❑ ရာဇာဂါရ၏ အဓိပ္ပါယ်

ရှင်ဘုရင်၏ မွေ့လျော်ပျော်ပါးကစားဖို့ရာ သီးခြား ဆောက်လုပ်သော အိမ်တော်ကို ရာဇာဂါရဟု ခေါ်ပါသည်။

(၁၃၆၇–ခု အလတ်တန်း)

### ❑ ရာဇာဂါရ၊ စိတ္တာဂါရ၊ အာရာမ၊ ဥယျာန၊ ပေါက္ခရဏီ တို့၏ သဘောတရားများ

ရာဇာဂါရ – မင်း၏မွေ့လျော် ပျော်ပါးရာ အိမ်၊

စိတ္တာဂါရ – လူများကစားရန် ဆန်းကြယ်စွာ ဆောက်လုပ်ထားသောအိမ်၊

အာရာမ – လူများကစားရာ မြို့တွင်း အာရာမ်၊ (ခြံ)။

ဥယျာန – ကစားစရာမြို့ပြင်၊

http://www.dhammadownload.com



ပေါက္ခရဏီ – လူအများကစားရာရေကန်။

(၁၃၆၂–ခု အလတ်တန်း)

## ❑ အာရာမနှင့် ဥယျာနတို့ အထူး

လူအများတို့၏ ပျော်မွေ့ဖို့ရန် ပြုလုပ်ထားသော အရံ (ခြံ)ကို အာရာမဟု ခေါ်ပါသည်။ လူအများတို့ပျော်မွေ့ဖို့ရန် အထူးပြုလုပ်ထားသော သစ်သီးပန်းဥယျာဉ်ကို ဥယျာနဟု ခေါ်သည်။ (၁၃၃၉–ခု အလတ်တန်း)

## ❑ ရာဇဂါရသိက္ခာပုဒ်လာ အာရာမနှင့် ဥယျာနတို့၏ ထူးခြားဟန်ကို ကွဲပြားခြားနားအောင် ဖြေဆိုခဲ့ပါ။

လူအများ ပျော်မွေ့ရာ မြို့တွင်းဥယျာဉ်သည် အာရာမ မည်၍ လူအများ ပျော်မွေ့ရာမြို့ပြင် ဥယျာဉ်သည် ဥယျာန မည်ပါသည်။ (၁၃၆၃–ခု အကြီးတန်း)

## ❑ ရဟန်းမများ သွားရောက်၍ မကြည့်ကောင်းသော အရပ်ဒေသများ

မင်းအိမ်၊ ပန်းချီဆေးရေးသောဇရပ်၊ အရာမ်၊ ဥယျာဉ်၊ ရေကန်၊ အက၊ အဆို၊ အတီး အမှုတ်ပြုရာအရပ်၊ ထွက်သော စစ်တပ်။

(၁၃၆၃–ခု၊ ၆၅–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၂–ခု၊ ၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီသုဒ္ဓပါစိတ် အသာစာရဏာသိက္ခာပုဒ်တို့တွင် သွား၍မကြည့်ရှုကောင်းသော အရာဝတ္ထုများ**

နစ္စဂီတသိက္ခာပုဒ်အရ–

၁။ နစ္စ – ကရာအရပ်၊

၂။ ဂီတ – သီဆိုရာအရပ်၊

၃။ ဝါဒိတ – တီးမှုတ်ရာအရပ်၊

ရာဇာဂါရသိက္ခာပုဒ်

၁။ ရာဇာဂါရ – မင်း၏အိမ်တော်၊

၂။ စိတ္တာ ဂါရ –ဆန်းကြယ်စွာ ဆောက်လုပ် အပ်သောအိမ်၊

၃။ အာရာမ –မြို့တွင်းဥယျာဉ် အာရာမ်၊

၄။ ဥယျာန – မြို့ပြင်ဥယျာဉ်၊

၅။ ပေါက္ခရဏီ– ရေကန်တို့ ဖြစ်သည်။

(၁၃၆၄–ခု အလတ်တန်း၊ ၁၃၆၃–ခု အကြီးတန်း)

**❑ အဘယ်သို့သောရဟန်းမအား ရာဇာဂါရသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါသနည်း? ဘိက္ခုပါတိမောက်လာ အတိုင်းဖြေဆိုပါ။**

http://www.dhammadownload.com



မင်း၏အိမ်တော်ကိုလည်းကောင်း၊ ဆန်းကြယ်သော အိမ်ကိုသော်လည်းကောင်း၊ အာရာမ်ကိုသော်လည်းကောင်း၊ ဥယျာဉ်ကိုသော်လည်းကောင်း၊ ရေကန်ကိုသော်လည်းကောင်း၊ ကြည့်ရှုခြင်းငှာသွားသော ရဟန်းမအား ပါစိတ်အာပတ် သင့်ပါသည်။ (၁၃၆၇-ခု အလတ်တန်း)

**❑ ဝါတွင်း၌ အကြောင်းကိစ္စမရှိဘဲ ညဥ့်အိပ်ခရီးသွားသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမနှင့် နန်းတော်ကို သွား၍ ကြည့်ရှုသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့အား သင့်သောအာပတ်များကို ဖော်ပြပါ။**

(က) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်၊

(ခ) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်။

(၁၃၃၄-ခု အကြီးတန်း)

**❑ မင်းအိမ်တော်၊ ပန်းခြံစသည်တို့ကိုသွား၍ မကြည့်ရဟု ပညတ်ထားသော ဘိက္ခုနီသိက္ခာပုဒ်**

ဘိက္ခုနီ စိတ္တာဂါရဝဂ် ရာဇာဂါရသိက္ခာပုဒ်ကို ပါဠိရေးလေ။ (၁၃၆၄-ခု အလတ်တန်း၊ ၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



- ❑ **အများပျော်ရွှင် ကန်တော်ကြီးဥယျာဉ်သို့သွားသော ဘိက္ခုနီ**

ရာဇာဂါရသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၇–ခု အလတ်တန်း)

## အာသန္ဒိ ပရိဘုဉ္ဇန သိက္ခာပဒ

- ❑ **အာသန္ဒိနှင့် ပလ္လင်္ကတို့၏ ထူးခြားဟန်**

လက်ရှစ်သစ် အလွန်ပမာဏရှိသော ခြေလေးချောင်းရှိသောခုံသည် အာသန္ဒမည်၍ ခြင်္သေ့စသော သားရဲရုပ်ဖြင့် ပြုအပ်သော ပလ္လင်သည် ပလ္လင်္ကမည်ပါသည်။ (၁၃၆၃–ခု အကြီးတန်း)

## သုတ္တကန္တန သိက္ခာပဒ

- ❑ **ချည်ကို ကိုယ်တိုင်တောင်း၍ သက်န်းရက်ခိုင်းသော ဘိက္ခုနီမ၊ ချည်ငင်သော ဘိက္ခုနီမတို့အား သင့်သောအာပတ်အသီးသီးကို ဖော်ပြပါ။**

နိဿဂ္ဂိပါစိတ်၊ သုဒ္ဓပါစိတ်။

(၁၃၂၉–ခု အလတ်တန်း)

http://www.dhammadownload.com



## ဂိဟိဝေယျာဝစ္စ သိက္ခာပဒ

❑ **မိဘတို့၏အမှုကိစ္စကို ဆောင်ရွက်ပေးသော ရဟန်းမိန်းမ**

ပါစိတ်အာပတ်။ (က၁)

(၁၃၂၉-ခု၊ ၃၂-ခု အကြီးတန်း)

❑ **ဘိက္ခုနီမများသည် မိဘ၏ဝေယျာဝစ္စကို ပြုလုပ်ပေး ကောင်း၊ မပေးကောင်းကို ရှင်းလင်းတင်ပြခဲ့ပါ။**

ဘိက္ခုနီမသည် မိမိဝေယျာဝစ္စပြုသူအရာ၌ မတည်ဘဲ မိဘ၏ဝေယျာဝစ္စကို မပြုကောင်းပါ။ မိမိဝေယျာဝစ္စ ပြုသူအရာ၌တည်အောင် တစ်စုံတစ်ခုကိစ္စကိုခိုင်း၍ မိမိ၏ဝေယျာဝစ္စ ပြုသူအနေဖြင့်ကား ပြုကောင်းပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **လူတို့၏ဝေယျာဝစ္စ အမှုကြီးငယ်ကို ဆောင်ရွက်ပေးသော (က) ရဟန်း၊ (ခ) ရဟန်းမတို့အား သင့်နိုင်သော အာပတ်ကိုအသီးသီး ဖော်ပြပါ။**

(က) ဒုက္ကဋ်၊

(ခ) ပါစိတ်။ (၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com



## အစိကရဏ သိက္ခာပဒ

❑ **အဓိကရုဏ်းကို ငြိမ်းမပေးသော ဘိက္ခုနီမအား အာပတ်သင့်၊ မသင့်ကို သာပြေ၍ ဆုံးဖြတ်ပါ။**

ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ဟောယျေ ဣမံ အဓိကရဏံ ဝူပသမေဟီတိ ဝုစ္စမာနာ သာဓူတိ ပဋိဿုဏိတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝူပသမေယျ ၊ န ဝူပသမာယ ဥဿုက္ကံ ကရေယျ။ ပါစိတ္တိယံ–ကိုထောက်၍ အန္တရာယ်မရှိလျှင် ပါစိတ်အာပတ်သင့်၍ အန္တရာယ်ရှိလျှင် အာပတ်မသင့်။

(၁၃၃၄–ခု အလတ်တန်း)

❑ **ဘိက္ခုနီ သုဒ္ဓပါစိတ်လာ အဓိကရဏ သိက္ခာပုဒ်ကို ပါဠိ သက်သက် ရေးခဲ့ပါ။**

အဓိကရဏသိက္ခာပုဒ်ကို ရေးပါ။

(၁၃၆၇–ခု အလတ်တန်း၊ ၁၃၆၂–ခု အကြီးတန်း)

❑ **ရဟန်းမတစ်ဦးသည် ပြဿနာတစ်ခုကို ပြီးပြတ်အောင် ဆောင်ရွက်ပေးပါမည်ဟု တာဝန်ယူပြီးဖြစ်ပါလျက် ထိုတာဝန်ကို ဆောင်ရွက်မပေးဘဲ ပျက်ကွက်မှုကြောင့် ပညတ်တော်မူသော သိက္ခာပုဒ်ကို အနက်ယောဇနာပါ။**

အဓိကရဏ သိက္ခာပဒကို အနက်ရေးပါ။

(၁၃၃၇–ခု အလတ်တန်း၊ ၁၃၆၁–ခု၊ ၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



# ဘောဇနေဒါန သိက္ခာပဒ

## ❑ ဘောဇနေဒါနသိက္ခာပုဒ်လာ သဟတ္ထာသရုပ်

၁။ ကာယ၊

၂။ ကာယပဋိဗဒ္ဓ၊

၃။ နိဿဂ္ဂိယ။ (၁၃၆၂-ခု၊ ၆၄-ခု အကြီးတန်း)

## ❑ (က) ဘောဇနေသိက္ခာပုဒ် (စိတ္တာဂါရဝဂ်)လာ အဂါရိ ကဿတွင် မပါဝင်သူ

## (ခ) အာဝသထစီဝရ အဓိပ္ပါယ်

(က) သီတင်းသုံးဖော် ငါးဦး၊

(ခ) "ဥတုလာသောဘိက္ခုနီတို့ သုံးဆောင်ပါစေ" ဟု ဆို၍ လှူဒါန်းအပ်သော သင်္ကန်းကို အာဝသထစီဝရဟု ခေါ်သည်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ဘိက္ခုနီမသည် လူစသည်အား ခဲဖွယ်ဘောဇဉ်ပေးခြင်းကြောင့် ပညတ်သောသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

ဘောဇနေဒါန သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီမများက လူစသောပုဂ္ဂိုလ်တို့အား**

**(က) သမဏစီဝရကိုပေးလျှင် အပြစ်ရောက်ပုံပြ သိက္ခာပုဒ်နှင့်**

**(ခ) ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ပေးလျှင် အပြစ်ရောက်ပုံပြသိက္ခာပုဒ်တို့ကို အနက်ရေးသားခဲ့ပါ။**

(က) နဂ္ဂဝဂ် - စီဝရဒါန သိက္ခာပုဒ်

(ခ) ဘိက္ခုနီ စိတ္တာဂါရဝဂ် - ဘောဇနေဒါန သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၇-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

❑ **အောက်ပါတို့ကို စိတ္တာဂါရဝဂ်ရှု၍ အဖြေထုတ်ပြပါ။**

**(က) ရဟန်းမတို့ သွားရောက်မကြည့်ရှုသင့်သော နေရာများ**

**(ခ) ရဟန်းမများ ဘောဇဉ်မပေးမလှူကောင်းသော ပုဂ္ဂိုလ်များ**

(က) စိတ္တာဂါရဝဂ်ကိုရှု၍

ရာဇာဂါရ - မင်း၏ကစားရာအိမ်၊

စိတ္တာဂါရ - ကစားရာပန်းချီ ဆေးရေးသော အရပ်၊

http://www.dhammadownload.com



အာရာမ - ကစားရာ အာရာမ်၊

ဥယျာန - ကစားရာ ဥယျာဉ်၊

ပေါက္ခရဏီ - ကစားရာရေကန်တို့ ဖြစ်ပါသည်။

(ခ) အဂါရိက - လူပုဂ္ဂိုလ်၊

ပရိဗ္ဗာဇက - ပရိဗိုဇ်၊

ပရိဗ္ဗာဇိကာ - ပရိဗိုဇ်မတို့ကို ဘောဇဉ်မပေး မလှူကောင်းပါ။

(၁၃၆၅-ခု အကြီးတန်း)

## အာဝသထပိဏ္ဍ သိက္ခာပုဒ

- **အဘယ်သက်န်းမျိုးကို အာဝသထစီဝရဟု ခေါ်ဆိုရသည်ကို ဖြေဆိုပါ။**

"ဥတုလာသောရဟန်းမတို့ သုံးဆောင်ကြပါကုန်လော့"ဟု ပြောဆို၍ လှူအပ်သော ဥတုနီးသက်န်းကို အာဝသထစီဝရဟု ခေါ်သည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



# အာဝသထဝိဟာရ သိက္ခာပဒ

## ❑ အာဝသထဝိဟာရ၏ အဓိပ္ပါယ်

တံခါးဖွဲ့ရှိသောကျောင်း။ (၁၃၆၆-ခု အကြီးတန်း)

## ❑ အာသန္ဒိ အာဝသထစီဝရ, အာဝသထတို့ အဓိပ္ပါယ်-

အာသန္ဒိ-ဟူသည် ပမာဏကြီးလွန်းသော ညောင်စောင်းတည်း၊

အာဝသထစီဝရ ဟူသည် ဥတုလာဆဲ ဘိက္ခုနီမတို့ ဝတ်ရုံဘို့ ဥတုနီးသင်္ကန်းတည်း။

အာဝသထ-ဟူသည် တံခါးပေါက် တပ်ဆင်ထားသည့် (သော့တပ်)ကျောင်းမျိုးတည်း။

(၁၃၆၄-ခု အကြီးတန်း)

## ❑ စိတ္တာဂါရဝဂ်လာ 'အာဝသထ'သဒ္ဒါပါသော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးသားပါ။

စိတ္တာဂါရဝဂ် အာဝသထစီဝရ သိက္ခာပုဒ်နှင့် အာဝသထ ဝိဟာရ သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

(၁၃၅၂-ခု အကြီးတန်း)

http://www.dhammadownload.com



- **စိတ္တာဂါရဝင်္ဂလာ အဌမသိက္ခာပုဒ်ကိုလည်း မှန်ကန်စွာ အနက်ယောဇနာပြပါ။**

အာဝသထဝိဟာရ သိက္ခာပုဒ်ကို အနက်ရေးလေ။
(၁၃၆၈–ခု အကြီးတန်း)

## တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏန သိက္ခာပဒ

- **တိရစ္ဆာန ဝိဇ္ဇာသရုပ်**

သုဂတိလမ်း၊ နိဗ္ဗာန်လမ်း၏ ဆန့်ကျင်ဖက်ဖီလာဖြစ်သော အကျိုးစီးပွားနှင့် မစပ်သော ဆင်အတတ်စသော သိပ္ပ၊ အာထဗ္ဗဏစသော မန္တာန်၊ ခိလနမန္တာန်၊ ဝသီကရဏမန္တာန်၊ သောသာပနမန္တာန်၊ အဆိပ်ဆေး ဖော်စပ်နည်းစသည့်အပြားရှိသော သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်မှုကို ပြုတတ်သောအတတ်များ။

(၁၃၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု၊ ၆၄–ခု၊ ၆၈–ခု အကြီးတန်း)

- **အဆိပ်ဆေးဖော်စပ်နည်းကို သင်ယူသောဘိက္ခုနီများ၏ အပြစ်ပြသိက္ခာပုဒ်**

တိရစ္ဆာန ဝိဇ္ဇာ ပရိယာပုဏန သိက္ခာပဒ။

(၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ရှေးခေတ် အချို့ပုဂ္ဂိုလ်များက ဘာသန္တရစာသင်မှုကို တိရစ္ဆာနဝိဇ္ဇာဖြစ်၍ မသင်ယူသင့်ဟု ဆိုတတ်ကြရာ ဗုဒ္ဓဝါ ဒနှင့်ညီ၊ မညီ ကစ်္ဆါအဋ္ဌကထာအရ ဖြေရှင်းပြပါ။**

သူတစ်ပါးကို ညှင်းဆဲကြောင်း အတတ်ကိုသာ တိရစ္ဆာနဝိဇ္ဇာဟု အဋ္ဌကထာဖွင့်ဆိုထားသောကြောင့် ဘာသန္တရစာကို မသင်ယူသင့်ဟုဆိုလျှင် ဗုဒ္ဓဝါဒနှင့် မညီပါ။

(၁၃၆၂-ခု အကြီးတန်း)

❑ **ဗေဒင်သင်ယူပို့ချသော ရဟန်းမအား သင့်ရောက်သော အပြစ်တို့ကိုလည်း သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။**

ဗေဒင်သင်ယူပို့ချသော ရဟန်းမအား-တိရစ္ဆာန ဝိဇ္ဇာပရိယာ ပုဏန၊ တိရစ္ဆာန ဝိဇ္ဇာဝါစန သိက္ခာပုဒ်တို့ အရ သုဒ္ဓပါစိတ် အာပတ်သင့်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

❑ **တိရစ္ဆာန်၏အတတ်ပညာကို သင်ယူပို့ချသော ရဟန်းမ အား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်**

ဘိက္ခုနီစိတ္တာဂါရဝဂ် တိရစ္ဆာနဝိဇ္ဇာ (ပရိယာပုဏန) ဝါစန သိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ **ခေတ်အားလျော်စွာ ကမ္ဘာအနှံ့သာသနာပြန့်ရန် ရည်ရွယ်လျက် အင်္ဂလိပ်စာသင်ကြားနေကြသော ရဟန်းငယ်များ၌ အပြစ်သင့် ၊မသင့် တိရစ္ဆာန ဝိဇ္ဇာပရိယာပုဏန သိက္ခာပုဒ် အဖွင့်နှင့်အညီ လိုရင်းအကြောင်းပြကာ ဆုံးဖြတ်ခဲ့ပါ။**

သာသနာပြုလို၍ အင်္ဂလိပ်စာသင်ခြင်းကား အပြစ်မသင့်ပါ။

အကြောင်းကား - ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်စသော သာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ မဂ်ဖိုလ်မှဖီလာဖြစ်သော အတတ်များကိုသာ တိရစ္ဆာန ဝိဇ္ဇာပရိယာပုဏန ဟုဆိုသောကြောင့် ဖြစ်ပါသည်။ ထိုကြောင့် အပြစ်မသင့်ပါ။ (၁၃၆၅-ခု အကြီးတန်း)

❑ **အင်္ဂလိပ်စာ၊ သင်္ချာနှင့် မြွေကိုက်မှာစိုး၍ မြွေနှင့် မန္တာန် သင်ယူခြင်းသည် တိရစ္ဆာန ဝိဇ္ဇာသင်ယူခြင်းဟုတ်၊ မဟုတ် အဋ္ဌကထာအလို စိစစ်ဝေဖန်ပြပါ။**

အင်္ဂလိပ်စာ၊ သင်္ချာနှင့် မြွေကြောက်၍ မြွေနှင်မန္တာန် သင်ယူခြင်းများသည် အခြားသူအားနှိပ်စက်ရန် လည်းကောင်း၊ ကာမဂုဏ်ကို အလုပ်အကျွေးပြုရန်လည်းကောင်း ရည်ရွယ်ခြင်း မရှိလျှင် မဂ်ဖိုလ်၏ကန့်လန့်ဖီလာ အတတ်ဟူ၍မဆိုနိုင်သော ကြောင့် တိရစ္ဆာနဝိဇ္ဇာဟု မခေါ်ဆိုထိုက်ပါ။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **မဂ်ဖိုလ်မှဖီလာဖြစ်သောအတတ်ကို သင်ယူသောရဟန်းမအား သင့်သောအာပတ်ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။**

မဂ်ဖိုလ်မှဖီလာဖြစ်သောအတတ်ကို သင်ယူသောရဟန်းမအား တိရစ္ဆာန ဝိဇ္ဇပရိယာပုဏန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ရောက်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

❑ **ဘိက္ခုနီပါတိမောက်လာ တိရစ္ဆာနဝိဇ္ဇာပရိယာပုဏန သိက္ခာပုဒ်ကို နိဿယနက်မှန်မှန် အနက်ယောဇနာပြပါ။**

(၁၃၆၁-ခု အလတ်တန်း)

## တိရစ္ဆာနဝိဇ္ဇာဝါစန သိက္ခာပဒ

❑ **တိရစ္ဆာနဝိဇ္ဇာကိုသင်ယူသော ဘိက္ခုနီ, ပို့ချသော ဘိက္ခုနီ တို့အား အဘယ်အာပတ်သင့်သည်ကို သိက္ခာပုဒ်ညွှန်ပြ ဖြေဆိုပါ။**

ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ တိရစ္ဆာန ဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ- ဟူသော သိက္ခာပုဒ်ကို ထောက်၍ ပါစိတ်အာပတ်။

(၁၃၂၆-ခု အလတ်တန်း)

http://www.dhammadownload.com



❑ (က) ဘိန်းဖြူသုံးစွဲသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်နှင့်

(ခ) လက်ဖွဲ့ပီယဆေးစသည် စီရင်နည်းကို သင်ယူပို့ချသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်များကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) သုရာပါနဝဂ် သုရာပါန သိက္ခာပုဒ်၊

(ခ) စိတ္တာဂါရဝဂ်၊ တိရစ္ဆာန ဝိဇ္ဇာပရိယာပုဏာန သိက္ခာပုဒ်၊ တိရစ္ဆာနဝိဇ္ဇာဝါစက သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၅-ခု အကြီးတန်း)

❑ အောက်ပါတို့ကို သိက္ခာပုဒ်နှင့်တကွ ဝိနိစ္ဆယ ချမှတ်ခဲ့ပါ။

(က) လက်ဟန်ခြေဟန်ဖြင့် တပည့်ရဟန်းကို ကျိန်းမောင်းသော ရဟန်း၊

(ခ) ပြေငြိမ်းပြီးသော အဓိကရုဏ်းကို ပြန်လည်လှုံ့ဆော်သော ရဟန်း၊

(ဂ) စာကြွင်းစာကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်သော ရဟန်းမ၊

(ဃ) သူတစ်ပါး စိတ်မချမ်းသာအောင် တံခါးကိုကျယ်လောင်စွာ ပိတ်သောရဟန်းမ၊

http://www.dhammadownload.com



**(င) ခေတ်နှင့်အညီ ယောက်ျားများနှင့် ရင်ဘောင်တန်းလို၍ ခေတ်အတတ်ကို သင်ပေးသော ရဟန်းမ။**

(က) ပါစိတ်အာပတ် – တလသတ္တိက သိက္ခာပုဒ်၊

(ခ) ပါစိတ်အာပတ် – ဥက္ကောင့်ရန သိက္ခာပုဒ်၊

(ဂ) ပါစိတ်အာပတ် – ပထမ၊ ဒုတိယ ဥစ္စာရဆဍ္ဍန သိက္ခာပုဒ်၊

(ဃ) ပါစိတ်အာပတ် – အဖာသုကာရဏ သိက္ခာပုဒ်၊

(င) ပါစိတ်အာပတ် – တိရစ္ဆာန ဝိဇ္ဇာ ဝါစန သိက္ခာပုဒ်။

(၁၃၆၈–ခု အငယ်တန်း)

## အာရာမပဝိသန သိက္ခာပဒ

**❑ အာရာမပဝိသန သိက္ခာပုဒ်၌ ပန်ကြားထိုက်သော ပုဂ္ဂိုလ်များ**

ရဟန်း၊ သာမဏေ၊ အာရာမ်စောင့်။

http://www.dhammadownload.com



## ❑ မပန်ကြားဘဲ ရွာတွင်းဝင်က အာပတ်သင့်ပုံ

ကာရုံထားသောအာရာမ်၏ အကာအရံကို ကျော်လွန်လျှင်လည်းကောင်း၊ အကာအရံမရှိသောအာရာမ်၌ ဥပစာသို့ သက်ရောက်လျှင် လည်းကောင်း ပထမခြေလှမ်း၌ ဒုက္ကဋ်၊ ဒုတိယခြေလှမ်း၌ ပါစိတ်အာပတ်။

ရှေးဦးစွာရောက်နှင့်နေသော ဘိက္ခုနီမအထံသို့လည်းကောင်း၊ စည်းဝေးနေသော ဘိက္ခုနီမအထံသို့ သွားမည်ဟူသော အမှတ်ဖြင့် အာရာမ်လမ်းအတိုင်းသွားရာ၌လည်းကောင်း၊ ဘေးရန်ရှိ၍ သွားရာ၌လည်းကောင်း အနာပတ္တိ။

(၁၃၆၃-ခု အကြီးတန်း)

## ❑ ရတ္တန္နကာရဝဂ်နှင့် အာရာမဝဂ်တို့တွင် ဘိက္ခုနီမတို့ သက်ဆိုင်ရာကို ပန်ကြားပြီးမှ ပြုလုပ်ရမည့် အလုပ်တို့ကို ဖော်ပြခဲ့ပါ။

ရတ္တန္နကာရဝဂ်

၁။ အနာပုစ္ဆာပက္ကမန သိက္ခာပုဒ်အရ နေရာ၌ နေထိုင်ပြီး ဖဲသွားခြင်း၊

၂။ ပစ္ဆာဘတ္တအခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍ နေရာထိုင်ခြင်း၊ အိပ်ခြင်း၊

၃။ အနာပုစ္ဆာ သန္ထရဏ သိက္ခာပုဒ်အရ ဝိကာလ

http://www.dhammadownload.com



အခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍ အိပ်ရာကို ကိုယ်တိုင် ခင်း၍သော်လည်းကောင်း၊ သူတစ်ပါး တို့ကို ခင်းခိုင်း၍သော်လည်းကောင်း ထိုင်ခြင်း၊ အိပ်ခြင်း၊

အာရာမဝဂ်

၄။ အာရာမပဝိသန သိက္ခာပုဒ်ဖြင့် သိလျက် ရဟန်း ရှိသော အာရာမ်သို့ဝင်ခြင်း။

(၁၃၆၂-ခု အကြီးတန်း)

## ဘိက္ခုအက္ကောသန သိက္ခာပဒ

❑ **(က) ရဟန်းတစ်ပါးကို ငရဲဖြင့် ကျိန်ဆဲသောရဟန်းမ၊**

**(ခ) ရဟန်းတစ်ပါးကို ခြိမ်းခြောက်သော ရဟန်းမတို့ အား အဘယ်ဝဂ်၊ အဘယ်သိက္ခာပုဒ်အရ အဘယ် အာပတ်သင့်သည်ကို ဖြေဆိုခဲ့ပါ။**

(က) ရတ္တန္ဓကာရဝဂ် ပရအဘိသပန သိက္ခာပုဒ် သုဒ္ဓပါစိတ်အာပတ်၊

(ခ) အာရာမဝဂ် ဘိက္ခုအက္ကောသန သိက္ခာပုဒ် သုဒ္ဓပါစိတ်အာပတ်။ (၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com



❑ **ရဟန်းမိန်းမသည် ရဟန်းယောက်ျားအား မဆဲရေးရန် တားမြစ်ထားသော သိက္ခာပုဒ်ပါဠိ။**

ဘိက္ခုအက္ကောသန သိက္ခာပုဒ်။(၁၃၆၁-ခု အလတ်တန်း)

❑ **စဏ္ဍီကတာ၌ စဏ္ဍီ၏အဓိပ္ပါယ်**

ယာ ပန ဘိက္ခုနီ စဏ္ဍီကတာ ဂဏံ ပရိဘာသေယျ-၌ စဏ္ဍီ-အရ ကြမ်းတမ်းသူ ဒေါသထွက်နေသော ဘိက္ခုနီကို စဏ္ဍီဟုခေါ်သည်။ (၁၃၆၄-ခု အလတ်တန်း)

## ပဝါရိတ သိက္ခာပဒ

❑ **ဘိက္ခုတို့၏ ပရမ္ပရဘောဇနေ သိက္ခာပုဒ်၊ ပထမ ပဝါရဏာ သိက္ခာပုဒ်နှစ်ရပ်ကို တပေါင်းတည်းပြုထားသကဲ့သို့ ဘိက္ခုနီ သုဒ္ဓပါစိတ် သိက္ခာပုဒ်ထောက်ကို အနက်ရေးပါ။**

ပရိဝါတ သိက္ခာပုဒ်ပါဠိကို အနက်ရေးလေ။

(၁၃၆၀-ခု ၊ ၆၆-ခု အကြီးတန်း)

❑ **ပရိဝါရိတ်သင့်စေနိုင်သော ဩဒနဥ္စပါဝင်သည့် စပါး (၇)မျိုးတို့ကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖြေဆိုပါ။**

သာလိ-သလေး၊ ဝီဟိ-ကောက်၊ ယဝ-မုယော၊

http://www.dhammadownload.com



ဂေါဓမ-ဂျုံ၊ (နတ်ကောက်)၊ ကင်္ဂု-ဆတ်၊ ဝရက-ပြောင်း၊ ကုဒြူသက- လူး။ (၁၃၆၃-ခု အကြီးတန်း)

❑ **ဝါကျွတ်ပြီး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျမ်းလာအတိုင်း သိက္ခာပုဒ်အမည် ထောက်ထားဖြေဆိုပါ။**

၁။ စာရိက န ပက္ကမန သိက္ခာပုဒ်အရ-အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ ဒေသစာရီ လှည့်လည်ရမည်။

၂။ အပဝါရဏာ သိက္ခာပုဒ်အရ-ဉဘတောသံဃာ၌ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ အကြောင်းသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပဝါရဏာပြုရမည်။

(၁၃၅၀-ခု အကြီးတန်း)

## ကုလမစ္ဆရိနီ သိက္ခာပဒ

❑ **ကုလမစ္ဆရိဖြစ်ပုံ (၂)မျိုးကို ကခ်ါလာအတိုင်း ရေးသားခဲ့ပါ။**

၁။ ဘိက္ခုနီတို့အား ပစ္စည်းလှူလိုသော အမျိုးဒါယကာတို့သို့ ဘိက္ခုနီမများ မသွားစေရန် ကြံစည်၍ ဘိက္ခုနီမတို့၏ အထံ၌ အမျိုးဒါယကာတို့ အပြစ်ကို ပြောဆို၍ ဝန်တိုခြင်း။

http://www.dhammadownload.com



၂။ ဒါယကာတို့က ဘိက္ခုနီမတို့အား တစ်စုံတစ်ခုကို မပေးလှူကြစေရန် ကြံစည်၍ ဒါယကာတို့အထံ၌ ဘိက္ခုနီတို့၏အပြစ်ကိုပြော၍ ဝန်တိုခြင်းတို့ ဖြစ်ပါသည်။

(၁၃၆၂-ခု၊ ၆၆-ခု အကြီးတန်း)

## ❑ အာရာမဝင် ကုလမစ္ဆရိနီသိက္ခာပုဒ်အရ ဘိက္ခုနီတို့၏ ဒကာ၊ ဒကာမများနှင့် ပတ်သက်၍ ကုလမစ္ဆရိယဖြစ်တတ်ပုံကို အဋ္ဌကထာဖွင့်ပြချက်နှင့်အညီ ဖော်ပြပါ။

အဘယ်သို့ပြုလုပ်လျှင် ဘိက္ခုနီတို့အား ပစ္စည်းလေးပါးပေးလှူသော ဒကာသို့ ဘိက္ခုနီများ မသွားကုန်အံ့နည်းဟု ဘိက္ခုနီတို့၏အထံ၌ ဒကာ၏ မကောင်းကြောင်းကို ပြောဆိုသောအားဖြင့်လည်းကောင်း၊ "အဘယ်သို့ပြုလျှင် ဤဒကာများသည် ဘိက္ခုနီတို့အား တစ်စုံတစ်ခုကို မပေးလှူကုန်အံ့နည်း"ဟု ဒကာအထံ၌ ဘိက္ခုနီတို့၏ မကောင်းကြောင်းကို ပြောဆိုခြင်းအားဖြင့်လည်းကောင်း ကုလမစ္ဆရိယဖြစ် တတ်ပါသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❑ အမျိုးကို မနာလိုသော ဘိက္ခုနီ

ကုလမစ္ဆရိနီသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သောကြောင့် အပြစ်ရှိပါသည်။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



# အဘိက္ခုကာဝါသ သိက္ခာပဒ

**❑ အဘိက္ခုက အာဝါသကျောင်းမျိုးဟူသည် မည်သို့သော ကျောင်းမျိုးဖြစ်ပါသနည်း၊? ကဲ၍လာအတိုင်း ဖြေဆိုခဲ့ပါ။**

ဘိက္ခုနီမကျောင်းမှ ယူဇနာဝက်အတွင်း၌ ဩဝါဒ ပေးတတ်သော ရဟန်းတို့မရှိသော ဘိက္ခုနီမကျောင်းသည်လည်း ကောင်း၊ ဘေးကင်းရန်ကင်းသွားခြင်းငှာမတတ်နိုင်သော ခရီးလမ်း ရှိသော ဘိက္ခုနီမကျောင်းသည် လည်းကောင်း အဘိက္ခုကာ အာဝါသ ကျောင်းမျိုးဖြစ်ပါသည်။

(၁၃၆၂-ခု၊ ၆၄-ခု၊ ၆၅-ခု ၊၆၈-ခု အကြီးတန်း)

**❑ အဘိက္ခုက အာဝါသ-ရဟန်းယောကျ်ားမရှိသောကျောင်း ကို သိသာရုံ ရေးသားခဲ့ပါ။**

မိမိတို့ကျောင်းမှ ယူဇနဝက်အတွင်း သွားလာဖို့ရန် အန္တရာယ်လည်းကင်းသောအရပ်၌ ရဟန်းယောကျ်ားမရှိခြင်းကို အဘိက္ခုက အာဝါသဟု ဆိုသည်။ (၁၃၆၁-ခု အကြီးတန်း)

**❑ ဘိက္ခုနီတို့ဝါဆိုအပ်သာကျောင်းနှင့် ဝါဆိုမအပ်သော ကျောင်းတို့ကို ပြဆိုပါ။**

အန္တရာယ်ကင်းသဖြင့် သွင်းခြင်းငှာ စွမ်းနိုင်သော ယူဇနဝက်အတွင် ရဟန်းယောကျ်ားရှိသောကျောင်း၌ ဝါဆိုအပ်ပါ သည်။ အန္တရာယ်ကင်းသဖြင့် သွင်းခြင်းငှာ စွမ်းနိုင်သော

http://www.dhammadownload.com



ယူဇနာဝက်အတွင်း ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါမဆို အပ်ပါ။ (၁၃၂၈-ခု၊ ဖ၆-ခု အကြီးတန်း)

**❑ ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါကပ်ပြီး ဝါကျွတ်သော် ပဝါရဏာမပြုဘဲနေသော ဘိက္ခုနီမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို အနက်ပေးခဲ့ပါ။**

အဘိက္ခုကာပါသ သိက္ခာပုဒ်နှင့် အပဝါရဏာ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။ (၁၃၆၇-ခု အလတ်တန်း)

**❑ ရဟန်းရှိသောကျောင်းထဲသို့ ခွင့်မတောင်းဘဲ ဝင်ရောက်ကာ ထိုရဟန်းအား ဆဲရေးပြီး၊ ရဟန်းများလုံးဝမရှိသည့်ကျောင်း၌ ဝါကပ်သော ဘိက္ခုနီမအား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဆုံးဖြတ်ခဲ့ပါ။**

၁။ ရဟန်းရှိသောကျောင်းထဲသို့ ခွင့်မတောင်းဘဲ ဝင်သောရဟန်းမအား "အာရာမပဝိသန" သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ် (၁)ချက်။

၂။ ရဟန်းအား ဆဲရေးသော ရဟန်းမအား "ဘိက္ခုအက္ကောသန" သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ် (၁)ချက်၊

၃။ ရဟန်းလုံးဝမရှိသည့်ကျောင်း၌ ဝါကပ်သော ရဟန်းမအား "အဘိက္ခုကာဝါသ" သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ် (၁)ချက်၊ အာပတ်(၃)ချက် သင့်နိုင်ပါသည်။

http://www.dhammadownload.com



## အပဝါရဏာ သိက္ခာပုဒ်

❑ ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ့ထံ၌ ပဝါရဏာပြုဖွယ်လို၊ မလို အာဂမယုတ္တိ ထုတ်ဆောင်ကာ ဖြေဆိုပါ။

ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ၌ ပဝါရဏာ ပြုဖွယ်လိုပါသည်။

အာဂမယုတ္တိ - ယာ ပန ဘိက္ခုနီ ဝဿံဝုဋ္ဌာ ဥဘတောသံဃေ တီဟိ ဌာနေဟိ န ပဝါရေယျ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ပါစိတ္တိယံ။ (၁၃၆၀-ခု အကြီးတန်း)

❑ **ပဝါရဏာကို ဘိက္ခုနီများ ဘယ်နှစ်ကြိမ်ပြုရ ပါသနည်း။**

ဘိက္ခုနီသံဃာ၌ တစ်ကြိမ်၊ ဘိက္ခုသံဃာ၌ တစ်ကြိမ် ပေါင်း နှစ်ကြိမ် ပြုရပါသည်။ (၁၃၄၁-ခု အလတ်တန်း)

❑ **ဝါကျွတ်ပြီးသော ဘိက္ခုနီများ နှစ်ဖက်သော သံဃာအဖွဲ့ အစည်း အသီးသီး၌ ပြုလုပ်ရမည့်ဖိတ်မန္တကဌာန သရုပ်ကို ထုတ်ပြပါ။**

ဒိဋ္ဌ, သုတ, ပရိသင်္ကတ။

(၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ရဟန်းယောက်ျားနှင့် ရဟန်းမိန်းမတို့ ပဝါရဏာပြုပုံချင်း မတူ

ရဟန်းတို့သည် ဘိက္ခုအချင်းချင်းသာ ပဝါရဏာပြုရုံဖြင့် ပြီးသည်။ ရဟန်းမတို့မှာကား ဘိက္ခုနီသံဃာအထံ၌ တစ်ကြိမ်, ဘိက္ခုသံဃာအထံ၌တစ်ကြိမ်အားဖြင့် ဥဘတောသံဃာ၌ နှစ်ကြိမ် ပဝါရဏာပြုရသည်။ (၁၃၃၁-ခု အကြီးတန်း)

## ❑ ဝါကျွတ်ပြီးသော ရဟန်းမများသည် မည်သူ့အထံ၌ မည်သည့်အကြောင်းတို့ဖြင့် ဖိတ်ကြားသင့်သည်ကို သိက္ခာပုဒ်အထောက်ပြ ဖြေဆိုပါ။

ဝါကျွတ်ပြီးသော ရဟန်းမများသည် ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာသို့ထံ၌ မတော်သောမြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းစသည်ရှိပါက ဆုံးမကြပါရန်အကြောင်း၊ ၎င်းအကြောင်း (၃)ပါးတို့ကို ဖိတ်ကြားသင့်ပါသည်။

သိက္ခာပုဒ်အထောက် - ယာ ပန ဘိက္ခုနီ ဝဿံဝုဋ္ဌာ ဥဘတောသံဃေ တီဟိ ဌာနေဟိ န ပဝါရေယျ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ပါစိတ္တိယံ။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဝါကျွတ်ပြီး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျမ်းလာအတိုင်း သိက္ခာပုဒ်အမည် ထောက်ထား ဖြေဆိုပါ။

၁။ စရိက နှ ပက္ကမန သိက္ခာပုဒ်ကိုထောက်၍ အယုတ်ဆုံးအားဖြင့် (၅)ယူဇနာ၊ (၆)ယူဇနာတိုင်တိုင် ဒေသစာရီ ကြွခြင်း၊

၂။ အပဝါရဏာသိက္ခာပုဒ်ကိုထောက်၍ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ရွံရှာခြင်း သုံးပါးသောအကြောင်းတို့ဖြင့် ဖိတ်ကြားရခြင်းတို့ ဖြစ်ပါသည်။

(၁၃၆၄–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၃–ခု၊ ၆၅–ခု၊ ၆၆–ခု အကြီးတန်း)

## ❑ ဘိက္ခုနီမများအနေဖြင့် ဝါတွင်းကာလ၌ မပြုလုပ်ရသည့် ကိစ္စ

ဝါတွင်း၌ ဒေသစာရီ မလှည့်လည်ရခြင်း၊

ဝါကျွတ်ကာလ၌ ပြုရမည့်ကိစ္စ

၁။ အယုတ်ဆုံး (၅)ယူဇနာ၊ (၆)ယူဇနာ ဒေသစာရီ လှည့်လည်ရခြင်း၊

၂။ ဉဘတောသံဃာ၌ ဒိဋ္ဌ, သုတ, ပရိသင်္ကိတ တို့ဖြင့် ဖိတ်မန်ရခြင်း။ (၁၃၆၆–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ရဟန်းတစ်ပါးကို ရွာ၊ နိဂုံးသို့ ဆွမ်းခံအတူသွားရန် ပြောဆိုပြီး အကြောင်းတစ်ပါးမရှိပဲ ပြန်လွှတ်သော ရဟန်းအား အပြစ်ရောက်ပုံပြ သိက္ခာပုဒ်နှင့် ဝါကျွတ်ပြီးသော် ဥဘတောသံဃာ၌ သုံးပါးသောဖိတ်ခြင်းတို့ဖြင့် မဖိတ်သော ရဟန်းမအား အပြစ်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။**

ဘိက္ခု –အစေလကဝဂ် ဥယျောဇန သိက္ခာပုဒ်နှင့် ဘိက္ခုနီ–အာရာမဝဂ် အပဝါရဏာသိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(၁၃၆၆–ခု အကြီးတန်း)

❑ **ဝါကျွတ်ပြီးသော ရဟန်းမများ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ပြဆိုသော သိက္ခာပုဒ်တို့ကို အနက်ပေးခဲ့ပါ။**

တုဝဋ္ဋဝဂ် စာရိကာန ပက္កမန သိက္ခာပုဒ်၊ အာရာမဝဂ် အပဝါရဏာ သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

(၁၃၆၈–ခု အလတ်တန်း၊ ၁၃၆၃–ခု၊ ၆၄–ခု အကြီးတန်း)

## ဩဝါဒ သိက္ခာပဒ

❑ **ဘိက္ခုနီဩဝါဒ သိက္ခာပုဒ်လာ (က) ဩဝါဒ၊ (ခ) သံဝါသအရတို့ကိုလည်း ကခ်ါနှင့်အညီ ဖော်ပြပါ။**

http://www.dhammadownload.com



(က) ဩဝါဒအရကား- ဂရုဓမ် ဩဝါဒကို နာယူခြင်းကို ယူရပါမည်။

(ခ) သံဝါသအရကား - ဥပုသ်နေ့မေး ခြင်း၊ ပဝါရဏာပြုခြင်းကို ယူရပါမည်။ (၁၃၆၀-ခု အကြီးတန်း)

❑ **အာရာမဝဂ်လာ အဠမသိက္ခာပုဒ်ကို အနက်မှန်မှန် ယောနော့ပြပါ။**

အာရာမဝဂ်၊ ဩဝါဒသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၈-ခု အလတ်တန်း)

## ဩဝါဒူပသင်္ကမန သိက္ခာပဒ

❑ **ဘိက္ခုနီတို့ ဘိက္ခုသံဃာအထံမှ လခွဲတိုင်း လခွဲတိုင်း တောင်းတထိုက်သော တရားနှစ်ပါး**

၁။ ဥပေါသထပုစ္ဆန- လဆန်းလဆုတ် (၁၃) (၁၄)တို့၌ နက်ဖန် စတုဒ္ဒသီ၊ ပန္နရသီ ဥပုသ်အဖြစ်ကိုမေးမြန်းခြင်း၊

၂။ ဩဝါဒူပသင်္ကမန - ဩဝါဒပေးရန် တောင်းပန်ရေးအတွက် ဥပုသ်နေ့၌ ရဟန်းသို့ ချည်းကပ်ခြင်း။

(၁၃၂၃-ခု၊ ၆၂-ခု၊ ၆၄-ခု၊ ၆၇-ခု အလတ်တန်း၊ ၁၃၆၀-ခု၊ ၆၂-ခု၊ ၆၃-ခု၊ ၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ ရဟန်းမများ လခွဲတစ်ကြိမ် ပြုလုပ်ရမည့် လုပ်ငန်းစဉ်များ

၁။ ဥပုသ်မေးခြင်း။

၂။ ဩဝါဒခံယူဖို့ရာ ချဉ်းကပ်ခွင့်၊ ဤတရားနှစ်မျိုးကို တောင့်တရမည်။

(၁၃၅၀–ခု အကြီးတန်း)

### ❑ ဒွေ မဟာ ပစ္စာသီသိတဗ္ဗာ–၌ ဒွေမဟာ–၏ သရုပ်

ဥပုသ်နေ့ကိုမေးခြင်း၊ ဩဝါဒခံယူရန် ချဉ်းကပ်ခွင့် ကို တောင်းခြင်း။ (၁၃၆၃–ခု အလတ်တန်း)

### ❑ ဘိက္ခုနီမများအတွက် သံဃာနှင့်ဆက်နွယ်လျက် ပညတ်တော်မူအပ်သော အာရာမဝဂ် သိက္ခာပုဒ်တို့ကို ပြည့်စုံစွာ ပါဠိရေးခဲ့ပါ။

၁။ အာရာမပဝိသန သိက္ခာပုဒ်

၂။ ဘိက္ခုအက္ကောသန သိက္ခာပုဒ်၊

၃။ အဘိက္ခုကာဝါသ သိက္ခာပုဒ်

၄။ အပဝါရဏာ သိက္ခာပုဒ်၊

၅။ ဩဝါဒူပသင်္ကမန သိက္ခာပုဒ်
(ပါဠိရေးပါ) (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုသံဃာထံ** ဥပုသ်နေ့ကိုမေးခြင်း၊ **ဩဝါဒခံယူဖို့**ရန် ခွင့်တောင်းသွားခြင်းကိုမပြုဘဲ (၁၅)ရက် လွန်စေသော ရဟန်းမအား သင့်ရောက်သည့်အပြစ်ပြ **သိက္ခာပုဒ်ကို** ပါဠိရေးပါ။

ဩဝါဒုပသက်မန သိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၁-ခု အကြီးတန်း)

❑ လခွဲတစ်ကြိမ် ရဟန်းတော်တို့၌ ဥပုသ်နေ့ကိုမေးခြင်း၊ ဩဝါဒခံယူဖို့ရန် ခွင့်တောင်းခြင်းကို မပြုသော ရဟန်းမအား သင့်ရောက်သည့်အာပတ်ကိုပြသော သိက္ခာပုဒ်ကို အနက်ပေးပြပါ။

ဘိက္ခုနီ အာရာမဝဂ် ဩဝါဒုပသက်မန သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၁-ခု၊ ၆၃-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၅-ခု၊ ၆၆-ခု အကြီးတန်း)

## ပသာခေ ဇာတ သိက္ခာပဒ

❑ ပသာခေ ဇာတ သိက္ခာပုဒ်၌ ပသာခအရပ်ကို ပိုင်းခြားသတ်မှတ်ပြပါ။

ချက်မှ အောက်၊ ပုဆစ် ဒူးဝန်းမှအထက်အရပ်ကို ယူရပါမည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



**☐ ပသာခေ ဓာတဲ့၌ ပသာခအရပ်ကိုလည်း အကြောင်းနှင့်တကွ တိကျစွာဖော်ပြပါ။**

သစ်ပင်၏ခက်မသည် အခက်ငယ်များ ဖြာထွက်ရာဖြစ်သကဲ့သို့ ချက်၏အောက် ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အထက် အရပ်သည် ပေါင်နှစ်ဖက်၏ဖြာထွက်ရာ ခက်မနှင့် အလားတူသောကြောင့် ပသာခမည်ပါသည်။

(၁၃၆၂-ခု၊ ၆၃-ခု၊ ၆၄-ခု၊ ၆၆-ခု၊ ၆၈-ခု အကြီးတန်း)

**☐ ချက်အောက်၊ ပုဆစ်နှစ်ဖက် အထက်ဟုဆိုအပ်သော ခက်မ၌ပေါက်သောအနာကို ယောက်ျားဆရာဖြင့် ခွဲလိုပါက ပြုရမည့် အစီအစဉ်**

သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း ပန်ကြား၍ ခွဲခြင်း၊ ဖောက်ခြင်း၊ ဖန်ဆေးခြင်း၊ ဆေးသုတ်လိမ်းခြင်း၊ ကျပ်စည်းခြင်း၊ ကျပ်စည်းကိုဖြေခြင်းတို့ကို ပြုလုပ်ရပါသည်။

(၁၃၂၅-ခု၊ ၆၇-ခု အလတ်တန်း)

**☐ ဘိက္ခုနီမတစ်ဦးအနေဖြင့် သံဃာကို မပန်ပြောဘဲ ယောက်ျားတစ်ဦးနှင့် တစ်ယောက်ချင်း မပြုလုပ်ကောင်းသော ကိစ္စတို့ကို ရောဂါနှင့်တကွ ဖော်ပြပါ။**

၁။ ဖောက်စေခြင်း၊

၂။ ခွဲစေခြင်း၊

http://www.dhammadownload.com



၃။ ဖန်ဆေးစေခြင်း၊

၄။ ဆေးလိမ်းစေခြင်း၊

၅။ ကြပ်စည်းစေခြင်း၊

၆။ ကြပ်ကို ဖြေစေခြင်း ကိစ္စတို့ ဖြစ်ပါသည်။

❑ **ပသာခသိက္ခာပုဒ်၌ စကားတစ်ခွန်းဆေခိုင်းရုံဖြင့် ပါစိတ်အာပတ် (၆)ချက်သင့်ရကြောင်းကို ရှင်းလင်းဖြေဆိုပါ။**

ချက်အောက် ဒူးနှစ်ဖက်အထက် ခက်မအရပ်၌ ပေါက်သော ဂဏ္ဍစသည်ကို သံဃာ၊ ဂိုဏ်းအား မပန်ကြားဘဲ တစ်ယောက်အချင်းချင်း ပြုစရာရှိသည်ကို အလုံးစုံပြုပါဟု ခိုင်းအံ့၊ ယောကျာ်းကလည်း အလုံးစုံပြုအံ့၊ တစ်ခွန်းသောစကားကြောင့် ပါစိတ်အာပတ် (၆)ချက်သင့်သည်။

(၁၃၆၂–ခု အကြီးတန်း)

❑ **ခက်မ၌ အနာပေါက်နေသော ဘိက္ခုနီသည် သံဃာကို ဖြစ်စေ၊ ဂိုဏ်းကိုဖြစ်စေ မပန်ကြားဘဲ အမျိုးသားဆေးဆရာနှင့် တစ်ဦးချင်းဆေးကုသမှုကို ခံယူရာ၌ မပြုလုပ်ကောင်းသောကိစ္စရပ်များ**

၁။ ခွဲမှုလည်း ခွဲစေခြင်း၊

၂။ ဖောက်မှုလည်း ဖောက်စေခြင်း၊

http://www.dhammadownload.com



၃။ ဖန်ရည်ဆေးစေခြင်း၊

၄။ ဆေးမှုလည်း လိမ်းစေခြင်း၊

၅။ ကြပ်မှုလည်း စည်းစေခြင်း

၆။ ကြပ်စည်းထားသည်ကို ဖြေမှုလည်း ဖြေစေခြင်းတို့ ဖြစ်ပါသည်။ (၁၃၆၀-ခု အကြီးတန်း)

❑ **သက်ဆိုင်ရာတို့ကို မပန်ကြားဘဲ ပေါင်၌ပေါက်သော အနာကို ယောကျ်ားအား ခွဲခိုင်းသည့်ဘိက္ခုနီမအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။**

ပသာခေ ဇာတ–သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။

( ၁၃၆၃–ခု၊ ၆၄–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၅–ခု အကြီးတန်း)

❑ **ပေါင်ရင်း၌ပေါက်သောအနာကို သံဃာဂိုဏ်းကို မပန်ကြားဘဲ ဆေးဆရာနှင့် ခွဲစိပ်ကုသသော ဘိက္ခုနီမအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။**

**ပသာခေ ဇာတ သိက္ခာ**ပုဒ်ကို အနက်ရေးပါ။

http://www.dhammadownload.com



(၁၃၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု၊ ၆၄–ခု၊ ၆၇–ခု၊ ၆၈–ခု **အလတ်တန်း**၊
၁၃၆၅–ခု၊ ၆၆–ခု **အကြီးတန်း**)

## ပါယန္တီ

❑ **ဂဗ္ဘိနီဝဂ်လာ ပဌမသိက္ခာပုဒ်နှင့် ဒုတိယသိက္ခာပုဒ်တို့မှ အပြစ်ကင်းလွတ်အောင် နေထိုင်ပုံနေထိုင်နည်းကို ကျမ်းရင်းနှင့်အညီ အသီးသီး ဖြေဆိုပါ။**

ကိုယ်ဝန်ဆောင်မိန်းမကို ရဟန်းခံမပေးခြင်း၊ နို့စို့ကလေးရှိသောမိန်းမကို ရဟန်းခံမပေးခြင်းတို့ ဖြစ်သည်။

(၁၃၆၆–ခု အကြီးတန်း)

## ပဌမသိက္ခမာန သိက္ခာပဒ

❑ **အမျိုးသမီးများသည် မည်သည့်အရွယ်မှစ၍ သိက္ခမာန်ပြုကောင်းသည်ကို ဖော်ပြပါ။**

အမျိုးသမီးများသည် (၁၀)နှစ်အရွယ်မှစ၍ သိက္ခမာန်ပြုကောင်းသည်။ (၁၃၃၃–ခု၊ ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ သိက္ခမာန်မည်ခြင်း၏ အကြောင်းရင်း

သိက္ခာ(၆)ပါးတို့၌ ကျင့်တတ်သောကြောင့်လည်းကောင်း၊ သိက္ခာဟုဆိုအပ်သော တရားတို့ကို မြတ်နိုးတတ်သောကြောင့်လည်းကောင်း သိက္ခမာန်ဟု ခေါ်ပါသည်။

(၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

## ❑ ယင်းသိက္ခမာန်တို့(၂)နှစ်ပတ်လုံး ကျင့်သုံးရမည့်တရား (၆)ပါးကို မှန်ကန်စွာ ရေးသားဖြေဆိုခဲ့ပါ။

၁။ ပါဏာတိပါတာ ဝေရမဏီ၊

၂။ အဒိန္နာဒါနာ ဝေရမဏီ၊

၃။ အဗြဟ္မစရိယာ ဝေရမဏီ၊

၄။ မုသာဝါဒါ ဝေရမဏီ၊

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊

၆။ ဝိကာလဘောဇနာ ဝေရမဏီတို့ ဖြစ်ပါသည်။ (၁၃၂၉-ခု အလတ်တန်း၊ ၁၃၆၂-ခု၊ ၆၅-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



# ဒုတိယသိက္ခမာန

❑ **ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ့ဌ ဆ–သချာ်၏ သချေ်ယျ**

ပါဏာတိပါတ, အဒိန္နာဒါန, ဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇနေ သိက္ခာပုဒ်။

(၁၃၃၉–ခု အလတ်တန်း)

❑ **(၂)နှစ်ပတ်လုံး သိက္ခမာန်အကျင့်ကျင့်ပြီးသူအား ဥပဇ္ဈာယ် ပြု၍ ရဟန်းခံပေးနိုင်ပါသလော၊ ပါတိမောက် သာဓကပြ၍ ဖြေဆိုပါ။**

ယာ ပန ဘိက္ခုနီ ဒွေ ဝဿာနိ ဆသု ဓမ္မေသု သိက္ခိတသိက္ခံ သိက္ခမာနံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ ပါစိတ္တိယံကို ထောက်၍ (၂)နှစ်ပတ်လုံး သိက္ခမာန်အကျင့်ကျင့်ပြီးသော်လည်း သံဃာက မသမုတ်အပ်သေးလျှင် (သမ္မုတိ မရသေးလျှင်) ရဟန်းခံ မပေးနိုင်ပါ။ (၁၃၃၁–ခု အကြီးတန်း)

❑ **မဟာသိက္ခမာန်ဆိုင်ရာပြ သိက္ခာပုဒ်ကို အနက်မှန်ကန်စွာ ရေးခဲ့ပါ။**

ပဌမသိက္ခမာန သိက္ခာပဒနှင့် ဒုတိယသိက္ခမာန သိက္ခာပဒ အနက်ရေးပါ။ (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **သိက္ခမာန်သုံးမျိုးကို ဖော်ပြ၍ ဂဗ္ဘိနီဝဂ် တတိယ၊ စတုတ္ထ သိက္ခာပုဒ်တို့၌လာသော သိက္ခမာန်တို့သည် မည်သည့် သိက္ခမာန်အမျိုးအစား ဖြစ်သည်ကို ရေးသားပါ။**

မဟာသိက္ခမာန်၊ ဂဟိဂတသိက္ခမာန်၊ ကုမာရိဘူတ သိက္ခမာန်။

ဂဗ္ဘိနီဝဂ် တတိယ, စတုတ္ထသိက္ခာပုဒ်တို့၌လာသော သိက္ခမာန်တို့သည် အသက် (၂၀)ကျော်ပြီးသော မဟာသိက္ခမာန် တို့တည်း။ (၁၃၆၁-ခု အကြီးတန်း)

❑ **ဝုဋ္ဌာနသမ္မုတိမရဘဲ သိက္ခမာန်ကို ရဟန်းခံမပေးရဟု ပညတ်ထားသော သိက္ခာပုဒ်၊**

(ဒုတိယသိက္ခမာန သိက္ခာပုဒ်ပါဠိ)

(၁၃၆၈-ခု အလတ်တန်း)

## ပဉ္စမဂိဟိဂတ သိက္ခာပဒ

❑ **ဘုရားရှင်လက်ထက်တော်၌ အယုတ်ဆုံး မည်မျှ အသက် ပမာဏရှိသော မိန်းမများ အိမ်ထောင်ပြုကြသည်ကို ပါဠိကိုးကား၍ ဖြေဆိုခဲ့ပါ။**

ဘုရားရှင်လက်ထက်တော်၌ အယုတ်ဆုံး အသက် (၁၂)နှစ်မပြည့်ခင်ကပင် မိန်းမများ အိမ်ထောင်ကျ ကြပါသည်။

http://www.dhammadownload.com



ပါဠိအထောက် - ဦနဒွါဒသဝဿံ ဂိဟိဂတံ။

(၁၃၆၂-ခု အလတ်တန်း)

- ☐ **ပဥ္စမဂိဟိဂတ သိက္ခာပုဒ်အရ ပဉ္စင်းခံမပေးထိုက်သော ပုဂ္ဂိုလ်အမျိုးအစားကို ထုတ်ဆောင်ပြပါ။**

အသက်(၁၂)နှစ်မပြည့်သေးသော ယောက်ျား၊ အထူးသွားလာဘူးသော မိန်းမဖြစ်ပါသည်။

(၁၃၆၅-ခု အကြီးတန်း)

## ဒုတိယဂိဟိဂတ သိက္ခာပဒ

- ☐ **ဂိဟိဂတ သိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်ရာအင်္ဂါများ**

၁။ အသက်(၁၂)နှစ်ပြည့်ခြင်း၊

၂။ (၂)နှစ်ပတ်လုံး သိက္ခာ(၆)ပါးကို ကျင့်ပြီးခြင်း၊

၃။ ဝုဋ္ဌာနသမ္မုတိရခြင်း။

(၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီပါတိမောက်လာ ဒုတိယဂိဟိဂတသိက္ခာပဒ ပါဠိတော်ကို မှန်ကန်အောင် အနက်ပေးပြပါ။**

ဒုတိယ ဂိဟိဂတသိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၇-ခု အလတ်တန်း)

## တတိယဂိဟိဂတ သိက္ခာပဒ

❑ **ဂဗ္ဘိနီဝဂ် ဂိဟိဂတ မိန်းမကို အကြောင်းပြု၍ ပညတ်သော သိက္ခာပုဒ်တို့ကို ပါဠိကုန်စင်အောင်ရေးပါ။**

(ပဌမ, ဒုတိယ, တတိယ ဂိဟိဂတသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ ) (၁၃၆၈-ခု အလတ်တန်း)

❑ **ရဟန်းပြုနိုင်သော မာတုဂါမတို့၏အသက်နှင့် ရဟန်းပြုပေးနိုင်သော ဘိက္ခုနီမတို့၏ ဝါများကို သိက္ခာပုဒ်အမည်ပြ ခွဲခြားဖြေဆိုပါ။**

ရဟန်းပြုနိုင်သော မာတုဂါမအသက်

ပဌမဂိဟိဂတ သိက္ခာပုဒ်၊

ဒုတိယဂိဟိဂတ သိက္ခာပုဒ်၊

တတိယဂိဟိဂတ သိက္ခာပုဒ်တို့ဖြင့် ဂိဟိဂတဖြစ်လျှင် (၁၂)နှစ်၊ ပဌမကုမာရိဘူတ, ဒုတိယကုမာရိဘူတ, တတိယကုမာရိဘူတ သိက္ခာပုဒ်တို့ဖြင့် အသက်(၂၀)ဖြစ်ပါသည်။

http://www.dhammadownload.com



ရဟန်းပြုပေးနိုင်သော ဘိက္ခုနီမ၏ ဝါ

ဦနဒွါဒသဝဿ သိက္ခာပုဒ်နှင့် ပရိပုဏ္ဏဒွါဒသဝဿ သိက္ခာပုဒ်တို့ဖြင့် (၁၂)ဝါရပြီး ဖြစ်ရမည်။ (၁၃၆၅-ခု အကြီးတန်း)

## ❑ ဂိဟိဂတသိက္ခာမာန်ကို ဝုဋ္ဌာနကံပြုရာ၌

**(က) ကံပြုလိုသူမ၏ လိုအပ်ချက်၊**

**(ခ) ကံပြုပြီး ဥပဇ္ဈာယ်ဆရာမ၏ တာဝန်ဝတ္တရား၊**

**(ဂ) ကံပြုပြီး တပည့်မ၏ တာဝန်ဝတ္တရားတို့ကို စုံလင်အောင် ဖော်ထုတ်ပြပါ။**

(က) လိုအပ်ချက်

၁။ (၁၂)နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

၂။ သိက္ခာပုဒ်(၆)မျိုးတို့၌ (၂)နှစ်ပတ်လုံး သိက္ခမာန်ကျင့်ဝတ်ကို ကျင့်ပြီးသူဖြစ်ခြင်း၊

၃။ သံဃသမ္မုတိရခြင်း၊

(ခ) တာဝန်ဝတ္တရား

၁။ (၂)နှစ်ပတ်လုံး ပါဠိသင်ခြင်း စသည်ဖြင့် ကိုယ်တိုင်သော်လည်း ချီးမြှောက်ရမည်၊ သူတစ်ပါးကိုသော်လည်း ချီးမြှောက်စေရမည်။

http://www.dhammadownload.com



၂။ အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ အရပ်သို့တိုင်အောင် ကိုယ်တိုင်သော်လည်း ခေါ်သွားရမည်။ သူတစ်ပါးကိုသော်လည်း ခေါ်သွားစေရမည်။

(ဂ) တပည့်မ၏တာဝန်

(၁) နှစ်ပတ်လုံး ဥပဇ္ဈာယ်ဆရာမသို့ အစဉ်လိုက်၍ ပြုစုစောင့်ရှောက်ရမည်။ (၁၃၅၁–ခု အကြီးတန်း)

## ပဥ္စမသဟဓိဝိနီ သိက္ခာပဒ

### ❑ သဟဓိဝိနီ၏အဓိပ္ပါယ်

ဥပဇ္ဈာယ်ယူသော သာမဏေယောကျ်ားကို သဒ္ဓိဝိဟာရိက ခေါ်သကဲ့သို့ ဥပဇ္ဈာယ်ယူသော သာမဏေမနှင့် သိက္ခမာန်များကို သဟဓိဝိနိဟူ၍လည်းကောင်း၊ (သဒ္ဓိဝိဟာရိနီ) ဟုလည်းကောင်း ခေါ်ပါသည်။ (၁၃၆၇–ခု အလတ်တန်း)

### ❑ အတူနေတပည့်မကို ရဟန်းခံပေးပြီးနောက် ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီမပြုကျင့်ရမည့် ဝိနည်းကျင့်ဝတ်တို့ကို သိက္ခာပုဒ်ပါဋ္ဌိကောက်ထားလျက် ရေးသားပါ။

၁။ မကျန်းမမာ ဒုက္ခိတဖြစ်နေသော အတူနေ

http://www.dhammadownload.com



တပည့်မကို ကိုယ်တိုင်ပြုစုလုပ်ကျွေးခြင်း၊ သူတစ်ပါးကို ပြုစုလုပ်ကျွေးစေခြင်း၊ န ဥပဋ္ဌာပန သိက္ခာပုဒ် ပါဋ္ဌိရေးပါ။

၂။ အတူနေတပည့်မကို ပဥ္စင်းခံပေးပြီး၍ (၂)နှစ်တို့ပတ်လုံး ကိုယ်တိုင်ချီးမြှောက်ခြင်း၊ သူတစ်ပါးကို ချီးမြှောက်စေခြင်း၊ ပဌမ သဟာဇီဝိနီသိက္ခာပုဒ် ပါဋ္ဌိရေးပါ။

## ပဝတ္တိနီနာနုဗန္ဓန သိက္ခာပဒ

### ❑ ရဟန်းခံပေးပြီးနောက် ဆရာလိုက်နာရမည့် ကျင့်ဝတ်

သဒ္ဓိဝိဟာရိနီတပည့်မကို ပဥ္စင်းပြုပေးပြီးနောက် (၂)နှစ်ပတ်လုံး ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ချီးမြှောက်စေရမည်။

အောက်ထစ်ဆုံး (၆)ယူဇနာ၊ (၅)ယူဇနာဝေးသော အရပ်တို့သို့ ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ခေါ်သွားစေရမည်။ (၁၃၆၃–ခု အကြီးတန်း)

### ❑ ပဥ္စင်းခံပေးသော ဥပဇ္ဈာယ်ဆရာမကို အတူနေတပည့်မက ပြုစုလုပ်ကျွေးရမည့် နှစ်အပိုင်းအခြားကို တိကျစွာဖော်ပြပါ။

(၂)နှစ်တိတိ ဖြစ်ပါသည်။

(၁၃၆၇–ခု အလတ်တန်း)

http://www.dhammadownload.com



### ❑ သင္ဒိဟာရိနီတပည့်မကို ရဟန်းခံပေးခြင်းကြောင့် တပည့်လိုက်နာရမည့်ကျင့်ဝတ်

ပဉ္စင်းခံပေးသော ဥပဇ္ဈာယ်မကို (၂)နှစ်ပတ်လုံး အစဉ်လိုက်၍ လုပ်ကျွေးရခြင်း။

(၁၃၆၈-ခု အလတ်တန်း၊ ၁၃၆၃-ခု အကြီးတန်း)

### ❑ သဒ္ဓိဝိဟာရိနီတပည့်မအား စာပေသင်ပေးခြင်း စသည်ဖြင့် မချီးမြှောက်ခြင်းကြောင့် အပြစ်ပြသိက္ခာပုဒ်နှင့် ဥပဇ္ဈာယ် ဆရာမအား မလုပ်ကျွေးခြင်းကြောင့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးပါ။

ဂဗ္ဘိနီဝဂ် ပဌမသဟာဇီဝိနီ သိက္ခာပုဒ်နှင့် ပစ္စတ္တိနီနာနု ဗန္ဓန သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။ (၁၃၆၆-ခု အကြီးတန်း)

## ဒုတိယသဟာဇီဝိနီ သိက္ခာပဒ

### ❑ ဥပဇ္ဈာယ်ဘိက္ခုနီမသည် အတူနေတပည့်မတို့အပေါ်၌ ပြုကျင့်ရမည့်ဝတ္တရားများကို သိက္ခာပုဒ်အမည်နှင့်တကွ အသီးသီးဖော်ပြခဲ့ပါ။

၁။ ပဌမသဟာဇီဝိနီသိက္ခာပုဒ်ထောက်၍ (၂)နှစ် ပတ်လုံး ပါဠိသင်ခြင်း စသည်ဖြင့် ကိုယ်တိုင် ချီးမြှောက်ရခြင်း၊ သူတစ်ပါးကို ချီးမြှောက်စေခြင်း၊

http://www.dhammadownload.com



၂။ ဒုတိယသဟာဓိဝိနီ သိက္ခာပုဒ် ထောက်၍ အယုတ်ဆုံး (၅)၊ ယူဇနာ (၆)ယူဇနာအရပ်တိုင်အောင် ကိုယ်တိုင် ခေါ်သွားရခြင်း၊ သူတစ်ပါးကို ခေါ်သွားစေရခြင်း။

(၁၃၆၈–ခု အလတ်တန်း)

- ❑ **အောက်ပါ (က) (ခ)တို့အရကိုလည်း ရေးပါ။**

**(က) သဒ္ဓိဝိဟာရိနီ တပည့်မကို ပဥ္စင်းပြုပေးပြီး ကိုယ်တိုင် ချီးမြှောက်ရမည့်နှစ်၊**

**(ခ) သဒ္ဓိဝိဟာရိနီ တပည့်မကို ပဥ္စင်းပြုပေးပြီး ခေါ် ဆောင်သွားရမည့် အရပ်တပါးအကွာအဝေး။**

(က) သဒ္ဓိဝိဟာရိနီ တပည့်မကို ပဥ္စင်းပြုပေးပြီး ကိုယ်တိုင် (၂)နှစ် ချီးမြှောက်ရမည်။

(ခ) သဒ္ဓိဝိဟာရိနီ တပည့်မကို ပဥ္စင်းပြုပေးပြီး အနည်းဆုံး (၆)ယူဇနာ၊ (၅)ယူဇနာ ခရီးခေါ်ဆောင် သွားရမည်။

(၁၃၆၀–ခု အကြီးတန်း)

- ❑ **ဥပဇ္ဈာယ်ဆရာမ၏ အတူနေတပည့်မအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်တို့ကိုလည်း သိက္ခာပုဒ်အမည်နှင့် တွဲစပ်၍ ထုတ်ပြပါ။**

(က) န ဝုဋ္ဌာပန သိက္ခာပုဒ်အရ

http://www.dhammadownload.com



မကျန်းမမာဖျားနာသော တပည့်အား

၁။ ကိုယ်တိုင်ပြုစုလုပ်ကျွေးခြင်း၊

၂။ သူတစ်ပါးကိုလည်း ပြုစုလုပ်ကျွေးဖို့ရာ တိုက်တွန်းခြင်း။

(ခ) ပထမသမာဓိဝိနိ သိက္ခာပုဒ်အရ

၁။ (၂)နှစ်ပတ်လုံး ကိုယ်တိုင်ချီးမြှောက်ရမည်။

၂။ သူတစ်ပါးကိုလည်း ချီးမြှောက်ခိုင်းရမည်။

(ဂ) ဒုတိယသဟဓိဝိနိ သိက္ခာပုဒ်အရ

ပဉ္စင်းခံပေးပြီးနောက် ခရီးထွက်ရန် ကိုယ်တိုင်သော်လည်း ခေါ်ယူရမည်၊ သူတစ်ပါးကိုသော်လည်း ခေါ်ယူစေရမည်။

(၁၃၆၇–ခု အလတ်တန်း)

## ❑ ရဟန်းခံပြီးသော အတူနေတပည့်မကို (၆)ယူဇနာ၊ (၅) ယူဇနာခေါ်၍ ခရီးသွားရန် ပညတ်ထားသော သိက္ခာပုဒ်

ဘိက္ခုနီပါစိတ် ဂဗ္ဘိနီဝဂ် ဒုတိယသဟဓိဝိနိ သိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၂–ခု၊ ၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



# ပထမကုမာရိဘူတ သိက္ခာပဒ

## ❑ ဂိဟိဂတနှင့် ကုမာရိဘူတအထူး

(၂)နှစ်ပတ်လုံး သိက္ခာပုဒ်(၆)ပါးကို ကျင့်ခြင်းဟူသော သိက္ခမာန်ကျင့်ဝတ်ကို ကျင့်ပြီး၍ ဝုဋ္ဌာနသမ္မုတိရလျှင် (၁၂)နှစ်ပြည့်သောအခါ ရဟန်းခံနိုင်သော ယောကျ်ားတစ်ပါး သွားလာဖူးသော မိန်းမသည် ဂိဟိဂတ။

(၂)နှစ်ပတ်လုံး သိက္ခာပုဒ်(၆)ပါးတို့ကို ကျင့်ခြင်းဟူသော သိက္ခမာန်ကျင့်ဝတ်ကို ကျင့်ပြီး၍ ဝုဋ္ဌာနသမ္မုတိရလျှင် အသက်(၂၀)ပြည့်မှ ရဟန်းခံနိုင်သော အပျိုစင် အမျိုးသမီးသည် ကုမာရိဘူတ။ (၁၃၆၈–ခု အကြီးတန်း)

## ❑ ဂိဟိဂတ, ကုမာရိဘူတ, မဟာသိက္ခမာန်တို့၏ အသက်အပိုင်းအခြား

မဟာသိက္ခမာန် – အသက် (၂၀)ကျော်ပြီးသော သိက္ခမာန်

ကုမာရိဘူတသိက္ခမာန် – အသက် (၁၈)နှစ်မှ (၂၀)နှစ်အထိ၊

ဂိဟိဂတသိက္ခမာန် – အသက် (၁၀)နှစ်မှ (၁၈)နှစ်အထိသိက္ခမာန်။

(၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ကုမာရိဘူတ(အပျိုစင်) သိက္ခမာန်ကို ရဟန်းခံပေးမှုနှင့် စပ်လျဉ်း၍ လိုက်နာပြုကျင့်ရမည့် သိက္ခာပုဒ်တို့ကို ပါဠိမှု ဖြေဆိုပါ။**

ကုမာရိဘူတဝဂ် အစ (၃)ပုဒ်ကို ပါဠိရေးလေ။

(၁၃၆၁-ခု အလတ်တန်း)

## တတိယကုမာရိဘူတ သိက္ခာပဒ

❑ **ကုမာရိဘူတဝဂ်လာ အမျိုးသမီးအပျိုစင်တို့အား ပဉ္စင်းခံပေးထိုက်သော အင်္ဂါများ**

၁။ အသက် (၂၀)ပြည့်ခြင်း၊

၂။ (၂)နှစ်ပတ်လုံး သိက္ခာပုဒ် (၆)ပါးကို ကျင့်ပြီးခြင်း၊

၃။ ဝုဋ္ဌာနသမ္မုတိရပြီးခြင်း။

(၁၃၆၂-ခု၊ ၆၃-ခု အလတ်တန်း၊ ၁၃၆၀-ခု၊ ၆၂-ခု၊ ၆၄-ခု၊ ၆၅-ခု အကြီးတန်း)

❑ **ကုမာရိဘူတသိက္ခမာန်ကို ရဟန်းခံပေးရာ၌ ၎င်းသိက္ခမာန်၏ ပြည့်စုံရမည့် အရည်အချင်းတို့ကို သိက္ခာပုဒ်ထောက်၍ ဖြေပါ။**

http://www.dhammadownload.com



၁။ ပထမကုမာရိဘူတ သိက္ခာပုဒ်ကို ထောက်၍ အသက် (၂၀)ပြည့်ရမည်။

၂။ ဒုတိယကုမာရိဘူတသိက္ခာပုဒ်ကို ထောက်၍ (၂)နှစ် သိက္ခာပုဒ် (၆)ပါးကျင့်ရမည်။

၃။ တတိယကုမာရိဘူတ သိက္ခာပုဒ်ကိုထောက်၍ ဝုဋ္ဌာနသမ္မုတိရသူ ဖြစ်ရမည်။

(၁၃၆၈-ခု အကြီးတန်း)

## ❑ ဂိဟိဂတသိက္ခမာန်နှင့် ကုမာရိဘူတသိက္ခာမာန်တို့အား ပဥ္စင်းခံပေးထိုက်သော အင်္ဂါများ

ဂိဟိဂတ -(၁၂)နှစ်ပြည့်ပြီးခြင်း၊ သိက္ခာပုဒ် (၆)ပါးတို့ကို (၂)နှစ်ကျင့်ပြီး ခြင်း၊ သံဃာက သမုတ်ပြီး ဖြစ်ခြင်း။

ကုမာရိဘူတ-အသက် (၂၀)ပြည့်ပြီးခြင်း၊ သိက္ခာပုဒ် (၆)ပါးတို့ကို (၂)နှစ်ကျင့်ပြီးခြင်း၊ သံဃာက သမုတ်ပြီး ဖြစ်ခြင်း။

(၁၃၆၁-ခု အလတ်တန်း၊ ၁၃၃၃-ခု၊ ၆၃-ခု၊ ၆၅-ခု အကြီးတန်း)

## ❑ ဂိဟိဂတသိက္ခမာန်နှင့် ကုမာရိဘူတသိက္ခမာန်တို့ကို အသက်အားဖြင့် ပိုင်းခြားပါ။

ဂိဟိဂတသိက္ခမာန်သည် သိက္ခိတသိက္ခာရှိ၍ ဝုဋ္ဌာန သမုတိရရှိလျှင် (၁၂)နှစ်ပြည့်သောအခါ ရဟန်းခံနိုင်သည်။

http://www.dhammadownload.com



ကုမာရိဘူတသိက္ခမာန်သည် သိက္ခိတသိက္ခာရှိ၍ ဝုဋ္ဌာန သမ္မုတိရရှိလျှင် အသက် (၂၀)ပြည့်သောအခါ ရဟန်းခံနိုင်သည်။

(၁၃၆၁–ခု အကြီးတန်း)

## ❑ ဂိဟိဂတ၊ ကုမာရိဘူတ၊ မဟာသိက္ခမာန်တို့၏အထူး

ယောကျ်ားနှင့်အတူသွားလာဖူးသည့် (၁၀)နှစ်မှ (၂၀)အရွယ်ထိ သိက္ခာ(၆)ပါးကို ကျင့်ဆဲအမျိုးသမီးသည် ဂိဟိဂတသိက္ခမာန်၊

အသက်(၁၈)နှစ်မှ (၂၀)အထိ သိက္ခာ(၆)ပါးကို ကျင့်ဆဲအပျိုစင်သည် ကုမာရိဘူတသိက္ခမာန်၊

အသက်(၂၀)ကျော် အိမ်ထောင်ကျပြီး၊ မကျသေးသော သိက္ခာ(၆)ပါးကိုကျင့်ဆဲ အမျိုးသမီး ကြီးများသည် မဟာသိက္ခမာန် ဤသို့ထူးသည်။

(၁၃၃၃–ခု၊ ၆၄–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၅–ခု အကြီးတန်း)

## ❑ သိက္ခမာန် အမျိုးစားတို့ကိုလည်း အသက်အပိုင်းအခြား အားဖြင့် ခွဲခြားပြပါ။

အသက်(၂၀) ကျော်ပြီးသော သိက္ခမာန်သည် မဟာသိက္ခမာန်၊ အသက် (၁၀)နှစ်မှ (၁၈)နှစ်အထိ သိက္ခမာန်သည်

http://www.dhammadownload.com



ဂိဟိဂတသိက္ခမာန်၊ အသက် (၁၈)နှစ်မှ (၂၀)နှစ်အထိသည် ကုမာရိဘူတသိက္ခမာန်။ (၁၃၆၃-ခု အလတ်တန်း)

## ❑ သိက္ခမာန်(၃)မျိုး

၁။ ဂိဟိဂတသိက္ခမာန် -ယောကျ်ားနှင့် သွားလာဖူး ပြီးဖြစ်သည့် (၁၂)နှစ်မှ (၂၀)နှစ်အထိ သိက္ခာကျင့်ဆဲ အမျိုးသမီး။

၂။ ကုမာရိဘူတသိက္ခမာန်-(၁၉)နှစ်မှ (၂၀)နှစ်ထိ သိက္ခာ (၆) ပါးကို ကျင့်ဆဲအပျိုစင်အမျိုး သမီးများ၊

၃။ မဟာသိက္ခမာန်-အသက် (၂၀) ကျော် သိက္ခာ(၆) ပါးကို ကျင့်ဆဲ အမျိုးသမီးကြီးများ။ (၁၃၆၄-ခု အလတ်တန်း)

## ❑ အသက်(၂၀)ပြည့်ပြီးသော အမျိုးသမီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသည်ဖြစ်ပါလျက် အာပတ်သင့်နိုင်ခြင်းအကြောင်းတို့ကို သိက္ခာပုဒ်လာသည့်အတိုင်း ဖြေဆိုပါ။

အသက် (၂၀)ပြည့်သူဖြစ်လျက်

၁။ (၂)နှစ်ပတ်လုံး (၆)ပါးသော ဓမ္မတို့၌ မကျင့်ရသေးသူ၊

၂။ သံဃာ့သမ္မုတိလည်း မရသေးသူ အမျိုးသမီးအား ရဟန်းခံပေးလျှင် ဒုတိယကုမာရိဘူတ,

http://www.dhammadownload.com



တတိယကုမာရိဘူတ သိက္ခာပုဒ်များဖြင့် သုဒ္ဓပါစိတ်အာပတ်များ သင့်နိုင်ပါသေးသည်။

(၁၃၆၁-ခု အကြီးတန်း)

❑ **(၂)နှစ်ပတ်လုံး သိက္ခမာန်ကျင့်ပြီးသူတိုင်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးနိုင်ပါသလော၊ ပါတိမောက်ရှု၍ ရှင်းလင်းပြပါ။**

(၂)နှစ်ပတ်လုံး သိက္ခမာန်ကျင့်ပြီးသော သူတို့တွင်

(က) မဟာသိက္ခမာန်ဖြစ်က သံဃသမ္မုတိရလျှင် ရဟန်းခံပေးနိုင်သည်။

(ခ) ဂိဟိဂတသိက္ခမာန်ဖြစ်က (၁၂)နှစ်ပြည့်သူဖြစ်ခြင်း၊ သံဃသမ္မုတိရသူဖြစ်ခြင်း-အင်္ဂါ(၂)ချက် ပြည့်စုံလျှင် ရဟန်းခံပေးနိုင်သည်။

(ဂ) ကုမာရိဘူတသိက္ခမာန်ဖြစ်က အသက် (၂၀) ပြည့်ခြင်း၊ သံဃသမ္မုတိရခြင်း-အင်္ဂါ(၂)ချက် ပြည့်စုံလျှင် ရဟန်းခံပေးနိုင်သည်။

(၁၃၆၆-ခု အကြီးတန်း)

❑ **သံဃသမ္မုတိမရသည့် ပုဂ္ဂိုလ်များကို ပဉ္စင်းခံပေးသော ဘိက္ခုနီမအား အာပတ်သင့်ရောက်ပုံကို ပြဆိုသည့် သိက္ခာပုဒ်တို့ကို ပြည့်စုံစွာပါဠိရေးပြပါ။**

http://www.dhammadownload.com



ဂဗ္ဘိနီဝဂ် ဒုတိယသိက္ခမာနသိက္ခာပုဒ်၊ ဂဗ္ဘိနီဝဂ် တတိယဂိဟိဂတသိက္ခာပုဒ်၊ ကုမာရိဘူတဝဂ် တတိယကုမာရိဘူတသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ (၁၃၆၆-ခု အကြီးတန်း)

**❑ အပျိုစင်အမျိုးသမီးများအား ရဟန်းခံပေးနိုင်ရန် လိုအပ်သော အင်္ဂါရပ်ပြ သိက္ခာပုဒ်တို့ကို အနက်မှန်မှန် ပေးပြခဲ့ပါ။**

ပထမကုမာရိဘူတ, ဒုတိယကုမာရိဘူတ, တတိယကုမာရိဘူတ သိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၄-ခု အကြီးတန်း)

**❑ ဘုရားရှင်၏ သာသနာတော်၌ အမျိုးသမီးများ ရဟန်းပြုကြရာ အပျိုစင်နှင့်အအိုတို့၏ အခွင့်အရေးကွဲပြားခြားနားချက်ကို သိက္ခာပုဒ်ထောက်ပြ ဖြေဆိုပါ။**

အပျိုစင်များမှာ အသက(၂၀) ပြည့်မှ ရဟန်းခံခွင့် ရကြသည်။

(ပ-ဒု-တ-ကုမာရိဘူတ သိက္ခာပုဒ်)

အအိုများမှာ (၁၂) ပြည့်လျှင်ပင် ရဟန်းခံခွင့် ရကြသည်။

(ပ-ဒု-တ-ဂိဟိဂတ သိက္ခာပုဒ်)

http://www.dhammadownload.com



## ဦနဒွါဒသဝဿ သိက္ခာပဒ

- **(၁၂)ဝါမရသေးသော ဘိက္ခုနီသည် ဥပဇ္ဈာယ်လုပ်ခွင့်ရှိ၊ မရှိ သိက္ခာပုဒ်အထောက်နှင့်တကွ ဖြေဆိုပါ။**

(၁၂)ဝါမရသေးသော ဘိက္ခုနီသည် ဥပဇ္ဈာယ်ဆရာ ပြုလုပ်ခွင့် မရှိပါ။

ဦနဒွါဒသဝဿ သိက္ခာပုဒ်ကိုထောက်လေ။

(၁၃၆၂-ခု အလတ်တန်း)

## ပရိပုဏ္ဏဒွါဒသဝဿ သိက္ခာပဒ

- **ဥပဇ္ဈာယ်ရဟန်းမိန်းမပြည့်စုံရမည့် အင်္ဂါလက္ခဏာတို့ကို ပါဠိသာဓကပြ၍ ဆုံးဖြတ်ပါ။**

၁။ (၁၂)ဝါရပြီးဖြစ်ခြင်း၊

၂။ ဘိက္ခုနီသံဃာထံမှ ဝုဋ္ဌာပနသမ္မုတိ ရပြီးဖြစ်ခြင်းတို့ ဖြစ်ပါသည်။

သာဓက - ယာ ပန ဘိက္ခုနီ ဦနဒွါဒသဝဿ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ၊ ယာ ပန ဘိက္ခုနီ ပရိပုဏ္ဏဒွါဒသဝဿာ သံဃေန အသမ္မတာ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

(၁၃၆၄-ခု၊ ၆၇-ခု၊ ၆၈-ခု အလတ်တန်း၊ ၁၃၆၁-ခု၊ ၆၃-ခု၊ ၆၅-ခု၊ ၆၆-ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဥပဇ္ဈာယ်လုပ်၍ ရဟန်းမပြုပေးနိုင်သော ရဟန်းနှင့် ရဟန်းမတို့၏ "ဝါ" အရေအတွက်ကို ဖော်ပြပါ။

ရဟန်းဥပဇ္ဈာယ် – အနည်းဆုံးသိက္ခာ (၁၀)ပါး၊

ရဟန်းမဥပဇ္ဈာယ် – အနည်းဆုံးသိက္ခာ (၁၂)ဝါ။

(၁၃၂၈–ခု အလတ်တန်း၊ ၁၃၆၁–ခု အကြီးတန်း)

## ခိယျနစမ္မ သိက္ခာပဒ

❑ ဂဗ္ဘိနိဝဂ် သတ္တမသိက္ခာပုဒ်, ကုမာရိဘူတဝဂ် ဆဋ္ဌသိက္ခာပုဒ် တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

(၁၃၂၃–ခု အလတ်တန်း)

## ပဌမသိက္ခမာန နှ ဝုဋ္ဌာပန သိက္ခာပဒ

❑ **အနန္တရာယိကိနီ–၌ အန္တရာယ–အရ**

မိး, ရေစသော အန္တရာယ်(၁၀)ပါးတို့တွင် တစ်ပါးပါးကို ယူရပါမည်။ (၁၃၆၀–ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီပါတိမောက် ကုမာရိဘူတဝဂ် အလယ်တည့်တည့် သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

ပဌမသိက္ခမာန နှ ဝုဋ္ဌာပနသိက္ခာပုဒ်ကို အနက်ရေးပါ။ (၁၃၆၆–ခု၊ ၆၈–ခု အကြိုးတန်း)

❑ ငါ့အား သက်န်းပေးလျှင် ရဟန်းခံပေးမည်–ဟု သိက္ခမာန်အား ပြောပြီး ရဟန်းခံမှုပျက်ကွယ်သော ရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးပါ။

ပဌမသိက္ခမာန နှ ဝုဋ္ဌာပနသိက္ခာပုဒ်ကို အနက်ရေးလေ။ (၁၃၆၂–ခု အလတ်တန်း)

❑ ပထမသိက္ခမာန နှ ဝုဋ္ဌာပနသိက္ခာပုဒ်တို့ကို ပါဠိရေးပြပါ။

ကုမာရိဘူတဝဂ် ပထမသိက္ခမာန နှ ဝုဋ္ဌာပန သိက္ခာပုဒ်ကို ပါဠိရေးလေ။ (၁၃၆၈–ခု အလတ်တန်း)

❑ နှ ဝုဋ္ဌာပနသိက္ခာပုဒ်များလာ ဘိက္ခုနီမက သိက္ခမာန်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးမည်ဟု သွေးဆောင်ပြောဆိုပုံ ပါဠိများကို ရေးသားပါ။

သစေ မေ တွံ အယျေ စီဝရံ ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ။

http://www.dhammadownload.com



သစေ မေ တွံ အယျေ ဒွေ ဝဿာနိ အနုဗန္ဓိဿသိ၊
ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ။ (၁၃၃၈–ခု အကြီးတန်း)

## ဒုတိယသိက္ခမာန နှ ဝုဋ္ဌာပန သိက္ခာပဒ

- **သိက္ခမာန်ကို သင်္ကန်း၊ အလုပ်အကျွေးတို့ဖြင့် ဖြားယောင်း၍ ရဟန်းခံပေးမည်ဟု ပြောပြီးမှ ရဟန်းခံမပေးသော ဘိက္ခုနီမ၏အပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။**

ကုမာရိဘူတဝဂ် – ပဥ္စမသိက္ခမာ န ဝုဋ္ဌာပနသိက္ခာပုဒ်နှင့် ဒုတိယသိက္ခမာန နှ ဝုဋ္ဌာပနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

(၁၃၂၄–ခု၊ ၆၂–ခု၊ ၆၃–ခု အလတ်တန်း၊ ၁၃၃၇–ခု၊ ၆၂–ခု၊ ၆၆–ခု အကြီးတန်း)

- **ရဟန်းခံပေးမည်ဟု ဝန်ခံပြီးမှ အန္တရာယ်မရှိဘဲ ရဟန်းခံမပေးသော ရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို အနက်မမှန်ပေးခဲ့ပါ။**

ပဌမသိက္ခမာန နှ ဝုဋ္ဌာပနသိက္ခာပုဒ်၊ ဒုတိယ သိက္ခာမာန နှ ဝုဋ္ဌာပန သိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၇–ခု အလတ်တန်း၊ ၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



# သောကာဝါသ သိက္ခာပဒ

## ❑ ပုရိသသံသဠ်၊ ကုမာရကသံသဠ်– တို့၌ ပုရိသနှင့် ကုမာရကတို့၏ ထူးခြားပုံ

ပုရိသ–ဟူသည် အသက် (၂၀)ကျော်ပြီး ယောက်ျားကြီးများဖြစ်၍

ကုမာရက–ဟူသည် အသက်(၂၀) မပြည့်ကြွယ်သည့် ယောက်ျားငယ်များ ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

(၁၃၆၄–ခု အလတ်တန်း၊ ၁၃၃၇–ခု၊ ၆၃–ခု၊ ၆၈–ခု အကြီးတန်း)

## ❑ ပုရိသသံသဠသိက္ခမာန် ကုမာရကသံသဠသိက္ခမာန်တို့၏ အထူး

အသက်(၂၀)ကျော်ပြီးသော ယောက်ျားကြီးတို့နှင့် ရောနှောသော သိက္ခမာန်ကို ပုရိသသံသဠ သိက္ခမာန်ဟုဆိုသည်။ အသက်(၂၀)မပြည့်သေးသည့် ယောက်ျားငယ်တို့နှင့်ရောနှောသော သိက္ခမာန်ကို ကုမာရကသံသဠ သိက္ခမာန်ဟု ဆိုသည်။ ဤသို့ထူးသည်။ (၁၃၆၁–ခု အလတ်တန်း)

## ❑ သောကာဝါသအဓိပ္ပါယ်

အိမ်ရာထောင်ကြတော့အံ့ဟု ချိန်းထားပြီးလျက် ယောက်ျားထံသို့ မသွားသောကြောင့် ယောက်ျားတို့၏ အတွင်း

http://www.dhammadownload.com



ပူဆွေးသောကကို သွင်းတတ်သော သိက္ခမာန်မ၊

(တစ်နည်း)အိမ်ရှင်တို့သည် အိမ်တည်းသို့ ဝင်ကုန်သကဲ့သို့ ယောကျ်ားတစ်ဦးနှင့်ပေါင်းဖော်ခွင့်ကို မရခြင်းကြောင့် ပူဆွေးခြင်းသောကဝင်ရာ ခန္ဓာအိမ်ရှိသော သိက္ခမာန်မ။

(၁၃၆၂–ခု၊ ၆၆–ခု၊ ၆၈–ခု အကြီးတန်း)

## ❑ ယောကျ်ားတို့၏အတွင်း၌ စိုးရိမ်ခြင်းကို သွင်းတတ်သော သိက္ခမာန်ကို ရဟန်းခံမပေးရဟု ပညတ်ထားသော သိက္ခာပုဒ်

သောကာဝါသ သိက္ခာပုဒ်ကို အနက်ရေးပါ။

(၁၃၆၃–ခု အလတ်တန်း၊ ၁၃၆၃–ခု၊ ၆၆–ခု၊ ၆၈–ခု အကြီးတန်း)

## ❑ ခင်ပွန်းသည်ခွင့်မပြုသော အမျိုးသမီးအား ‘ရဟန်းမ’ ပြုပေးကောင်း၊ မပေးကောင်း

အနနုညာတ သိက္ခာပုဒ်အရ ခင်ပွန်းသည်က ခွင့်မပြုသော အမျိုးသမီးအား ‘ရဟန်းမ’ပြု ပေးကောင်းပါ။

http://www.dhammadownload.com



## အနနုညာတ သိက္ခာပဒ

❑ **ရဟန်းခံမပေးသင့်သော ဘိက္ခုမာန်အမျိုးအစားကိုလည်း အနနုညာတသိက္ခာပုဒ်လာအတိုင်း မှန်ကန်စွာ ဖြေဆိုပြပါ။**

မိဘခွင့်ပြုချက်မရသော ဘိက္ခုမာန်, လင်ယောကျ်ား ခွင့်ပြုချက်မရသော ဘိက္ခုမာန်များ ဖြစ်သည်။

(၁၃၆၆–ခု အကြီးတန်း)

❑ **အပြစ်ကင်းသော သိက္ခမာန် အမျိုးသမီးသည် ဘိက္ခုနီမ လုပ်ချင်ခဲ့သော် အဘယ်သူတို့၏ ခွင့်ပြုချက်ကို ယူရမည်ကို လည်း သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။**

၁။ မိဘ

၂။ လင်ယောကျ်ားတို့၏ ခွင့်ပြုချက်ကို ယူရပါမည်။

အထောက်– ယာ ပန ဘိက္ခုနီ မာတာပိတူဟိ ဝါ သာမိကေန ဝါ အနနုညာတံ သိက္ခမာနံ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံ။

(၁၃၆၈–ခု အလတ်တန်း)

❑ **မိဘ၊ လင်ယောကျ်ား ခွင့်မပြုအပ်သော သိက္ခမာန်မကို ရဟန်းပြုမပေးရဟု တားမြစ်(ပညတ်)ထားသော သိက္ခာပုဒ်**

အနနုညာတ သိက္ခာပုဒ် (၁၃၆၇–ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ သိက္ခမာန်မကို ရဟန်းခံပေးရာ၌ ခွင့်တောင်းရမည့် ပုဂ္ဂိုလ်များ

မိဘ, လင်ယောကျ်ား။

(၁၃၆၈–ခု အလတ်တန်း၊ ၁၃၆၆–ခု အကြီးတန်း)

## ❑ အပျိုစင်အမျိုးသမီးနှင့် အအို(ယောကျ်ားတစ်ပါး သွားလာဖူးသူ) အမျိုးသမီး ရဟန်းဘဝ၌"ကွာဟခြားနားချက်"

အပျိုစင်အမျိုးသမီးသည် မိဘ၏ခွင့်ပြုချက်ရလျှင် ရဟန်းပြုနိုင်သည်။

အအိုအမျိုးသမီးသည် မိဘ၏ခွင့်ပြုချက်, လင်ယောကျ်ား၏ခွင့်ပြုချက် နှစ်မျိုးစုံရမှ ရဟန်းပြုနိုင်သည်။

(၁၃၆၁–ခု အကြီးတန်း)

## ❑ (က)သောကာဝါသ သိက္ခာပုဒ်၊ (ခ)အနန္တဉာဏ သိက္ခာပုဒ်တို့၌လာသော သိက္ခမာန်အထူး

(က) အသက် (၂၀)သို့ရောက်သော ယောကျ်ားနှင့် ရောနှောသော အသက်(၂၀)သို့ မရောက်သောလုလင်နှင့် ရောနှောသော ယောကျ်ားတို့၏အတွင်း၌ စိုးရိမ်ခြင်းကို သွင်းတတ်သော သိက္ခမာန်၊

(ခ) မိဘတို့သည် လည်းကောင်း၊ လင်သည် လည်းကောင်း ခွင့်မပြုအပ်သော သိက္ခမာန်။ (၁၃၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ ရဟန်းခံပေးမှုနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများ

ဥပဇ္ဈာယ်လုပ်သူသည် ဥပဇ္ဈာယ်အင်္ဂါများ ပြည့်စုံရမည့်အပြင် ရဟန်းလောင်း သိက္ခမာန်သည်လည်း ကိုယ်ဝန်သည်၊ နို့သည်မိခင်၊ သတ်မှတ် အသက်မပြည့်သည့် သိက္ခမာန်များ၊ သိက္ခာ(၆)ပါး ကို (၂)နှစ်ပြည့်အောင် မကျင့်ရသေးသူ၊ ရဟန်းပြုခွင့် သမ္မုတိ မရသေးသူများ သောကာဝါသ သိက္ခမာန်များနှင့် မိဘခွင့်မပြုသည့် သိက္ခမာန်များ မဖြစ်စေရပါ။

(၁၃၆၄-ခု အလတ်တန်း)

### ❑ ကုမာရိဘူတဝဂ် ပဥ္စမသိက္ခာပုဒ်၊ ဒသမသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

(၁၃၂၅-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

## ပါရိုဝါသိက သိက္ခာပဒ

### ❑ သုဒ္ဓပါစိတ် ပါရိုဝါသိက သိက္ခာပုဒ်လာ ပါရိုဝါသိယ (၄)မျိုး

၁။ ပရိသပါရိုဝါသိယ

၂။ ရတ္တိပါရိုဝါသိယ

http://www.dhammadownload.com



၃။ ဆန္ဒပါရိဝါသိယ

၄။ အဗျာသယပါရိဝါသိယ

(၁၃၆၂-ခု၊၆၄- ခု၊ ၆၅-ခု၊ ၆၈-ခု အကြိုးတန်း)

❑ ကုမာရိဘူတဝင် (၉)ခုမြောက်၊ (၁၁)ခုမြောက် သိက္ခာပုဒ်တို့ကို အနက်ယောဇနာပြပါ။

(၁၃၆၂-ခု အလတ်တန်း)

## အနုဝဿ သိက္ခာပဒ

❑ ဥပဇ္ဈာယ်ဆရာမများသည် နှစ်စဉ်နှစ်တိုင်း သိက္ခမာန်များကို ဘိက္ခုနီပြုပေးခွင့်ရှိ၊ မရှိ ဝိနယပါဠိထောက်၍ ဖြေဆိုခဲ့ပါ။

မရှိပါ။

သာကေ-ယာပန ဘိက္ခုနီ အနုဝဿံ ဝုဋ္ဌာပေယျ ပါစိတ္တိယံ။ (၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com



## ကေဝသ သိက္ခာပဒ

- [ ] သိက္ခမာန်များကို ရဟန်းပြုပေးရာ၌ အနုဝသ သိက္ခာပုဒ်နှင့် ကေဝသသိက္ခာပုဒ်တို့၏အရ အာပတ်မှကင်းလွတ်အောင် မည်သို့ ရဟန်းပြုပေးရမည်ကို ဖော်ပြပါ။

(၂)နှစ်မှတစ်ပါးသာ ရဟန်းပြုပေးရမည်။ (ဝါ) တစ်နှစ်ခြား၍ တစ်ပါးစီသာ ရဟန်းပြုပေးရမည်။

ကေန္တ ရိကံ ကေံ ဝုဋ္ဌာပေန္တိယာ၊ ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိ။ (၁၃၃၂-ခု အလတ်တန်း၊ ၁၃၆၅-ခု အကြီးတန်း)

- [ ] ဥပဇ္ဈာယ်ဆရာမသည် နှစ်စဉ်နှစ်တိုင်း သိက္ခမာန်များကို ဘိက္ခုနီပြုပေးခွင့်ရှိ၊ မရှိ ဝိနယပါဠိထောက်ပြ ဖြေဆိုပါ။

နှစ်စဉ်နှစ်တိုင်း သိက္ခမာန်များကို ဘိက္ခုနီပြုပေးခွင့် မရှိပါ။

အထောက်-ယာ ပန ဘိက္ခုနီ အနုဝဿံ ဒွေ ဝုဋ္ဌာပေယျ၊ ပါစိတ္တိယံကို ထောက်၍ နှစ်တိုင်း သိက္ခမာန်များကို ဘိက္ခုနီပြုပေးခွင့် မရှိပါ။ (၁၃၆၂-ခု၊ ၆၅-ခု အကြီးတန်း)

- [ ] ဥပဇ္ဈာယ် ဘိက္ခုနီမ၏ လိုအပ်သော ဝါအရေအတွက်နှင့် နှစ် အလိုက်ပြုပေးသင့်သော သိက္ခမာန်အရေအတွက်ကို ဖြေဆိုပါ။

http://www.dhammadownload.com



ဥပဇ္ဈာယ် ဘိက္ခုနီမ၏ လိုအပ်သောဝါအရေအတွက်ကား (၁၂)ဝါဖြစ်ပါသည်။

နှစ်အလိုက်ပြုပေးသင့်သော သိက္ခမာန်အရေအတွက်ကား (၂)နှစ်လျှင် (၁)ပါးသာ ဖြစ်ပါသည်။

(၁၃၆၅–ခု အကြီးတန်း)

**❑ ဘိက္ခုနီတို့ ရဟန်းခံပေးနိုင်သော ကာလနှင့် အရေအတွက်ပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပြပါ။**

အနုဝဿသိက္ခာပုဒ်နှင့် ဧကဝဿ သိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၂–ခု၊ ၆၈–ခု အလတ်တန်း၊ ၁၃၆၃–ခု အကြီးတန်း)

## ဆတ္တုပါဟနသိက္ခာပဒ

**❑ ဂိလာနမဟုတ်ပဲ ဆတ္တုပါဟနကိုဆောင်သော ဘိက္ခုနီတို့၏ အပြစ်ပြသိက္ခာပုဒ်တို့ကို အနက်မှန်ကန်စွာရေးပြပါ။**

ဆတ္တုပါဟန သိက္ခာပုဒ်ကို အနက်ရေးလေ။

( ၁၃၆၈–ခု အလတ်တန်း)

http://www.dhammadownload.com



**❑ ဆတ္တုပ္ပါဟနဝဂ်လာ သွားလာမှုနှင့်စပ်၍ ရဟန်းမတို့အား ပညတ်အပ်သော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။**

ယာနသိက္ခာပုဒ်နှင့် ဆတ္တုပ္ပါဟနဝဂ်လာ ဆတ္တုပ္ပါဟန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ (၁၃၆၄-ခု အလတ်တန်း)

**❑ (က) မိမိ၏ကပ္ပိယပစ္စည်းကိုပေး၍ မယ်တော်၏ ကပ္ပိယပစ္စည်းကို ယူသောရဟန်း၊**

**(ခ) မယ်တော်၏လက်စွပ်ကို သိမ်းဆည်းပေးသော ရဟန်း၊**

**(ဂ) ကျန်းမာလျက် ရွာတွင်းဝယ် ဘိနပ်စီးသော ရဟန်းတို့အား သိက္ခာပုဒ်တပ်၍ အာပတ်ဆုံးဖြတ်ပြပါ။**

(က) ကယဝိက္ကယ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ်။

(ခ) ရတနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ်။

(ဂ) ဆတ္တုပ္ပါဟနသိက္ခာပုဒ်အရ ဒုက္កဋ်အာပတ်။

(၁၃၆၀-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီများ ကျူးလွန်လျှင် ပါစိတ်အာပတ်သင့်၍ ဘိက္ခုများ ကျူးလွန်ပါက ဒုက္ကဋ်အာပတ်သင့်သော ပညတ်ချက်များကို ငါးခုမျှ ဖော်ပြပါ။**

၁။ ကြက်သွန်ဖြူ စိမ်းစားခြင်းကို ပညတ်ခြင်း။

၂။ ကျဉ်းမြောင်းသောအရပ်၌ အမွေးဖယ်ရှားမှုကို ပညတ်ခြင်း။

၃။ ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းကို ပညတ်ခြင်း။

၄။ ဂိလာနမဟုတ်ဘဲ ထီး ဖိနပ်ဆောင်းမှုကို ပညတ်ခြင်း။

၅။ ဂိလာနမဟုတ်ဘဲ ယာဉ်ဖြင့်သွားမှုကို ပညတ် ခြင်း။ (၁၃၅၁–ခု အကြီးတန်း)

## ကုဋ္ဌာလက်ာရသိက္ခာပဒ

❑ **ရွှေဘီးကိုဆောင်ထားသော ဘိက္ခုနီမအား သင့်နိုင်သော အာပတ်နှင့် သိက္ခာပုဒ်အမည်တို့ကို ဖြေဆိုပါ။**

ရူပိယသိက္ခာပုဒ်အရ – နိဿဂ္ဂိပါစိတ်။

ဋ္ဌာလက်ာရသိက္ခာပုဒ်အရ – သုဒ္ဓပါစိတ်။

http://www.dhammadownload.com



❑ **ဘိက္ခုနီမတို့ မဆောင်ထားကောင်းသော လူ့အသုံးအဆောင်ပစ္စည်းများ**

ခါးကြိုးတန်ဆာ၊ မိန်းမတို့၏တန်ဆာ။

(၁၃၆၃–ခု အကြီးတန်း)

## ဂိဟိနိဥမ္မဒ္ဒါပန သိက္ခာပဒ

❑ **ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေရီ၊ လူမိန်းမတို့အား ပွတ်သပ်ဆုတ်နယ်ခိုင်းသော ဘိက္ခုနီမအား အပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။**

ဘိက္ခုနီ, သိက္ခမာန, သာမဏေရီ, ဂိဟိနိဥမ္မဒ္ဒါပန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။ (၁၃၆၀–ခု အကြီးတန်း)

❑ **ရဟန်းမိန်းမမှန်သမျှ အနှိပ်ခံရန် မခိုင်းသင့်သော ပုဂ္ဂိုလ်တို့ကို သိက္ခာပုဒ်အမည်တို့နှင့်တကွ ယှဉ်တွဲဖော်ပြ ပါ။**

ဘိက္ခုနီဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ – ဘိက္ခုနီမများ

သိက္ခမာနဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ–သိက္ခမာန်များ။

သာမဏေရီဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ–သာမဏေမများ။

ဂိဟိနိဥမ္မဒ္ဒါပနသိက္ခာပုဒ်အရ – လူဝတ်ကြောင် မိန်းမများ။

http://www.dhammadownload.com



(၁၃၆၃–ခု၊ ၆၄–ခု၊ ၆၇–ခု အလတ်တန်း၊ ၁၃၆၂–ခု၊ ၆၅–ခု၊ ၆၈–ခု အကြီးတန်း)

## အနာပုစ္ဆာ သိက္ခာပဒ

❑ ရဟန်းတော်တို့အား လျှောက်ထား၍ ရဟန်းတော်တို့၏ ရှေ့ကထိုင်နေသော ဘိက္ခုနီမအား အာပတ်သင့်၊ မသင့် သာဓကပြ၍ ဆုံးဖြတ်ပါ။

ယာ ပန ဘိက္ခုနီ ဘိက္ခုဿ ပုရတော အနာပုစ္ဆာ အာသနေ နိသီဒေယျ၊ ပါစိတ္တိယံ–ဟူသော ပါဠိကိုထောက်၍ မသင့်ပါ။ (၁၃၆၃–ခု အကြီးတန်း)

## ပဉှာပုစ္ဆန သိက္ခာပဒ

❑ ဘိက္ခုနီ သုဒ္ဓပါစိတ် ဆတ္တုပါဟနဝဂ်လာ ရဟန်း ယောက်ျားနှင့်စပ်၍ ဘိက္ခုနီမများ အပြစ်သင့်ရောက်ပုံကိုပြသော သိက္ခာပုဒ်တော်တို့ကို အနက်ယောဇနာပြပါ။

ဆတ္တုပါဟနဝဂ် အနာပုစ္ဆာသိက္ခာပုဒ်နှင့် ပဉှာပုစ္ဆန သိက္ခာပုဒ်တို့ကို အနက်ရေးလေ။ (၁၃၆၈–ခု အလတ်တန်း)

http://www.dhammadownload.com



❑ ရဟန်းယောက်ျားများအပေါ် ရဟန်းမိန်းမများက ပါစိတ်အာပတ်မသင့်ရန် စောင့်စည်းရမည့် ဝစီကံအမှုတို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။

အာရာမဝဂ် ဘိက္ခုအက္ကောသနသိက္ခာပုဒ်၊ ဆတ္တုပါဟနဝဂ် ပဉှာပုစ္ဆနသိက္ခာပုဒ်။ (၁၃၆၄-ခု အလတ်တန်း)

❑ သင်္ကန်းချင်းလဲလှယ်ပြီး တဖန်လုယူသော ဘိက္ခုနီမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်နှင့် ဆတ္တုပါဟနဝဂ်လာ ဒွါဒသမသိက္ခာပုဒ်တို့ကို အနက်ရေးသားခဲ့ပါ။

စီဝရ ပရိဝတ္တနသိက္ခာပုဒ်နှင့် ပဥ္စာပုစ္ဆန သိက္ခာပုဒ် တို့ကို အနက်ရေးပါ။ (၁၃၆၆-ခု အကြီးတန်း)

❑ ညဉ့်အခါယောက်ျားနှင့် တစ်ယောက်ချင်းစကားပြောသော ဘိက္ခုနီမနှင့် ရဟန်းအားခွင့်မတောင်းဘဲ ပြဿနာမေးသော ဘိက္ခုနီမတို့အား သင့်သောအာပတ် အသီးသီးကို ဖော်ပြပါ။

ပါစိတ်အာပတ်။ (၁၃၂၉-ခု အကြီးတန်း)

http://www.dhammadownload.com



# အသံကစ္ဆိက သိက္ခာပဒ

## ❑ သံဃာဏီ, ကူတ္ထာလက်ာရ, သံကစ္စိကတို့၏ အဓိပ္ပါယ်

သင်္ဃာဏီ- ခါးကြိုးတန်ဆာ၊

ကူတ္ထာလင်္ကာရ-လက်ကောက်, လက်ဝတ်, လက်ပတ်နာရီ စသော မိန်းမတို့၏ ဝတ်ဆင်တန်ဆာ၊

သံကစ္စိက- ရင်စည်းတဘက်။

(၁၃၆၆-ခု အကြီးတန်း)

## ❑ သင်္ဃာဏီ-အရနှင့် သံကစ္စိကာ-အရတို့ကိုလည်း မှန်ကန်စွာ ကောက်ပြပါ။

သင်္ဃာဏီ-အရ ခါးဝတ်တန်ဆာအားလုံးကို ရ၏။

သံကစ္စိကာ-အရ ညှပ်ရိုးအောက် ပုဆစ်ဒူးဝန်းအထက် ကိုယ်အစိတ်အပိုင်းကို ဖုံးလွှမ်းရန် ဘိက္ခုနီတို့အား ဘုရားရှင် ခွင့်ပြုထားအပ်သည့် ရင်လွှမ်းတဘက်ခေါ် အဝတ်ပိုင်းကို ရ၏။ (၁၃၆၄-ခု အကြီးတန်း)

## ❑ အသံကစ္စိကာသိက္ခာပုဒ်၌ သံကစ္စိကာ, အသံကစ္စိကာတို့၏ အဓိပ္ပါယ်

ညှပ်ရိုး (၂)ဘက်၏အောက်, ချက်၏အထက်ဟု

http://www.dhammadownload.com



ဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းငှာ သင်္ကန်းနှင့်တကွ ဖြစ်ခြင်းသည် သံကစ္စိကာ။

ညှပ်ရိုး(၂)ဘက်၏အောက်, ချက်၏အထက်ဟု ဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုအပ်သော သင်္ကန်းမှကင်းခြင်းသည် အသံကစ္စိကာ။

(၁၃၆၈–ခု အကြီးတန်း)

## ❑ ဘိက္ခုနီတို့အတွက် သီးခြားခွင့်ပြုအပ်သော ရင်လွှမ်းတဘက်၏ အဓိပ္ပါယ်

ဘိက္ခုနီမများ၏ ခန္ဓာကိုယ်တွင် ညှပ်ရိုး၏အောက် ချက်ဝန်း၏အထက်ဖြစ်သည့် ကိုယ်ခန္ဓာအပိုင်းကို ဖုံးလွှမ်းပေးထားနိုင်ရန် ဘုရားရှင်က ခွင့်ပြုထားအပ်သည့် ဘိက္ခုနီတို့၏ အဝတ်ပိုင်းတစ်မျိုးကိုပင် ရင်လွှမ်းတဘက်ဟု အလွယ်ခေါ်ဆိုကြခြင်းဖြစ်သည်။ (၁၃၆၄–ခု၊ ၆၆–ခု အကြီးတန်း)

## ❑ ဘိက္ခုနီမများအတွက် ရင်လွှမ်းတဘက်ကို အဘယ်အကျိုးငှာ ဘုရားရှင် ခွင့်ပြုထားပါသနည်း။

ညှပ်ရိုးနှစ်ဖက်၏အောက်၊ ချက်၏အထက်ဟု ဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ဘိက္ခုနီမများအတွက်ရင်လွှမ်းတဘက်ကို ဘုရားရှင်ခွင့်ပြုတော်မူထားရပါသည်။

(၁၃၆၄–ခု၊ ၆၅–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ရင်စည်းတဘက်မပါဘဲ ရွာတွင်းသို့ဝင်သော ဘိက္ခုနီမ၏ သင့်ရောက်သောအာပတ်ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုပါ။**

အသံကစ္ဆိကသိက္ခာပုဒ်အရ–သုဒ္ဓပါစိတ် အာပတ် သင့်ပါသည်။ (၁၃၆၇–ခု အလတ်တန်း)

❑ **ဘိက္ခုနီမတို့ ဝတ်ရုံသော သင်္ကန်း(၅)ထည်**

၁။ သင်းပိုင်

၂။ ဧကသီ

၃။ ဒုကုဋ်

၄။ ရေသနုတ်

၅။ ရင်လွှမ်းတဘက်။

(၁၃၂၇–ခု အလတ်တန်း၊ ၁၃၆၄–ခု ၊၆၈–ခု အကြီးတန်း)

❑ **ဘိက္ခုနီများအတွက်သာ သီးခြားခွင့်ပြုအပ်သော သင်္ကန်း (၃)ထည်ကို ဖော်ပြပါ။**

ရေသနုပ်၊ ရင်စည်းတဘက်၊ ဥတုနီးသင်္ကန်း။

(၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ် ဆတ္တုပါဟနဝဂ်လာ နောက်ဆုံးသိက္ခာပုဒ် (၂)ပုဒ်တို့ကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

အနက်ရေးပါ။ (၁၃၆၂-ခု အကြီးတန်း)

❑ ရင်လွှမ်းတဘက်မပါဘဲ အခြားတစ်ရွာသို့ တစ်ယောက်တည်းသွားပြီး အဝတ်မစည်း အချည်းအနှီး ရေချိုးသော ဘိက္ခုနီမအား သင့်ရောက်နိုင်သော အာပတ်တို့ကို ဆိုင်ရာသိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖော်ပြပါ။

ရင်လွှမ်းတဘက်မပါသော ဘိက္ခုနီမအား အသံကစ္ဆိကသိက္ခာပုဒ်ဖြင့်-သုဒ္ဓပါစိတ်၊ အခြားတစ်ရွာသို့ တစ်ယောက်တည်းသွားသော ဘိက္ခုနီမအား ဧကေါမန္တရဂမန သိက္ခာပုဒ်ဖြင့်-သံဃာဒိသေသ်၊ အဝတ်မစီးရေချိုးသော ဘိက္ခုနီမအား နဂ္ဂသိက္ခာပုဒ်ဖြင့်-သုဒ္ဓပါစိတ် ဤသို့အသီးသီး သင့်သည်။

(၁၃၆၃-ခု အလတ်တန်း)

❑ ရင်လွှမ်း (ရင်စည်း)အဝတ်မပါဘဲ ရွာသို့မဝင်ရဟု တားမြစ်(ပညတ်)ထားသော သိက္ခာပုဒ်ကို အနက်ပေးပြခဲ့ပါ။

အသံကိစ္ဆိကသိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com



# ဒုဋ္ဌုလ္လာရောစနသိက္ခာပဒ

❏ ဘိက္ခုနီပါတိမောက်လာ "အညတြ ဘိက္ခုနီ သမ္မုတိယာ" အနုပညတ်ပါသော သိက္ခာပုဒ်အမည်များ

၁။ ဥဒေါသိတသိက္ခာပုဒ်

၂။ ဆဗ္ဗဿသိက္ခာပုဒ်

၃။ သာသက်သိက္ခာပုဒ်

၄။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်

(၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

❏ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်ကို ဘိက္ခု၊ ဘိက္ခုနီခွဲ၍ သဒ္ဒါနေမပျက် ပါဠိတော်သက်သက်ရေးပြပါ။

ယော ပန ဘိက္ခုဿ ဒုဋ္ဌုလ္လံ အာပတ္တိံ အနုပသမ္ပန္နဿ အာရောစေယျ အညတြ ဘိက္ခုသမ္မုတိယာ ပါစိတ္တိယံ။ ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ဒုဋ္ဌုလ္လံ အပတ္တိံ အနုပသမ္ပန္နာယ အာရောစေယျ၊ အညတြ ဘိက္ခုနီသမ္မုတိယာ ပါစိတ္တိယံ။

(၁၃၃၆-ခု အကြီးတန်း)

http://www.dhammadownload.com



## သန္နိဓိကာရက သိက္ခာပဒ

❑ **ဘိက္ခု၏ သန္နိဓိပစ္စည်းသည် ဘိက္ခုနီမအတွက် အပ်၊ မအပ်ကို အကြောင်းပြလျက် ဆုံးဖြတ်ပြပါ။**

ဘိက္ခုနီမအတွက် ဘိက္ခုနီ ခန္ဓကဌ် ခွင့်ပြုတော်မူအပ်သောကြောင့် ဘိက္ခု၏ သန္နိဓိပစ္စည်းသည် ဘိက္ခုနီမအတွက် အပ်သည်။ (၁၃၆၆-ခု အကြီးတန်း)

## ဥယျောဇန သိက္ခာပဒ

❑ **ရဟန်းမတစ်ပါးကို ဆွမ်းခံခေါ်သွားပြီးမှ မလျော်သော အကြံရှိ၍ ခေါ်သွားသော ရဟန်းမက ပြန်လွှတ်ခါနီး ပြောပုံပြပါဋ်ကို ပါဠိမျှရေးပါ။**

ဘိက္ခုနီ သုဒ္ဓပါစိတ် ဘောဇနဝဂ် ဥယျောဇန သိက္ခာပုဒ်လာ "ဂစ္ဆာယျေ"စသော ပါဠိကိုရေးပါ။

(၁၃၆၄-ခု အကြီးတန်း)

## နဟာန သိက္ခာပဒ

❑ **ဘိက္ခုနီမ၏ လခွဲအတွင်း ရေချိုးနိုင်သော သမယတို့ကို တိကျစွာ ပိုင်းခြားဖော်ပြပါ။**

http://www.dhammadownload.com



ဥဇုကာသမယ, ပရိဠာဟသမယ, ဂိလာနသမယ, ကမ္မသမယ, အဒ္ဓါဂမနသမယ, ဝါတဝုဋ္ဌိသမယ (၆)ပါး။

(၁၃၃၄-ခု၊ ၆၃-ခု အကြီးတန်း)

## ဝိကပ္ပနသိက္ခာပဒ

❑ **ဘိက္ခုနီပါတိမောက်လာ သိတင်းသုံးဖော် (၅)ဦး ပါဝင်သော သိက္ခာပုဒ်ကို အနက်ရေးပါ။**

ဓောတိဝဂ် ဝိကပ္ပန သိက္ခာပုဒ်ကို အနက်ရေးလေ။

(၁၃၆၈- အလတ်တန်း)

## အရိဋ္ဌ သိက္ခာပဒ

❑ **ဘိက္ခုနီ သုဒ္ဓပါစိတ်အာပတ်တို့တွင် ဥတ်ကမ္မဝါစာဖြင့် (၃)ကြိမ်တိုင်အောင် ဆုံးမခြင်းကို မနာယူမှ အာပတ်သင့်သော သိက္ခာပုဒ်ကို အနက်မှန်စွာ ယောဇနာပါ။**

တုဝဋ္ဋဝဂ် သံသဋ္ဌသိက္ခာပုဒ်၊ အရိဋ္ဌသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

(၁၃၆၈-ခု အကြီးတန်း)

http://www.dhammadownload.com



# အမူလက သိက္ခာပဒ

❑ **ရဟန်းမိန်းများအား စကားပြောမတတ်၍ အာပတ်သင့်ရောက်သော အာပတ်(၅)ခု**

၁။ ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် စတုတ္ထပါရာဇိကအာပတ်။

၂။ အမူလကပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသိသ်အာပတ်။

၃။ အမူလကသံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်အာပတ်။

၄။ အမူလကထုလ္လစ္စည်း စသော အောက်အာပတ်ငါးပုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်။

၅။ ဥတ္တရိမနုဿဓမ္မကို ပရိယာယ်အားဖြင့် ပြောခြင်းကြောင့် ထုလ္လစ္စည်းအာပတ်။

မှတ်ချက်။ ။ ပုစ္ဆာကအာဘော်ကိုချိန်၍ မုသာဝါဒနှင့် ဆိုင်သော အာပတ်၊ နှုတ်ကြောင့်သင့်သော အာပတ်များကို ရည်ရွယ်၍ ဖြေထားခြင်းဖြစ်သည်။ ပုစ္ဆာမေးပုံ မသေချာလှ၊ ပုစ္ဆာ၌ စကားမပြောတတ်၍ဟု ပါရှိသည်။ ဖော်ပြပါ အပြစ်များသည်လည်း စကားပြောမတတ်၍ မဟုတ်၊ မပြောသင့်သည်ကိုပြော၍ ဟူသော အဓိပ္ပါယ်ဖြင့် မေးဟန်ကို ရည်ရွယ်၍ ဖြေထား သည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ဥပသဂ္ဂတိသိက္ခာပဒ

❑ **အနည်းပါရှိသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို မြန်မာပြန်ဆိုခဲ့ပါ။**

အကြင်ရဟန်းမသည်ဖြစ်သော တိုးတိုးတိုင်ပင်ခြင်းရှိကုန်သောဖြစ်သော ခိုက်ရန်ရှိကုန်သော ငြင်းခုံခြင်းသို့ရောက်ကုန်သော ရဟန်းမတို့၏ ထိုသူမတို့ စကားကို ကြားကောင်းရာအရပ်သို့ကပ်၍ "အကြင်စကားကို ဤရဟန်းမတို့သည် ဆိုကုန်လတ္တံ့၊ထိုစကားကို နားထောင်အံ့" ဤသို့နှလုံးသွင်း၍ ထိုရဟန်းမတို့တိုင်ပင်စကားကို ကြားလိုခြင်းကိုသာလျှင် အကြောင်းပြု၍ အခြားအကြောင်းမရှိရပ်ငြားအံ့၊ ထိုရဟန်းမအား ပါစိတ်အာပတ်သင့်၏။ (၁၃၆၇-ခု အလတ်တန်း)

❑ **ဘိက္ခုနီ သုဒ္ဓပါစိတ် နောက်ဆုံးဝဂ်အမည်ကိုလည်း ဖော်ပြခဲ့ပါ။**

ဓမ္မိကဝဂ် ဖြစ်ပါသည်။ (၁၃၆၈-ခု အလတ်တန်း)

❑ **ဘိက္ခုနီ, သုဒ္ဓပါစိတ် သိက္ခာပုဒ်များမှ သာဓာရဏ သိက္ခာပုဒ်ပါ ဝဂ်များကို ဖော်ပြပါ။**

၁။ မုသာဝါဒ၊

၂။ ဘူတဂါမ၊

http://www.dhammadownload.com



၃။ ဘောဇနံ၊

၄။ စာရိတ္တ၊

၅။ ဇောတိ၊

၆။ ဒိဋ္ဌိ၊

၇။ ဓမ္မိက။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဘိက္ခုတို့နှင့်ဆက်ဆံသော ဘိက္ခုနီမတို့၏ သုဒ္ဓပါစိတ် သိက္ခာပုဒ်အရေအတွက်ကို ဝဂ်အလိုက် မှန်ကန်စွာ ဖြေဆိုပါ။

မုသာဝါဒဝဂ် (၁၀)ပုဒ်၊ ဘူတဂါမဝဂ် (၁၀)ပုဒ်၊ ဘောဇနဝဂ် (၁၀)ပုဒ်၊ စာရိတ္တဝဂ် (၁၀)ပုဒ်၊ ဇောတိဝဂ် (၁၀)ပုဒ် ၊ဒိဋ္ဌိဝဂ် (၁၀)ပုဒ်၊ ဓမ္မိကဝဂ် (၁၀)ပုဒ် ။ (၇၀)

(၁၃၆၃-ခု အကြီးတန်း)

## ❑ ဘိက္ခုနီ သုဒ္ဓပါစိတ် အသာဓာရဏဝဂ်များ

လသုဏဝဂ်၊ ရတ္တန္ဓကာရဝဂ်၊ နဂ္ဂဝဂ်၊ တုဝဋ္ဋဝဂ်၊ စိတ္တာဂါရဝဂ်၊ အာရာမဝဂ်၊ ဂဗ္ဘိနီဝဂ်၊ ကုမာရိဘူတဝဂ်၊ ဆတ္တုပါဟနဝဂ်။ (၁၃၆၁-ခု၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီ သုဒ္ဓပါစိတ် အသာဓာရဏ သိက္ခာပုဒ်တို့ကို အကျဉ်းချုပ် ရေတွက်ပြပါ။**

၁။ လသုဏဝဂ် (၁၀)ပုဒ်၊

၂။ ရတ္တန္ဓကာရဝဂ် (၁၀)ပုဒ်၊

၃။ နဂ္ဂဝဂ် (၁၀)ပုဒ်၊

၄။ တုဝဋ္ဋဝဂ် (၁၀)ပုဒ်၊

၅။ စိတ္တာဂါရဝဂ် (၁၀)ပုဒ်၊

၆။ အာရာမဝဂ် (၁၀)ပုဒ်၊

၇။ ဂဗ္ဘိနီဝဂ် (၁၀)ပုဒ်၊

၈။ ကုမာရိဘူတဝဂ် (၁၃)ပုဒ်၊

၉။ ဆတ္တုပါဟနဝဂ်(၁၃)ပုဒ်၊ပေါင်း (၉၆)ပုဒ်။

❑ **ဘိက္ခုနီ သုဒ္ဓပါစိတ်(၁၆၆)ပါးတို့ကို သာဓာရဏ၊ အသာဓာရဏသိက္ခာပုဒ်အားဖြင့် သချာမျှ ခွဲခြားပြပါ။**

ဘိက္ခုနီ သုဒ္ဓပါစိတ် ၁၆၆–ပါးတွင် သာဓာရဏ သိက္ခာပုဒ် ၇၀၊ အသာဓာရဏသိက္ခာပုဒ် ၉၆–ပါးအားဖြင့် ၁၆၆–ပါး ဖြစ်သည်။ (၁၃၆၂–ခု၊ ၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



- ဘိက္ခုနီ သုဒ္ဓပါစိတ်ဝဂ်အစဉ်ကို ဖော်ပြပါ။

၁။ လသုဏဝဂ်၊

၂။ ရတ္တန္ဓကာရဝဂ်၊

၃။ နဂ္ဂဝဂ်၊

၄။ တုဝဋ္ဋဝဂ်၊

၅။ စိတ္တာဂါရဝဂ်၊

၆။ အာရာမဝဂ်၊

၇။ ဂဗ္ဘိနီဝဂ်၊

၈။ ကုမာရိဘူတဝဂ်၊

၉။ ဆတ္တုပါဟနဝဂ်၊

၁၀။ မုသာဝါဒဝဂ်၊

၁၁။ ဘူတဂါမဝဂ်၊

၁၂။ ဘောဇနဝဂ်၊

၁၃။ စာရိတ္တဝဂ်၊

၁၄။ ဇောတိဝဂ်၊

၁၅။ ဒိဋ္ဌိဝဂ်၊

၁၆။ ဓမ္မိကဝဂ်။ (၁၃၂၉-ခု၊ ၆၈-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **အောက်ပါဘိက္ခုနီပါတိမောက်လာ ရဟန်းတော်တို့နှင့် မဆက်ဆံသော သိက္ခာပုဒ်တို့ကို သချာမှုဖော်ပြပါ။**

(က) ပါရာဇိကသိက္ခာပုဒ်၊

(ခ) သံဃာဒိသိသ်သိက္ခာပုဒ်၊

(ဂ) နိဿဂ္ဂိယသိက္ခာပုဒ်၊

(ဃ) ပဋိဒေသနီယသိက္ခာပုဒ်၊

(က) ၄ ပုဒ်၊

(ခ) ၁၀ ပုဒ်၊

(ဂ) ၁၂ ပုဒ်၊

(ဃ) ၉၆ ပုဒ်၊

(င) ၈ ပုဒ်။ (၁၃၆၁–ခု အလတ်တန်း)

❑ **သုဒ္ဓပါစိတ်လာ ဒေသနာကြားရုံမျှဖြင့် အပြစ်မှမလွတ်သေးသော သိက္ခာပုဒ်တို့တွင် အစဆုံး သိက္ခာပုဒ် (၃)ပုဒ်ကို ပါဠိရေးခဲ့ပါ။**

(သူစိဃရသိက္ခာပုဒ်၊ မဥ္စပီဌသိက္ခာပုဒ်၊ တူလောနဒ္ဓ သိက္ခာပုဒ်တို့ကို ပါဠိကုန်အောင်ရေးပါ) (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ဘိက္ခုနီ သုဒ္ဓပါစိတ် သိက္ခာပုဒ်များကို သာဓာရဏ၊ အသာဓာရဏအားဖြင့် ခွဲခြားပြပါ။**

ဘိက္ခုနှင့် သက်ဆိုင်သည့် မုသာဝါဒဝဂ်မှ ဓမ္မိကဝဂ် အထိ သိက္ခာပုဒ်(၇၀)သည် သာဓာရဏ, ဘိက္ခုနှင့်မဆိုင် ဘိက္ခုနီနှင့်သာဆိုင်သော လသုဏဝဂ်မှ ဆတ္တုပါဟနဝဂ်အထိ ၉၆ တို့သည် အသာဓာရဏတို့တည်း။ (၁၃၆၄-ခု အကြီးတန်း)

**❑ ဘိက္ခုနီ နိဿဂ္ဂိပါစိတ်နှင့် ဘိက္ခုနီသုဒ္ဓပါစိတ် သိက္ခာပုဒ်တို့၌ သာဓာရဏ, အသာဓာရဏတို့ကို ဝဂ်အလိုက် ခွဲခြား၍ သင်္ချာမျှအသီးသီးဖော်ပြပါ။**

သာဓာရဏ-

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ် ဒုတိယဝဂ် (၈)

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ် တတိယဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် မုသာဝါဒဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် ဘူတဂါမဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် ဘောဇနဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် စာရိတ္တဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် ဇောတိဝဂ် (၁၀)

http://www.dhammadownload.com



ဘိက္ခုနီ သုဒ္ဓပါစိတ် ဒိဋ္ဌိဝဂ် (၁၀)

ဘိက္ခုနီ သုဒ္ဓပါစိတ် ဓမ္မိကဝဂ် (၁၀)

အသာဓာရဏ—

နိဿဂ္ဂိယပါစိတ် ပဌမဝဂ် (၁၀)

နိဿဂ္ဂိယပါစိတ် ဒုတိယဝဂ် (၂)

သုဒ္ဓပါစိတ် လသုဏဝဂ် (၁၀)

သုဒ္ဓပါစိတ် ရတ္တန္ဓကာရဝဂ် (၁၀)

သုဒ္ဓပါစိတ် နဂ္ဂဝဂ် (၁၀)

သုဒ္ဓပါစိတ် တုဝဋ္ဋဝဂ် (၁၀)

သုဒ္ဓပါစိတ် စိတ္တာဂါရဝဂ် (၁၀)

သုဒ္ဓပါစိတ် အာရာမဝဂ် (၁၀)၊

သုဒ္ဓပါစိတ် ဂဗ္ဘိနီဝဂ် (၁၀)

သုဒ္ဓပါစိတ် ကုမာရိဘူတဝဂ် (၁၀)

သုဒ္ဓပါစိတ် ဆတ္တုပါဟနဝဂ် (၁၀)

(၁၃၃၃-ခု အကြီးတန်း)

http://www.dhammadownload.com

# ပါဠိဒေသနီယ အဖွင့်

- ဆေးဘောဇဉ်တို့ကို မနာမဖျားဘဲ တောင်းစားက အဘယ်အာပတ်သင့်သည်ကို ဖြေဆိုပါ။

ပါဋိဒေသနီအာပတ်။ (၁၃၆၆–ခု အကြီးတန်း)

- မနာမဖျားဘဲ ထောပတ်ကို တောင်းစားသောရဟန်းမအား ပညတ်တော်မူသော သိက္ခာပုဒ်ကို အနက်ပေး

ဘိက္ခုနီပါဋိဒေသနီ သပ္ပိဝိညာပနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။ (၁၃၆၃–ခု အလတ်တန်း)

- ဘိက္ခုနီ ပဌမပါဋိဒေသနီယ သိက္ခာပုဒ်၏ အနုပညတ်

အဂိလာနာ။ (၁၃၆၈–ခု အကြီးတန်း)

http://www.dhammadownload.com



**❑ အဘယ်စားသောက်ဖွယ်ရာများကို တောင်းစားက သီးခြားဒေသနာ ကြားရပါသနည်း။?**

ထောပတ်, ဆီ, ပျားရည်, တင်လဲ, ငါး, အမဲ, နို့ရည်, နို့ဓမ်း။ (၁၃၆၆-ခု အကြီးတန်း)

**❑ ဘိက္ခုနီမများ မနာမဖျားဘဲ မတောင်းစားကောင်းသော ဆေးပစ္စည်းနှင့် ဘောဇဉ်တို့၏ အမည်များကို တစ်ခုစီ ရေးသားဖြေဆိုပါ။**

ထောပတ်, ဆီ ,ပျားရည်, တင်လဲ, ငါး, အမဲ, နို့ရည်, နို့ဓမ်း။

(၁၃၆၈-ခု အလတ်တန်း၊ ၁၃၆၃-ခု၊ ၆၆-ခု အကြီးတန်း)

**❑ မဓုနှင့် ဖာဏိတတို့-အရ**

မဓု-ယင်ပျား, ပျားကြီး, ပျားငယ်တို့ ပြုအပ်သော ပျားရည်။

ဖာဏိတ-ကြံရည်ကို အစပြု၍ အဖတ်ကိုပစ် အရည်ကိုညှစ်၍ ချက်အပ်, မချက်အပ်သော အလုံးစုံသော ကြံအထူး။ (၁၃၆၇-ခု အလတ်တန်း၊ ၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



❑ ဘိက္ခုနီတို့ သီးခြားဒေသနာကြားထိုက်သော အာပတ်သင့်ကြောင်း ပစ္စည်းများ

ထောပတ်, ဆီ, ပျားရည်, တင်လဲ, ငါး, အသား, နို့ ဓမ်း။ (၁၃၆၂-ခု အလတ်တန်း)

❑ ကျန်းမာရေးကောင်းမွန်ပါလျက် ပျားရည်အလှူခံ သုံးဆောင်သော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ပါဋ္ဌိ

ဘိက္ခုနီပါဋိဒေသနီယ တတိယသိက္ခာပုဒ်။

(၁၃၆၂-ခု အလတ်တန်း)

❑ ကျန်းမာလျက် နို့ရည်တောင်းသောက်သော ရဟန်းမအား သင့်ရောက်သော အာပတ်ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။

ပါဋိဒေသနီအာပတ်၊

ခီရဝိညာပနသိက္ခာပုဒ်။

❑ ကိုယ်ခန္ဓာကျန်းပါလျက် ထောပတ်, ဆီ, ပျား, ပဏီတ ဝတ္ထုများကိုတောင်း၍ သုံးဆောင်သော ဘိက္ခုနီမအား အသီးသီးအာပတ်သင့်သည်ဆိုရာ အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များ သင့်ပါသနည်း၊ ဖော်ပြပါ။

http://www.dhammadownload.com



ထောပတ်ကိုတောင်း၍ သုံးဆောင်လျှင် သပ္ပိဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။

ဆီကိုတောင်း၍ သုံးဆောင်လျှင် တေလဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။

ပျားရည်ကိုတောင်း၍ သုံးဆောင်လျှင် မဓုဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။ (၁၃၂၈-ခု အလတ်တန်း)

## ❑ ဘိက္ခုနီပါဋိဒေသနီယ သိက္ခာပုဒ်သရုပ်

၁။ သပ္ပိဝိညာပနသိက္ခာပုဒ်၊

၂။ တေလဝိညာပနသိက္ခာပုဒ်၊

၃။ မဓုဝိညာပနသိက္ခာပုဒ်၊

၄။ ဖာဏိတဝိညာပနသိက္ခာပုဒ်၊

၅။ မစ္ဆဝိညာပနသိက္ခာပုဒ်၊

၆။ မံသဝိညာပနသိက္ခာပုဒ်၊

၇။ ခီရဝိညာပနသိက္ခာပုဒ်၊

၈။ ဒဓိဝိညာပနသိက္ခာပုဒ်တို့တည်း။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဘိက္ခုနီပါတိမောက်၌လာသော သိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရေတွက်ပုံ။**

(၁) ပါရာဇိကသိက္ခာပုဒ် (၈)ခု

(၂) သံဃာဒိသိသ်သိက္ခာပုဒ် (၁၇)ခု၊

(၃) နိဿဂ္ဂိပါစိတ်သိက္ခာပုဒ် (၃၀)ခု၊

(၄) သုဒ္ဓပါစိတ်သိက္ခာပုဒ် (၁၆၆)ခု၊

(၅) ပါဋိဒေသနီသိက္ခာပုဒ် (၈)ခု၊

(၆) သေခိယသိက္ခာပုဒ် (၇၅)ခု၊

(၇) အဓိကရဏသမထသိက္ခာပုဒ် (၇)ခု၊

ပေါင်း (၃၁၁)ခု။ (၁၃၃၀-ခု အလတ်တန်း)

❑ **ဘိက္ခုနီပါတိမောက် သိက္ခာပုဒ် (၃၁၁)ပုဒ်တွင် အလယ်တည့်တည့်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိရေးပါ။**

ပဌမသဟသေယျ သိက္ခာပုဒ်ကို ပါဠိရေးပါ။

(၁၃၆၆-ခု အကြီးတန်း)

http://www.dhammadownload.com

# အာပတ္တိဝိနိစ္ဆယမေးခွန်း

- အောက်ပါရဟန်းများအား သင့်သောအာပတ်ကို သိက္ခာပုဒ် ထောက်၍ ဆုံးဖြတ်ပါ။

(က) ဆွမ်းခံအတူသွားဖက် အဖော်ရဟန်းအား မနှစ်သက်၍ အကြောင်းမရှိဘဲ လမ်းခွဲပြန်လွှတ်သော ရဟန်း၊

(ခ) ဆွေမျိုးမတော်သည့် အမျိုးသမီးနှင့်အတူ မြန်ပြည့်အနှံ့ ခရီးဆန့်လှည့်လည်သောရဟန်း။

(က) ဥယျောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ခ) သံဝိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(၁၃၆၆–ခု အငယ်တန်း)

http://www.dhammadownload.com



❑ ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သော အာပတ်များကို သိက္ခာပုဒ်ပြ၍ ဖြေဆိုပါ။

(က) သိမ်ဆင်း၊ ဆွမ်းကြီးလောင်းပွဲစသည်၌ ဒါယိကာမတို့ ဖြန့်ခင်းထားသောဆံပင်များကို ကာယသံသဂ္ဂရာဖြင့် သာယာ၍ နင်းလျှောက်သောရဟန်း။

(ခ) သင်သည် ရဟန်းမဟုတ် ပဏ္ဍုက်ဟုစွပ်စွဲသော ရဟန်း။

(ဂ) ကရဝိတ်နန်းတော်ဆောင်သို့ သွားရောက်ကြည့်ရှုသော ရဟန်းမ။

(ဃ) ပေါင်အရင်း၌ပေါက်နေသောအနာကို ရဟန်းမချင်း အသိမပေးဘဲ ဆရာဝန်နှင့်တစ်ယောက်ချင်း ခွဲစိပ်ကုသသော ရဟန်းမ။

(င) အိပ်ရာတစ်ခုတည်း၌ (၂)ယောက်အတူတူ ယှဉ်တွဲအိပ်သောရဟန်းမ။

(က) သံဃာဒိသေသ်အာပတ်၊ ကာယသံသဂ္ဂ သိက္ခာပုဒ်။

(ခ) သံဃာဒိသေသ်အာပတ်၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ်။

(ဂ) ပါစိတ်အာပတ်၊ ရာဇာဂါရ သိက္ခာပုဒ်။

(ဃ) ပါစိတ်အာပတ်၊ ပသာခေ ဇာက သိက္ခာပုဒ်။

http://www.dhammadownload.com



(င) ပါစိတ်အာပတ်၊ ကေမဋ္ဌတုဝဋ္ဋန သိက္ခာပုဒ်။

(၁၃၆၈-ခု အလတ်တန်း)

❑ အောက်ပါရဟန်းတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေပါ။

(က) ရဟန်းတစ်ပါးကို အမူလကပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း။

(ခ) ရဟန်းတစ်ပါးကို အမူလက သံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲသောရဟန်း။

(ဂ) ဘိက္ခုနီမနှင့်တိုင်ပင်၍ ခရီးသွားသောရဟန်း။

(ဃ) မာတုဂါမနှင့် တိုင်ပင်၍ ခရီးသွားသောရဟန်း။

(င) လင်မယား(၂)ယောက်သာ ရှိသောအိမ်၌ တိုးဝှေ့နေထိုင်သောရဟန်း။

(က) သံဃာဒိသေသ်အာပတ်-ဒုဋ္ဌဒေါသသိက္ခာပုဒ်

(ခ) ပါစိတ်အာပတ်-အမူလကသိက္ခာပုဒ်။

(ဂ) ပါစိတ်အာပတ်-ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်။

(ဃ) ပါစိတ်အာပတ်-သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်။

(င) ပါစိတ်အာပတ်-သပ္ပါဏကဝဂ် သဘောဇနသိက္ခာပုဒ်။

(၁၃၆၈-ခု အလတ်တန်း)

http://www.dhammadownload.com



❑ (က) မိဘသေ၍ ရင်ဘတ်စည်တီးငိုသော ဘိက္ခုနီမ။

(ခ) ပစ္စည်းဥစ္စာပျောက်၍ ငိုသောဘိက္ခုနီမ။

(ဂ) ဝေဒနာနှိပ်စက်၍ ငိုသော ဘိက္ခုနီမတို့အား သင့်ရောက်သောအာပတ်တို့ကို မှန်ကန်စွာ ဆုံးဖြတ်ပါ။

(က) ပါစိတ်။

(ခ) အနာပတ္တိ။

(ဂ) အာပတ်။ (၁၃၆၈–ခု အလတ်တန်း)

❑ အောက်ပါရဟန်းမိန်းမတို့အား သင့်နိုင်သောအာပတ် အသီးသီးကို သိက္ခာပုဒ်ညွှန်း၍ ဖြေဆိုပါ။

(က) ရဟန်းရှိသောကျောင်းတွင်းသို့ မပန်ကြားဘဲ ဝင်သော ရဟန်းမိန်းမ။

(ခ) ရဟန်း၏ရှေ့၌ မပန်ကြားဘဲထိုင်သော ရဟန်း မိန်းမ။

(ဂ) ရဟန်းအား ရေရွတ်ဆဲရေးသော ရဟန်းမိန်းမ။

(ဃ) လူမှုကိစ္စကို ဆောင်ရွက်သော ရဟန်းမိန်းမ။

(က) အာရာမဝဂ် အာရာမပဝိသန သိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



(ခ) ဆတ္တုပါဟနဝဂ် အနာပုစ္ဆာသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) အာရာမဝဂ်ဘိက္ခုနိအက္ကောသနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဃ) စိတ္တာဂါရဝဂ် ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၁-ခု အလတ်တန်း)

❑ **အောက်ပါရဟန်းမိန်းမတို့အား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များသင့်သည်ကို ဖော်ပြပါ။**

**(က) ပိုးပန်းသည့်သဘောဖြင့် ပေးလှူသောယောကျာ်း၏ ဆွမ်းကိုရာဂဖြင့် စွတ်စိုလျက်ခံယူသော ရဟန်း မိန်းမ။**

**(ခ) ညဉ့်အခါ အဖော်မပါ တစ်ယောက်တည်းအိပ်သော ရဟန်းမိန်းမ။**

**(ဂ) အေးသောအခါ ခြုံရန် ကျပ်နှစ်ဆယ်တန်ခြုံထည်ကို တောင်းသောရဟန်းမိန်းမ။**

**(ဃ) ခုတင်တစ်ခုတည်း၌ နှစ်ယောက်အတူ အိပ်သော ရဟန်းမိန်းမ။**

**(င) အမျိုး၌ ဝန်တိုသော ရဟန်းမိန်းမ။**

(က) ဘောဇနေပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။

http://www.dhammadownload.com



(ခ) ကောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။

(ဂ) ဂရုပါဝုရဏာသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ဃ) ကေမဥ္စတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) ကုလမစ္ဆရိနီသိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၃၄-ခု အလတ်တန်း)

၁ **အောက်ပါဘိက္ခုနီမတို့အား သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲ၍ဖြေဆိုခဲ့ပါ။**

**(က) သပိတ်စုဆောင်းသော ဘိက္ခုနီမ။**

**(ခ) အကာလစီဝရကို ကာလစီဝရဟု ဆောက်တည်၍ ဝေဖန်သော ဘိက္ခုနီမ။**

**(ဂ) မိုင်းငင်၍ လူမှုကိစ္စကို ဆောင်ရွက်သော ဘိက္ခုနီမ။**

**(ဃ) ရဟန်းယောကျ်ားရှိသည်ကိုသိလျက် အရံတွင်းသို့ ဝင်သော ဘိက္ခုနီမ။**

**(င) ဂိုဏ်းဂဏကိုဆဲရေးသော ဘိက္ခုနီမ။**

(က) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ခ) အကာလစီဝရဘာဇနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်။

(ဂ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



(ဃ) အာရာမပဝိသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) ဂဏပရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၄၀-ခု အလတ်တန်း)

❑ **(က) ထီးဆောင်းသော ဘိက္ခုနီ၊**

**(ခ) ထီးဆောင်း ဖိနပ်စီးသော ဘိက္ခုနီ၊**

**(ဂ) ထီးဆောင်းသော ဘိက္ခု၊**

**(ဃ) လက်ပတ်နာရီပတ်သော ဘိက္ခုနှင့် ဘိက္ခုနီမတို့၏ အာပတ်ကို ဖော်ပြပါ။**

(က) ဒုက္ကဋ်၊

(ခ) ပါစိတ်၊

(ဂ) ဒုက္ကဋ်၊

(ဃ) ဘိက္ခုအား ဒုက္ကဋ်၊ ဘိက္ခုနီမအား ပါစိတ်။

(၁၃၄၁-ခု အလတ်တန်း)

❑ **အောက်ပါရဟန်းမိန်းမတို့အား သင့်သောအာပတ်များကို သိက္ခာပုဒ်ညွှန်ပြ၍ ဖြေဆိုပါ။**

**(က) ရဟန်းရှိသောကျောင်းသို့ မပန်ကြားပဲ ဝင်ရောက်သော ရဟန်းမိန်းမ။**

http://www.dhammadownload.com



**(ခ) ရဟန်း၏ရှေ့၌ မပန်မကြားပဲထိုင်သော ရဟန်း မိန်းမ။**

**(ဂ) ရဟန်းအား ရေရွတ်ဆဲရေးသော ရဟန်းမိန်းမ။**

**(ဃ) လူတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်သော ရဟန်း မိန်းမ။**

**(င) ညဉ့်အခါ အဖော်မပါတစ်ယောက်တည်း အိပ်သော ရဟန်းမိန်းမ။**

(က) အာရာမပဝိသန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ခ) အနာပုစ္ဆာသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ဘိက္ခုအက္ကောသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) ဧကေဂါမန္တရဂမန သိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်။

(၁၃၆၁–ခု အလတ်တန်း)

❑ **အောက်ပါရဟန်း၊ရဟန်းမတို့အား သင့်ရောက်သော အပြစ်ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။**

**(က) အကြောင်းမရှိဘဲ စစ်တပ်ကိုသွားကြည့်သော ရဟန်း။**

http://www.dhammadownload.com



(ခ) ခြင်၊ ကြမ်းပိုး၊ ကြွက်တို့ကို ရက်စက်စွာ သတ်ဖြတ်သော ရဟန်း။

(ဂ) မြို့ ရွာ၌ ကျယ်လောင်စွာ ရယ်မောသောရဟန်း။

(ဃ) လဲလှယ်ပြီးသင်္ကန်းကို ပြန်လုယူသော ရဟန်း။

(င) ကြက်သွန်ဖြူကို အစိမ်းလိုက်စားသော ရဟန်း။

(က) ပါစိတ်အာပတ်– ဥယျုတ္တသေနာ သိက္ခာပုဒ်။

(ခ) ပါစိတ်အာပတ်– သဥ္စိစ္စသိက္ခာပုဒ်။

(ဂ) ဒုက္ကဋ်အာပတ်– ဥဇ္ဇဂ္ဃိက သိက္ခာပုဒ်။

(ဃ) နိဿဂ္ဂိပါစိတ်အာပတ်–စီဝရပရိဝတ္တန သိက္ခာပုဒ်။

(င) ပါစိတ်အာပတ်–လသုဏ သိက္ခာပုဒ်။

- အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်ကာ ဖြေဆိုခဲ့ပါ။

(က) ပေးပြီးသောသင်္ကန်းကို ပြန်လုယူသော ရဟန်း။

(ခ) ရဟန်းတစ်ပါးကို ခြောက်လှန့်သောရဟန်း။

(ဂ) ညဉ့်၌ အဖော်ရဟန်းတို့နှင့်ကင်း၍ နေသော ရဟန်းမ။

(ဃ) ပန်းဥယျာဉ်ကို သွားကြည့်သော ရဟန်းမ။

(င) ဖေဒင်သင်တန်းပို့ချသော ရဟန်းမ။

http://www.dhammadownload.com



(က) နိဿဂ္ဂိယပါစိတ်အာပတ်-စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ်။

(ခ) ပါစိတ်အာပတ်-ဘိံသာပနသိက္ခာပုဒ်။

(ဂ) သံဃာဒိသေသ်အာပတ်-ကောဂါမန္တရဂမန သိက္ခာပုဒ်။

(ဃ) ပါစိတ်အာပတ် - ရာဇာဂါရ သိက္ခာပုဒ်။

(င) ပါစိတ်အာပတ်-တိရစ္ဆာနဝိဇ္ဇာ ဝါစနသိက္ခာပုဒ်။

❑ **အောက်ပါရဟန်း၊ ရဟန်းမိန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။**

**(က) မအပ်သောနည်းဖြင့် မိမိသပိတ်ကို ဈေးသည်ဖိနပ်နှင့် လဲလှယ်သောရဟန်း။**

**(ခ) အဖော်ရဟန်း၏ ခါးပန်းကြိုးကို ရယ်မြူးလိုသော စိတ်ဖြင့် ဝှက်ထားသောရဟန်း။**

**(ဂ) ညဉ့်အခါ၌ အဖော်နှင့်ကင်းပြီးနေသော ရဟန်းမ။**

**(ဃ) လေးကံသထက် အလွန်အဖိုးထိုက်သော ခြုံထည်ကို တောင်းသော ရဟန်းမ။**

**(င) ယူဇနာဝက်အတွင်း ရဟန်းယောကျာ်း မရှိသော ကျောင်း၌ ဝါကပ်သော ရဟန်းမ။**

http://www.dhammadownload.com



(က) ကယဝိက္ကယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ခ) အပနိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ဧကောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်။

(ဃ) ဂရုပါဝုရဏသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(င) အဘိက္ခုကာဝါသ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၁-ခု အလတ်တန်း)

❑ **အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမိန်းမတို့အား သိက္ခာပုဒ် ထောက်ပြ၍ အာပတ်ဆုံးဖြတ်ပါ။**

**(က) ပြောဆိုဆုံးမရခက်သော ရဟန်း။**

**(ခ) မိမိသပိတ်အသစ်ရှိနေပါလျက် သပိတ်တောင်းသော ရဟန်း။**

**(ဂ) တပည့်ရဟန်းကို စိတ်ဆိုးပြီးရိုက်သော ရဟန်း။**

**(ဃ) နှစ်ယောက်အတူ စောင်ခြုံသော ရဟန်းမိန်းမ။**

**(င) ရဟန်းကို ဆဲဆိုသော ရဟန်းမိန်းမ။**

(က) ဒုဗ္ဗစ သိက္ခာပုဒ်အရ သံဃာဒိသိသ်။

(ခ) ဦနပဉ္စဗန္ဓန သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

http://www.dhammadownload.com



(ဂ) ပဟာရသိက္ခာပုဒ်အရ ပါစိတ်။

(ဃ) ကေတ္တရဏာ တုဝဋ္ဋန သိက္ခာပုဒ်အရ ပါစိတ်။

(င) ဘိက္ခုအက္ကောသန သိက္ခာပုဒ်အရ ပါစိတ်။

(၁၃၆၁-ခု အလတ်တန်း)

❑ **အောက်ပါရဟန်းမိန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်ညွှန်း၍ ဖြေဆိုပါ။**

**(က) ရဟန်းရှိသောကျောင်းတွင်းတွင်းသို့ မပန်ကြားပဲ ဝင်သောရဟန်းမ။**

**(ခ) ရဟန်းတို့၏ရှေ့၌ မပန်ကြားပဲထိုင်သော ရဟန်းမ။**

**(ဂ) ရဟန်းတို့အား ရေရွတ်ဆဲရေးသော ရဟန်းမ။**

**(ဃ) လူမှုကိစ္စကို ဆောင်ရွက်သော ရဟန်းမ။**

**(င) အမျိုး၌ဝန်တိုသော ရဟန်းမ။**

(က) အာရာမပဝိသန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ခ) အနာပုစ္ဆာ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ဘိက္ခုအက္ကောသန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



(င) ကုလမစ္ဆရိနီ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၁-ခု အလတ်တန်း

❑ **အောက်ပါဘိက္ခုနီတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲဖော်ပြပါ။**

**(က) ထောပတ်ကိုတောင်းပြီး၍ ဆီကိုတောင်းသော ဘိက္ခုနီ။**

**(ခ) သိလျက် သံဃိကလာဘ်ကို ညွှတ်စေသော ဘိက္ခုနီ။**

**(ဂ) မိမိကိုယ်ကို ထု၍ ငိုသောဘိက္ခုနီ။**

(က) အညဝိညာပန သိက္ခာပုဒ် - နိဿဂ္ဂိပါစိတ်။

(ခ) ပရိဏတ သိက္ခာပုဒ် - နိဿဂ္ဂိပါစိတ်, ပရိဏာမန သိက္ခာပုဒ် သုဒ္ဓပါစိတ်။

(ဂ) ရောဒနသိက္ခာပုဒ် - သုဒ္ဓပါစိတ် သင့်ပါသည်။

(၁၃၆၁-ခု အလတ်တန်း)

❑ **အောက်ပါရဟန်း ၊ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်ကို သိက္ခာပုဒ်ထောက်၍ တိကျစွာ ဆုံးဖြတ်ခဲ့ပါ။**

**(က) ဗေဒင်ဟော၍ ဆေးကုသောရဟန်း။**

**(ခ) ရင်စည်းတဘက်မပါဘဲ ရွာထဲသို့ဝင်သော ရဟန်းမိန်းမ။**

http://www.dhammadownload.com



(ဂ) ဆွေမျိုးမတော် ဘိက္ခုနီမထံ သင်္ကန်းလဲလှယ်သော ရဟန်း။

(က) ကုလဒူသက သိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်။

(ခ) အသံကစ္စိက သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) စီဝရဒါန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်။

(၁၃၆၁–ခု အလတ်တန်း)

❑ အောက်ပါရဟန်းမိန်းမတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဆုံးဖြတ်ချက်ချ ခဲ့ပါ။

(က) သိလျှက်နှင့် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းထားသော ရဟန်းမိန်းမ။

(ခ) မိမိသင်္ကန်းကို မှီမတက်အောင် ငါးရက်တစ်ကြိမ် မဝတ်ရုံ နေမလှန်းသော ရဟန်းမ။

(ဂ) စိတ်ဆိုးပြီး ဘိက္ခုနီသံဃာကို "သည်ကောင်မတွေ အမိုက်တွေပဲ" ဟု ခြိမ်းခြောက်သော ရဟန်းမိန်းမ။

(ဃ) ရဟန်းယောက်ျားထံသို့ လခွဲတစ်ကြိမ် ဥပုသ် ပဝါရဏာပြုဖို့ရန် မသွားသော ရဟန်းမိန်းမ။

(င) နားဆွဲ တန်ဆာဝတ်သော ရဟန်းမိန်းမ။

http://www.dhammadownload.com



(က) ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်ဖြင့် ပါရာဇိက။

(ခ) သဉ္စာရိတ္တ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ဂဏပရိဘောဂ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ဩဝါဒူပသင်္ကမန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) ဣတ္ထာလင်္ကာရ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၁-ခု အလတ်တန်း)

❑ အောက်ပါရဟန်း၊ ရဟန်းမိန်းမတို့အား သင့်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖြေဆိုခဲ့ပါ။

(က) ပိုးကြေးပန်းကြေးတို့ဖြင့် အပျိုမအား ပန်းပေးသော ရဟန်း။

(ခ) ရဟန်းတစ်ပါးအား ထိုးကြိတ်ရန် လက်သီးရွယ်သော ရဟန်း။

(ဂ) ရာဂစိတ်ရှိသော ယောကျာ်း၏ဆွမ်းကိုစားသော ရဟန်းမ။

(ဃ) သူတစ်ပါးအား အပါယ်ငရဲဖြင့် ကျိန်ဆိုသော ရဟန်းမ။

(င) လူမိန်းမကို နှိပ်သော ရဟန်းမ။

http://www.dhammadownload.com



(က) ကုလဒူသက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

(ခ) တလသတ္တိက သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(ဂ) ဘောဇနေပဋိဂ္ဂဟဏ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။

(ဃ) ပရအဘိသပန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(င) ဂိဟိနီ ဥမ္မဒ္ဒါပနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်

(၁၃၆၂-ခု အလတ်တန်း)

❑ **ဖော်ပြပါရဟန်း၊ ရဟန်းမများ သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ပါငြိ ပြည့်စုံအောင် ထောက်ပြဖြေဆိုပါ။**

**(က) ပိုးရှိသော ရေကိုသုံးဆောင်သောရဟန်း။**

**(ခ) ဟင်းများများရလို၍ ဟင်းကို ဆွမ်းဖြင့် ဖုံးထားသော ရဟန်း။**

**(ဂ) ဆွမ်းလုတ်ကို ကိုက်ဖြတ်၍စားသော ရဟန်း။**

**(ဃ) ချည်ငင်၍ လူမှုကိစ္စကူညီသော ရဟန်းမ။**

**(င) နံ့သာထုံအပ်သော နှမ်းမုန့်ညက်ဖြင့် ရေချိုးသော ရဟန်းမ။**

(က) ပါစိတ်အာပတ်။ ယော ပန ဘိက္ခု ဇာနံ သပ္ပါဏကံ ဥဒကံ ပရိဘုဉ္ဇေယျ၊ ပါစိတ္တိယံ။

http://www.dhammadownload.com



(ခ) ဒုက္ကဋ်။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

(ဂ) ဒုက္ကဋ်။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။

(ဃ) ပါစိတ်။ ယာ ပန ဘိက္ခုနီ သုတ္တံ ကန္တေယျ၊ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ ဂိဟိဝေယျာဝစ္စံ ကရေယျ၊ ပါစိတ္တိယံ။

(င) ပါစိတ်။ ယာ ပန ဘိက္ခုနီ ဝါ သိတကေန ပိညာကေန နဟာယေယျ၊ ပါစိတ္တိယံ။

(၁၃၆၂-ခု အလက်တန်း)

❑ **အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမိန်းမများအား သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြပါ။**

**(က) အခါမဟုတ်ဘဲ အမျိုးမတော်သော ဒါယကာထံ သက်န်းတောင်းသောရဟန်း။**

**(ခ) ကိုယ်တိုင်ချည်တောင်းပြီး ယက်ကန်းသည်ကို ယက်စေသော ရဟန်း။**

http://www.dhammadownload.com



**(ဂ) သမ္မုတိမရဘဲ ဘိက္ခုနီမတို့ကို ဆုံးမသောရဟန်း။**

**(ဃ) နှစ်စဉ်ပဝါရာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းမ။**

**(င) တစ်နှစ်(၂)ပါး ဥပဝါရာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းမ။**

(က) အညာတက ဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ် အာပတ်။

(ခ) သုတ္တဝိညတ္တိ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(ဂ) ဩဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(ဃ) အနုဝဿသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(င) ဧကဝဿသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(၁၃၆၂–ခု အလတ်တန်း)

❑ **အောက်ပါရဟန်းမိန်းမတို့အား သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။**

**(က) အပေါင်းအဖော်မှ တစ်ယောက်တည်း ချန်နေရစ်ခဲ့သော ရဟန်းမိန်းမ။**

**(ခ) အကာလသင်္ကန်းကို ကာလသင်္ကန်းဆောက်တည်၍ ဝေဖန်စေသော ရဟန်းမိန်းမ။**

http://www.dhammadownload.com



**(ဂ) ခေတ်မီ ရက္ခဗေဒ ဥယျာဉ်သို့သွား၍ကြည့်သော ရဟန်းမိန်းမ။**

**(ဃ) ဆွမ်းစားနေသော ရဟန်း၏အနီး၌ ယပ်ခတ်ပေး၍ အဖျော်ရည်ကပ်သော ရဟန်းမိန်းမ။**

**(င) ရဟန်းယောကျာ်း၏ရှေ့၌ ခွင့်မတောင်းဘဲထိုင်သော ရဟန်းမိန်းမ။**

(က) ဧကေဂါမန္တရဂမန သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။

(ခ) အကာလစီဝရ ဘာဇနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်။

(ဂ) ရာဇာဂါရ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ဥပတိဋ္ဌန သိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) အနာပုစ္ဆာ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၂-ခု အလတ်တန်း)

- **အောက်ပါဘိက္ခု၊ ဘိက္ခုနီမတို့အား သင့်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖော်ပြပါ။**

**(က) သံဃာသို့ညွတ်ပြီးသော သံဃိကဥစ္စာကို မိမိအား ညွတ်စေသော ရဟန်း။**

http://www.dhammadownload.com



**(ခ) သံဃာသို့ညွှတ်ပြီးသော သံဃိကဥစ္စာကို သူတစ်ပါး အား ညွှတ်စေသောရဟန်း။**

**(ဂ) မိမိ၊ သူတစ်ပါးကို ငရဲဖြင့် ကျိန်ဆဲသောရဟန်းမ။**

**(ဃ) ရဟန်းယောကျ်ားနှင့် မနီးသောကျောင်း၌ ဝါဆိုသော ရဟန်းမ။**

**(င) အမိအဖ၊ လင်ယောကျ်ားတို့၏ ခွင့်ပြုချက်မရသော သိက္ခမာန်ကို ရဟန်းခံပေးသော ရဟန်းမ။**

(က) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(ခ) ပရိဏာမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(ဂ) ပရအဘိသပနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(ဃ) အဘိက္ခုကာဝါသသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် အာပတ်။

(င) အနနုညာတသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်။

(၁၃၆၂–ခု အလတ်တန်း)

❑ **အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်ဖော်ပြ၍ ဖြေဆိုပါ။**

**(က) တစ်ယောက်တည်း မြစ်တစ်ဘက်သို့ ကူးသွားသော ဘိက္ခုနီ။**

http://www.dhammadownload.com



**(ခ) သပိတ်ကို သိုမှီးသိမ်းဆည်းထားသော ဘိက္ခုနီ။**

**(ဂ) ရဟန်းယောက်ျားကို ဆဲရေးသော ဘိက္ခုနီ။**

**(ဃ) ခါးထောက်၍ မြို့ထဲရွာထဲသွားသော ရဟန်းယောက်ျား။**

**(င) ပိုးချည်နှင့်ရောသော အခင်းကိုပြုလုပ်သော ရဟန်းယောက်ျား။**

(က) ဧကေါမဌ္ဌ ရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ အာပတ်။

(ခ) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်။

(ဂ) ဘိက္ခုအက္ကောသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် အာပတ်။

(ဃ) ခမ္ဘကတသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

(င) ကောသိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်။ (၁၃၆၂-ခု အလတ်တန်း)

❑ **အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သော အပြစ်များကို သိက္ခာပုဒ်နှင့် တွဲစပ်ဖြေဆိုပါ။**

http://www.dhammadownload.com



(က) ငွေစုဘဏ်စာအုပ်ကို လာလှူသည်ကို ဝမ်းသာစွာ လက်ခံသောရဟန်း။

(ခ) လောကီလိုင်းအလုပ်လုပ်၍ ဓမ္မဝိနယနှင့်အညီ ပြောဆိုလာသည်ကို မနှာခံသောရဟန်း။

(ဂ) မှောင်ခိုသမားနှင့်တိုင်ပင်၍ ခရီးအတူသွားသော ရဟန်း။

(ဃ) ရတနာဆင်ဖြူတော်ဆောင်ကို သွားရောက်ကြည့်ရှုသော ရဟန်းမ။

(င) မွှေးဆပ်ပြာအသုံးပြု၍ ရေချိုးသော ရဟန်းမ။

(က) ရူပိယသိက္ခာပုဒ်ဖြင့် – နိဿဂ္ဂိပါစိတ်။

(ခ) အနာဒရိယသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။

(ဂ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။

(ဃ) ရာဇာဂါရသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။

(င) ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။

(၁၃၆၃–ခု အလတ်တန်း)

- ဖော်ပြပါရဟန်း, ရဟန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

http://www.dhammadownload.com



(က) ခင်မင်လို၍ အမျိုးသမီးအား ပန်းပေးသောရဟန်း။

(ခ) နေ့လွဲအခါ၌ ကျောင်းဘုဉ်းကြီးကို မပန်ပြောပဲ ရွာတွင်းသို့သွားသောရဟန်း။

(ဂ) အုတ်တံတိုင်းတစ်ဘက်သို့ စည်းကမ်းမဲ့စွာ အမှိုက်စွန့်သောရဟန်း။

(ဃ) ရင်ဘတ်ကိုထုလျက် ငိုကြွေးသောရဟန်းမ။

(င) ရင်စည်းတဘက်မပါဘဲ မြို့ရွာတွင်းဝင်သော ရဟန်းမ။

(က) ကုလဒူသကသိက္ခာပုဒ်ဖြင့် – ဒုက္កဋ်။

(ခ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(ဂ) ပဉ္စမဉစ္စာရဆဍ္ဍနသိက္ခာပုဒ်ဖြင့်–သုဒ္ဓပါစိတ်။

(ဃ) ရောဒနသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်။

(င) အသံကိစ္စိကာသိက္ခာပုဒ်ဖြင့် – သုဒ္ဓ ပါစိတ်။ (၁၃၆၃–ခု အလတ်တန်း)

❑ အောက်ပါရဟန်း၊ ရဟန်းမများအား သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြပါ။

http://www.dhammadownload.com



**(က) စိတ်ဆိုး၍ ပေးပြီးသောသင်္ကန်း ပြန်လုယူသော ရဟန်း။**

**(ခ) သံဃိကလာဘ်ကို ပုဂ္ဂလိကသို့ ညွှတ်စေသော ရဟန်း။**

**(ဂ) ထောပတ်အလှူခံပြီးမှ ဆီအလှူခံပြန်သော ရဟန်းမ။**

**(ဃ) သီချင်းဆိုပွဲသို့သွားသော ရဟန်းမ။**

**(င) ကျောင်းစောင်းတစ်ခုတည်း နှစ်ယောက်အတူ အိပ်သောရဟန်းမ။**

(က) စီဝရအစ္ဆိန္နသိက္ခာပုဒ်အရ – နိဿဂ္ဂိ ပါစိတ်။

(ခ) ပရိဏာမနသိက္ခာပုဒ်အရ – သုဒ္ဓပါစိတ်။

(ဂ) အညဝိညာပနသိက္ခာပုဒ်အရ– နိဿဂ္ဂိ ပါစိတ်။

(ဃ) နစ္စဂီတသိက္ခာပုဒ်အရ – သုဒ္ဓပါစိတ်။

(င) ဧကမဉ္စတုဝဋ္ဋနသိက္ခာပုဒ်အရ– သုဒ္ဓပါစိတ်။

(၁၃၆၃–ခု အလတ်တန်း)

❑ **အောက်ဖော်ပြပါ ရဟန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်ထောက်၍ ဖြေဆိုပါ။**

http://www.dhammadownload.com



(က) အမျိုးသမီးတစ်ယောက်အား နှင်းဆီပန်းပေးသော ရဟန်း။

(ခ) ပါးစပ်ထဲ၌ ဆွမ်းလုပ်ရှိနေစဉ် စကားပြောသော ရဟန်း။

(ဂ) နှစ်ဦးနှစ်ဝ အဝသုတဖြစ်လျက် ယောကျာ်း၏ လက်ဆွဲနှုတ်ဆက်မှုကို သာယာသောရဟန်းမ။

(ဃ) သပိတ်ကိုသိမ်းသော ရဟန်းမ။

(င) တရားသဖြင့် သပိတ်ဝေဖန်မှုကို တားမြစ်သော ရဟန်းမ။

(က) ကုလဒူသက - သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။
(ခ) သကဗဠသိက္ခာပုဒ်ဖြင့် - ဒုက္ကဋ်။
(ဂ) အဝဿုတထြကာသိက္ခာပုဒ်ဖြင့် -ထုလ္လစ္စည်း။
(ဃ) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့်-နိဿဂ္ဂိပစ္စည်း။
(င) ပဋိဗာဟနသိက္ခာပုဒ်ဖြင့် -သုဒ္ဓပါစိတ်။

(၁၃၆၃-ခု အလတ်တန်း)

❑ အောက်ပါရဟန်းမများအား သင့်ရောက်သောအာပတ်များကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။

http://www.dhammadownload.com



(က) အဖော်မပါတစ်ကိုယ်တည်း မြစ်တစ်ဖက်သို့သွားသော ရဟန်းမ။

(ခ) ထောပတ်ကိုတောင်းပြီး နောက်တစ်ဖန်ဆီကို တောင်းပြန်သောရဟန်းမ။

(ဂ) ကာရာအိုကေနားထောင်ရန်သွားသော ရဟန်းမ။

(ဃ) ရေချိုးခန်းတွင် အမေမွေးတိုင်းသောအသွင်ဖြင့် ရေချိုးသောရဟန်းမ။

(င) ကျန်းမာလျက် ရထားစီး၍ ခရီးထွက်သော ရဟန်းမ။

(က) သံဃာဒိသေသ်- ဧကဂါမန္တရဂမန သိက္ခာပုဒ်၊

(ခ) နိဿဂ္ဂိပါစိတ်- အညဝိညာပန သိက္ခာပုဒ်။

(ဂ) သုဒ္ဓပါစိတ် - နစ္စဂီတသိက္ခာပုဒ်။

(ဃ) သုဒ္ဓပါစိတ် - နဂ္ဂသိက္ခာပုဒ်။

(င) သုဒ္ဓပါစိတ် - ယာနသိက္ခာပုဒ်။

(၁၃၆၃-ခု အလတ်တန်း)

❑ အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖြေဆိုပါ။

http://www.dhammadownload.com



(က) သံဃာအချင်းချင်း မညီညွတ်ရန် ပြုလုပ်သော ရဟန်း။

(ခ) သံဃိကလာဘ်ကို ပုဂ္ဂိုလ်တစ်ပါးသို့ ညွတ်စေသော ရဟန်း။

(ဂ) အဖော်နှင့်ခွဲ၍ တစ်ယောက်တည်းနေသော ရဟန်းမ။

(ဃ) ချဲ့ဂဏန်းအတွက် အတတ်ကိုသင်ယူသော ရဟန်းမ။

(င) ရဟန်းယောကျ်ားကို ခြိမ်းခြောက်သော ရဟန်းမ။

(က) သဃာဒိသေသ် – သံဃဘေဒက သိက္ခာပုဒ်။

(ခ) သုဒ္ဓပါစိတ် – ပရိဏာမန သိက္ခာပုဒ်

(ဂ) သံဃာဒိသေသ် – ဧကဂါမန္တရ ဂမန သိက္ခာပုဒ်။

(ဃ) သုဒ္ဓပါစိတ် – တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏန သိက္ခာပုဒ်။

(င) သုဒ္ဓပါစိတ် – ဘိက္ခုအက္ကောသန သိက္ခာပုဒ်။

(၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ဖော်ပြပါဘိက္ခု၊ ဘိက္ခုနီတို့၌ သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ပြ၍ ဖော်ပြပါ။

(က) ဆက်ဆံရေး အဆင်ပြေစဥ်က ပေးထားသော သင်္ကန်းကို မပြေသောအခါ တစ်စုံတစ်ယောက်ကို လွှတ်၍ ယူခိုင်းသော ရဟန်း။

(ခ) နှစ်ဦးအတာရေသကြီးန်၌ ရေကစားသော ရဟန်း။

(ဂ) လည်တိုင်အထိ ရေထဲရောက်မှ သင်းပိုင်ကိုချွတ်၍ ဦးခေါင်းပေါ်တင်ကာ ရေချိုးသော ဘိက္ခုနီ။

(ဃ) လူဝတ်ကြောင်ဘဝက ယက္ကန်းချည်ငင် ဝါသနာအစဥ်ပါလာသောကြောင့် တစ်ရံတစ်ခါ ချည်ငင်တတ်သော ဘိက္ခုနီ။

(က) စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်ဖြင့် – နိဿဂ္ဂိ ပါစိတ်။

(ခ) ဟာသဓမ္မသိက္ခာပုဒ်ဖြင့် – ဒုက္ကဋ်။

(ဂ) နဂ္ဂသိက္ခာပုဒ်ဖြင့် – ပါစိတ်။

(ဃ) သုတ္တကန္တနသိက္ခာပုဒ်ဖြင့် – ပါစိတ်။

(၁၃၆၄–ခု အလတ်တန်း)

F-18B

http://www.dhammadownload.com



❑ အောက်ပါရဟန်း၊ ရဟန်းမများအား သင့်ရောက်သော အာပတ်ကို သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ချက်ချပါ။

(က) ပြောမရ ဆိုမရ မိုက်မဲလှသော ရဟန်း။

(ခ) သင်းပိုင်ပျောက်သွားသဖြင့် ဆွေမျိုးမတော်သော ဒါယိကာမအား နှစ်ထပ်သင်္ကန်းကြီးတောင်းသော ရဟန်း။

(ဂ) ဆွမ်းဟင်းပေကျံသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်သောရဟန်း။

(ဃ) ယောကျာ်း၏ ခါးဖက်မှုကို သာယာသော ရဟန်းမ။

(င) ကလေးပေါက်စအမေကို ရဟန်းခံပေးသော ရဟန်းမ။

(က) ဒုဗ္ဗစသိက္ခာပုဒ်အရ သံဃာဒိသေသ်၊ သဟဓမ္မိကသိက္ခာပုဒ်အရ ပါစိတ်။

(ခ) တတုတ္တရိသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

(ဂ) ပါနီယတ္ထာလကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

(ဃ) ဥဗ္ဘဇာဏုမဏ္ဍလိကာသိက္ခာပုဒ်အရ ပါရာဇိက။

(င) ပါယန္တီသိက္ခာပုဒ်အရ ပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ပါပုဂ္ဂိုလ်တို့၌ သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

(က) နယ်စပ်ဂိတ်နှင့် အမြတ်ခွန်ဌာနတို့ကို ရှောင်လွဲလျက် နိုင်ငံရပ်ခြားမှ တီဗီစသော တန်ဖိုးကြီးပစ္စည်းများကို သယ်ဆောင်ယူနေသော ရဟန်း။

(ခ) သံဃာအား ရည်ညွှန်းထားသော ပစ္စည်းကို ပုဂ္ဂိုလ်သို့ လှူဒါန်းသော ရဟန်း။

(ဂ) ငရုပ်မျိုးစေ့ကို ကိုယ်တိုင်ဖျက်ဆီးသော ရဟန်း။

(ဃ) ရဟန်းခံပေးသော ဥပဇ္ဈာယ်မကို (၂)နှစ်ပြည့်အောင် မလုပ်ကျွေးသော ဘိက္ခုနီ။

(င) ငါး, အမဲတို့ကို တောင်းစားသော အဂိလာန ရဟန်း။

(က) အဒိန္နာဒါန သိက္ခာပုဒ်ကိုထောက်၍ ပါရာဇိက။

(ခ) ပရိဏာမနသိက္ခာပုဒ်ကိုထောက်၍ သုဒ္ဓပါစိတ်။

(ဂ) ဘူတဂါမ သိက္ခာပုဒ်ကိုထောက်၍ သုဒ္ဓပါစိတ်။

(ဃ) ပဝတ္တိနီနာနုဗန္ဓန သိက္ခာပုဒ်ကိုထောက်၍ သုဒ္ဓပါစိတ်။ (၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ပါတို့ကို သိက္ခာပုဒ်အမည်နှင့် တွဲစပ်၍ ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

(က) ဘိက္ခုနီမတို့ အမှိုက်မစွန့်ကောင်းသော နေရာများ။
(ခ) ဘိက္ခုနီမတို့ သွားရောက်၍ မကြည့်ရှုကောင်းသော နေရာများ။

(က) ပဉ္စမဥစ္စာရဆန္ဒ သိက္ခာပုဒ်အရ –

တိရောကုဋ္ဋ – နံရံတစ်ဖက်၊

တိရောပါကာရ–တံတိုင်းတစ်ဖက်။

(ခ) နစ္စဂီတသိက္ခာပုဒ်အရ–

နစ္စ– ကရာအရပ်၊

ဂီတ– သီဆိုရာအရပ်၊

ဝါဒိတ –တီးမှုတ်ရာအရပ်။

ရာဇာဂါရသိက္ခာပုဒ်–အရ

ရာဇာဂါရ – မင်း၏အိမ်တော်

စိတ္တာဂါရ – ဆန်းကြယ်သောအိမ်၊

အာရာမ – အာရာမ်၊

ဥယျာန – ဥယျာဉ်၊

http://www.dhammadownload.com



ပေါက္ခရဏီ - ရေကန်။

ဥယျုတ္တသေနာသိက္ခာပုဒ်အရ -

ဥယျုတ္တသေနာ မြို့ရွာမှ ထွက်ခွာသော စစ်တပ်။

ဥယျောဓိက သိက္ခာပုဒ်-အရ

ဥယျောဓိကံ -တက်၍တက်၍ ထိုးပစ် (စစ်တိုက်ရာ) အရပ်

ဗလဂ္ဂံ -စစ်သည်ဗိုလ်ပါ ရေတွက်ရာအရပ်၊

သေနာဗျူဟာ- စစ်ဆင်ရာအရပ်

အနီကဒဿန -ဆင်တပ်မြင်းတပ် စသည်ကို ကြည့်ရာအရပ်။ (၁၃၆၃-ခု အလတ်တန်း)

❑ **အောက်ပါရဟန်း ရဟန်းများအား သင့်ရောက်သော အပြစ်ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။**

**(က) မအပ်သောနည်းဖြင့် မိမိ၏သင်္ကန်းကို ဈေးသည်၏ ဖိနပ်နှင့် လဲလှယ်သော ရဟန်း။**

**(ခ) သီလရှင်နှင့်အတူ တိုင်ပင်နှီးနှောပြီး ရန်ကုန် ဘုရားဖူးကြွသော ရဟန်း။**

http://www.dhammadownload.com



(ဂ) ဂိလာနမဟုတ်ဘဲ မိမိအတွက် ဆွမ်းဟင်းကို တောင်းစားသော ရဟန်း။

(ဃ) မင်းစသည်ကို မပန်ကြားဘဲ ခိုးသူမကို ပဉ္စင်းခံပေးသော ရဟန်းမ။

(င) တစ်ယူဇနာဝင်အတွင်း ရဟန်းယောကျ်ားများ မရှိသောကျောင်း၌ ဝါကပ်သော ရဟန်းမ။

(က) ကယဝိက္ကယသိက္ခာပုဒ်ဖြင့် –နိဿဂ္ဂိ ပါစိတ်။

(ခ) သံဝိဓာနသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။

(ဂ) သုပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့်– သုဒ္ဓပါစိတ်။

(ဃ) စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်ဖြင့်–သံဃာဒိသေသ်။

(င) အဘိက္ခုကာဝါသိက္ခာပုဒ်ဖြင့် – သုဒ္ဓပါစိတ်။ (၁၃၆၃–ခု အလတ်တန်း)

❑ အောက်ဖော်ပြပါ ရဟန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်အမည်ညွှန်ပြ၍ ဖြေဆိုပါ။

(က) အကာလသင်္ကန်းကို ကာလသင်္ကန်းဟု ဆောက်တည်၍ ဝေဖန်သော ရဟန်းမ။

(ခ) ရဟန်းယောကျ်ားများ ဆွမ်းဘုဉ်းပေးနေစဉ် ယပ်လေခတ်သော ရဟန်းမ။

http://www.dhammadownload.com



(ဂ) ပွဲလမ်းသဘင်ကြည့်ရှုသော ရဟန်းမ။

(ဃ) မိမိရင်ကို ပုတ်၍ ပုတ်၍ ငိုသော ရဟန်းမ။

(င) တရားနှင့်စပ်ယှဉ်သော ကထိန်နှုတ်ခြင်းကို တားမြစ်သော ရဟန်းမ။

(က) ဘိက္ခုနီ ပတ္တဝဂ် အကာလစီဝရ သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်။

(ခ) ဘိက္ခုနီ လသုဏဝဂ် ဥပတိဋ္ဌန သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်။

(ဂ) ဘိက္ခုနီ လသုဏဝဂ် နစ္စဂီတ သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်။

(ဃ) ဘိက္ခုနီ ရတ္တန္ဓကာရဝဂ် ရောဒနသိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်။

(င) ဘိက္ခုနီ နဂ္ဂဝဂ် ကထိနုဒ္ဓါရ သိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်။ (၁၃၆၄–ခု အလတ်တန်း)

❑ အောက်ပါဘိက္ခု၊ ဘိက္ခုနီမများအား သင့်ရောက်အပ်သော အပြစ်တို့ကို ဖော်ပြခဲ့ပါ။

(က) ပစ္စုဒ္ဓိုရ်၍ မပြုရသေးသော သင်္ကန်းကို သုံးစွဲသော ရဟန်း။

http://www.dhammadownload.com



(ခ) လက်မဆေးဘဲ သောက်ရေခွက်ကိုင်သော ရဟန်း။

(ဂ) အဖော်မပါ တစ်ယောက်ထဲ မြစ်တစ်ဖက်ကမ်းသို့ သွားသော ရဟန်းမ။

(ဃ) ကပွဲသဘင် ကြည့်ရှုရန်သွားသော ရဟန်းမ။

(င) လူတို့၏ ကိစ္စကြီးငယ်ကို ပြုလုပ်ပေးသော ရဟန်းမ။

(က) ဝိကပ္ပနာသိက္ခာပုဒ်ဖြင့် - ပါစိတ်။

(ခ) ပါနီယထာလက သိက္ခာပုဒ်ဖြင့် - ဒုက္ကဋ်။

(ဂ) ဓောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် -သံဃာဒိသေသ်။

(ဃ) နစ္စဂီတသိက္ခာပုဒ်ဖြင့် - သုဒ္ဓပါစိတ်။

(င) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် -သုဒ္ဓပါစိတ်။

❑ ဖော်ပြပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သော အာပတ်ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲဖြေဆိုခဲ့ပါ။

(က) နှင်ထုတ်ခံရဟန်းနှင့် ပေါင်းသင်းဆက်ဆံမှုပြုသော ရဟန်း။

(ခ) ခိုးသူမမှန်းသိလျက် ပဉ္စင်းခံပေးသော ရဟန်းမ။

http://www.dhammadownload.com



(ဂ) ညောင်စောင်းတစ်ခု၌ နှစ်ယောက်အတူ အိပ်သော ရဟန်းမ။

(က) ဥက္ကိတ္တကသမ္ဘောဂ သိက္ခာပုဒ်အရ ပါစိတ်။

(ခ) စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်အရ သံဃာဒိသေသ်။

(ဂ) ဧကမဉ္စတုဝဋ္ဋန သိက္ခာပုဒ်အရ ပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

❑ ဖော်ပြပါ ဘိက္ခုနီမတို့အား မည်သည့်ဝဂ်၊ မည်သည့် သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်သည်ကို ဖြေဆိုပါ။

(က) ရန်ဖြစ်သောအခါ အခြားအခါတို့၌ မိမိကိုယ်ကို ထုရိုက်၍ ငိုသော ဘိက္ခုနီ။

(ခ) ဝါတွင်းကာလ၌ ခရီးသွားသော ဘိက္ခုနီမ။

(ဂ) ရဟန်းယောကျာ်း မရှိသောကျောင်း၌ ဝါကပ်သော ဘိက္ခုနီမ။

(က) ရတ္တန္ဓကာရဝဂ်၊ ရောဒနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ခ) တုဝဋ္ဋဝဂ်၊ အန္တောဝဿ သိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) အာရာမဝဂ်၊ အဘိက္ခုကာဝါသ သိက္ခာပုဒ် ဖြင့် ပါစိတ်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ပါရဟန်းတော်များနှင့် ရဟန်းမိန်းမများအား သင့်ရောက်ထိုက်သော အာပတ်အမည်တို့ကို သက်ဆိုင်ရာ သိက္ခာပုဒ်အမည်များနှင့် ယှဉ်တွဲဖော်ပြပါ။

(က) အဝတ်မဝတ်သော တက္ကဒွန်အား မိမိကိုယ်တိုင် ၄က်ပျောသီးပေးသော ရဟန်း။

(ခ) သေစေလိုသောစိတ်ဖြင့် ဝက်သတ်သော ရဟန်း။

(ဂ) သိလျက် သံဃိကလာဘ်ကို ပုဂ္ဂလိကလာဘ်ဖြစ်အောင် ပြုလုပ်သော ရဟန်း။

(ဃ) အဝတ်မပါ ဗလာကိုယ်တည်း ရေချိုးသော ရဟန်းမိန်းမ။

(င) လူတို့၏ ဝေယျာဝစ္စကို ကူညီဆောင်ရွက်ပေးသော ရဟန်းမိန်းမ။

(က) အစေလကသိက္ခာပုဒ်ဖြင့်- ပါစိတ်။

(ခ) သဉ္စိစ္စသိက္ခာပုဒ်ဖြင့် - ပါစိတ်။

(ဂ) ပရိဏာမန သိက္ခာပုဒ်ဖြင့်- ပါစိတ်။

(ဃ) နဂ္ဂသိက္ခာပုဒ်ဖြင့်- ပါစိတ်။

(င) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် - ပါစိတ်သင့်သည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❑ ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်မည့် အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖြေဆိုပါ။

(က) ရဟန်းမထံသို့သွား၍ သိုးမွေးအကျိုကို လျှော်ခိုင်းသော ရဟန်း။

(ခ) ကထိနသံဃိကလာဘ်ကို တစ်ခြားကျောင်းသို့ ရောက်စေသော ရဟန်း။

(ဂ) ဆွမ်းဘုဉ်းပေးနေသော ဆရာတော်ကြီးအနီး၌ ယပ တောင်ခတ်ပေးသော ရဟန်းမ။

(ဃ) အဖော်မပါ ချိန်းခါမဟုတ် အလုပ်လုပ်ရန် တိုင်းနိုင်ငံသို့ ထွက်သွားသော ရဟန်းမ။

(က) ပုရာဏစီဝရသိက္ခာပုဒ်ဖြင့်–ဒုက္ကဋ်။

(ခ) ပရိဏတသိက္ခာပုဒ်ဖြင့် – ဒုက္ကဋ်။

(ဂ) ဥပတိဋ္ဌာနသိက္ခာပုဒ်ဖြင့် – ပါစိတ်။

(ဃ) ရောဒနသိက္ခာပုဒ်ဖြင့် – ပါစိတ်။

(င) ကောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် – သံဃာဒိသေသ်။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ပါဘိက္ခုနီတို့အား အာပတ်ဖြင့် ဆုံးဖြတ်ခဲ့ပါ။

(က) ထောပတ်ကိုတောင်းပြီးမှ ဆီကိုပြောင်းလွဲ တောင်းပြန်သော ဂိလာနဘိက္ခုနီ။

(ခ) လက်နှစ်ချောင်း၏ လက်နှစ်ဆစ်နှိုက်၍ ရေဖြင့် စင်ကြယ်မှုကိုယူသော ဘိက္ခုနီ။

(ဂ) ရင်ကိုထု၍ ထု၍ ရန်တွေ့သော ဘိက္ခုနီ။

(က) အညစေတာပနသိက္ခာပုဒ် အနာပတ္တိဝါရ အရ ဂိလာနဘိက္ခုနီအား အာပတ်မသင့်။

(ခ) ဥဒကသုဒ္ဓိကသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ရောဒနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

❑ အောက်ပါဘိက္ခု ဘိက္ခုနီမတို့ သင့်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့်တွဲကာ ဖြေဆိုပါ။

(က) ဘိက္ခုနီလက်မှ သင်္ကန်းကိုခံယူသော ဘိက္ခု။

(ခ) အခါမဟုတ်ဘဲ ဘိက္ခုနီမကျောင်းသို့သွား၍ ဩဝါဒ ပေးနေသော ဘိက္ခု။

(ဂ) ညီညွတ်နေသောဘိက္ခု၊ ဘိက္ခုနီသံဃာကို ကွဲပြား အောင်ပြုသော ဘိက္ခုနီ။

http://www.dhammadownload.com



(ဃ) ဘိက္ခုမရှိသောကျောင်း၌ ဝါဆိုဝါကပ်သော ဘိက္ခုနီ။

(င) ဘိက္ခုကိုခွင့်မတောင်းဘဲ ပြဿနာမေးမြန်းသော ဘိက္ခုနီ။

(က) စိဝရပဋိဂ္ဂဟဏသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

(ခ) ဘိက္ခုနုပဿယသိက္ခာပုဒ်အရ ပါစိတ်။

(ဂ) သံဃာဘေဒကသိက္ခာပုဒ်အရ မိမိအပြုအမူ မစွန့်လျှင် သမနုဘာသန ကံသုံးကြိမ်အဆုံး၌ သံဃာဒိသေသ်။

(ဃ) အဘိက္ခုကာဝါသသိက္ခာပုဒ်အရ ပါစိတ်။

(င) ပဥှာပုစ္ဆနသိက္ခာပုဒ်အရ ပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

❑ ဖော်ပြပါရဟန်း၊ ရဟန်းမတို့၏ အပြစ်များကို သိက္ခာပုဒ်နှင့် ယှဉ်တွဲပြဆိုပါ။

(က) ရှင်သာမဏေအား သင်္ကန်းပေးပြီးမှ စိတ်ဆိုး၍ ပြန်လုယူသော ရဟန်း။

(ခ) ရှင်သာမဏေအား ခြောက်လှန့်သော ရဟန်း။

http://www.dhammadownload.com



(ဂ) ကာရာအိုကေဆိုင်သို့သွား၍ သီချင်းနားထောင်သော ရဟန်းမ။

(ဃ) ဖျားနာနေသော အတူနေတပည့်မကို မပြုစု မလုပ်ကျွေးသော ရဟန်းမ။

(င) လက်ပတ်နာရီပတ်သော ရဟန်းမ။

(က) စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်ဖြင့်- ဒုက္ကဋ်။

(ခ) ဘိံသာပန သိက္ခာပုဒ်ဖြင့် - ဒုက္ကဋ်။

(ဂ) နစ္စဂီတ သိက္ခာပုဒ်ဖြင့် - ဒုက္ကဋ်။

(ဃ) န ဥပဋ္ဌာပန သိက္ခာပုဒ်ဖြင့်- သုဒ္ဓပါစိတ်။

(င) ဣတ္ထာလင်္ကာရ သိက္ခာပုဒ်ဖြင့်- သုဒ္ဓပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

❑ အောက်ဖော်ပြပါ ရဟန်းမများ သင့်ရောက်နိုင်သည့် အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် တွဲစပ်ဖော်ပြပါ။

(က) သေဒဏ်အပြစ်ပေးခံထားရသော ခိုးသူမကို ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးသော ရဟန်းမ။

(ခ) ဘိက္ခုနီမတစ်ယောက်နှင့် နှစ်ဦးသဘောတူ သင်္ကန်းလဲလှယ်ပြီး နောက်မှပြန်၍ လုယူသော ရဟန်းမ။

http://www.dhammadownload.com



(ဂ) ရေသနုပ်မပါဘဲ ရေချိုးသော ရဟန်းမ။

(ဃ) လော်ကားဥယျာဉ်သို့ လေ့လာရေးခရီး သွားရောက်ကြည့်ရှုသော ရဟန်းမ။

(င) ရဟန်းတစ်ပါးကို ဆဲရေးသော ရဟန်းမ။

(က) စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်အရ - သံဃာဒိသေသ်။

(ခ) စီဝရပရိဝတ္တနသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။

(ဂ) နဂ္ဂသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်။

(ဃ) ရာဇာဂါရသိက္ခာပုဒ်အရ- သုဒ္ဓပါစိတ်။

(င) ဘိက္ခုအက္ကောသနသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်။ (၁၃၆၄-ခု အလတ်တန်း)

- အောက်ပါရဟန်း၊ ရဟန်းမတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း။

(က) ဆွေမျိုးမတော်သော ဘိက္ခုနီအား သိုးမွေးဖြေရှင်းခိုင်းသော ရဟန်း။

(ခ) ဘိက္ခုနီတို့အား နေဝင်သည့်တိုင်အောင် ဩဝါဒပေးသော ရဟန်း။

http://www.dhammadownload.com



(ဂ) ကဲ့ရဲ့လိုစိတ်ဖြင့် သူတစ်ပါးသပိတ်ကို ကြည့်သော ရဟန်း။

(ဃ) ကြက်သွန်ဖြူစားသော ရဟန်းမ။

(င) ချည်ငင်သော ရဟန်းမ။

(က) ဧဠကလောမဓောဝါပနသိက္ခာပုဒ်ဖြင့် - နိဿဂ္ဂိပါစိတ်။

(ခ) အတ္ထင်္ဂတသိက္ခာပုဒ်ဖြင့် - ပါစိတ်။

(ဂ) ဥဇ္ဈာနသိက္ခာပုဒ်ဖြင့် - ဒုက္ကဋ်။

(ဃ) လသုဏသိက္ခာပုဒ်ဖြင့် - သုဒ္ဓပါစိတ်။

(င) သုတ္တကန္တနသိက္ခာပုဒ်ဖြင့်- သုဒ္ဓပါစိတ်။

(၁၃၆၄-ခု အလတ်တန်း)

❑ အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို ဖော်ပြခဲ့ပါ။

(က) စမ်းသပ်လို၍ လူကိုအဆိပ်ခတ်ကျွေးသော ရဟန်း။

(ခ) မိန်းမ၏ပိုစတာပုံကို သုံးသပ်သော ရဟန်း။

(ဂ) သင်္ကန်းရောင်ဝယ်သော ရဟန်း။

(ဃ) ပိုးပန်းလို၍ပေးသော မုန့်များကိုစားသော ရဟန်းမ။

http://www.dhammadownload.com



(င) စပါးစိမ်းကို တောင်းစားသော ရဟန်းမ။

(က) ထုလ္လစ္စဉ်းအပြစ်၊

(ခ) ဒုက္ကဋ်အပြစ်၊

(ဂ) နိဿဂ္ဂိပါစိတ်အပြစ်၊

(ဃ) သံဃာဒိသေသ်အပြစ်၊

(င) သုဒ္ဓပါစိတ်အပြစ်။

(၁၃၆၇-ခု အလတ်တန်း)

❑ အောက်ဖော်ပြပါ ဘိက္ခု၊ ဘိက္ခုနီမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြခဲ့ပါ။

(က) ငါးဖွဲ့မပြည့်သေးသော သပိတ်ဟောင်းရှိလျက် သပိတ်သစ်ကိုတောင်းသော ရဟန်း။

(ခ) ကျန်းမာသော ဘိက္ခုနီမအား ကျောင်းသို့ သွားရောက်၍ ဆုံးမသော ရဟန်း။

(ဂ) ဆင်စွယ်အပ်ကျည်ကို ပြုလုပ်စေသော ရဟန်း။

(ဃ) ယောက်ျားချိန်းချက်ရာအရပ်သို့ သွားသော ဘိက္ခုနီမ။

(င) ညှော်သည်အတွက် ထမင်းချက်သော ဘိက္ခုနီမ။

http://www.dhammadownload.com



(က) နိဿဂ္ဂိပါစိတ် - ဦနပဉ္စဗန္ဓန သိက္ခာပုဒ်။

(ခ) သုဒ္ဓပါစိတ် - ဘိက္ခုနုပဿယ သိက္ခာပုဒ်။

(ဂ) သုဒ္ဓပါစိတ် - သူစိဃရ သိက္ခာပုဒ်။

(ဃ) ထုလ္လစ္စည်း - အင်္ဂဇာတစ္ဆေဒက သိက္ခာပုဒ်။

(င) သုဒ္ဓပါစိတ် - ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်။

(၁၃၆၇-ခု အလတ်တန်း)

❑ **အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သောအာပတ်များကို သိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။**

**(က) သံဃာစည်းဝေးနေစဉ် ဆန္ဒမပေးဘဲ နေရာမှ ထပြန်သော ရဟန်း။**

**(ခ) မတ်တတ်ရပ်လျက် ကျင်ငယ်စွန့်သော ရဟန်း။**

**(ဂ) သူကြွယ်သားနှင့် စကားများရန်ဖြစ်သော ရဟန်းမ။**

**(ဃ) တရားနှင့်လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်သော ရဟန်းမ။**

**(င) ရဟန်းယောကျာ်းကို ဆဲရေးသော ရဟန်းမ။**

(က) သုဒ္ဓပါစိတ်အာပတ်- ဆန္ဒံ အဒတွာ ဂမန သိက္ခာပုဒ်။

http://www.dhammadownload.com



(ခ) ဒုက္ကဋ်အာပတ် – ဠိတောဉစ္စာရ သိက္ခာပုဒ်။

(ဂ) သံဃာဒိသေသ်အာပတ် – ဥဿယဝါဒိကာ သိက္ခာပုဒ်။

(ဃ) သုဒ္ဓပါစိတ်အာပတ် – ကထိနုဒ္ဓါရ သိက္ခာပုဒ်။

(၁၃၆၇–ခု အလတ်တန်း)

❑ **အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမိန်းမတို့အား အဘယ် သိက္ခာပုဒ်နှင့် အဘယ်အာပတ်များ သင့်ပါသနည်း။**

**(က) ရဟန်းတော်က ဆွမ်းဘုဉ်းပေးနေစဉ် ယပ်ခတ်ပေးသော ရဟန်းမ။**

**(ခ) ဗေဒင်ဟော၍ ဆေးကုသော ရဟန်း။**

**(ဂ) ရဟန်းတော်ရှေ့၌ မလျှောက်ကြားဘဲ ဝင်ထိုင်သော ရဟန်းမ။**

(က) ဥပတိဋ္ဌန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊

(ခ) ကုလဒူသက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊

(ဂ) အနာပုစ္ဆာ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် အာပတ်။ (၁၃၆၇–ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ဖော်ပြပါ ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်ကာ ဖြေဆိုခဲ့ပါ။

(က) မာတုဂါမကို မေထုန်နှင့်စပ်သော စကားကို ပြောဆိုသော ရဟန်း။

(ခ) အခါအခွင့်မဟုတ်ဘဲ အညာတိက ဒါယကာတို့ထံ သင်္ကန်းအလှူခံသော ရဟန်း။

(ဂ) ရဟန်းမစီရင်သောဆွမ်းကို ဘုဉ်းပေးသော ရဟန်း။

(ဃ) တစ်ယောက်တည်း ရွာတစ်ပါးသို့သွားသော ရဟန်းမ။

(င) လူဝတ်ကြောင်အား ခဲဖွယ်ဘောဇဉ်ပေးသော ရဟန်းမ။

(က) သံဃာဒိသေသ်အာပတ်၊ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်။

(ခ) နိဿဂ္ဂိပါစိတ်အာပတ်၊ အညာတကဝိညတ္တိ သိက္ခာပုဒ်။

(ဂ) သုဒ္ဓပါစိတ်အာပတ်၊ ပရိပါစိတ သိက္ခာပုဒ်။

(ဃ) သံဃာဒိသေသ်အာပတ်၊ ဂေဂါမန္တရဂမန သိက္ခာပုဒ်။

http://www.dhammadownload.com



(င) သုဒ္ဓပါစိတ်အာပတ်၊ ဘောဇနသိက္ခာပုဒ်။

(၁၃၆၇-ခု အလတ်တန်း)

❑ အောက်ပါရဟန်း၊ ရဟန်းမိန်းမတို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြခဲ့ပါ။

(က) ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို ဖုံးလွှမ်းသော ရဟန်း။

(ခ) ရဟန်းတစ်ပါးကို အမူလကသံဃာဒိသေသ် အာပတ်ဖြင့် စွပ်စွဲသော ရဟန်း။

(ဂ) တောင်ကြည့်မြောက်ကြည့်ကြည့်၍ ဆွမ်းစားသော ရဟန်း။

(ဃ) ဆွမ်းဘုဉ်းပေးနေသော ရဟန်းအား ယပ်ခပ်ပေးသော ရဟန်းမ။

(င) ရင်ကို ထု၍ထု၍ ငိုသောရဟန်းမ။

(က) ဒုဋ္ဌုလ္လသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(ခ) အမူလကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(ဂ) ပတ္တသညီဘုဉ္ဇန သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

(ဃ) ဥပတိဋ္ဌန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(င) ရောဒန သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

(၁၃၆၇-ခု အလတ်တန်း)

http://www.dhammadownload.com



❑ အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သော အာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

(က) သာယာသောစိတ်ဖြင့် တို့ထိလျက် မာတုဂါမအား လက္ခဏာကြည့်ပေးသော ရဟန်း။

(ခ) လင်မယားနှစ်ယောက်ရှိသော အိမ်အတွင်းသို့ ဝင်၍နေသော ရဟန်း။

